www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

*လိပ်ပြာဆုံရပ်*

စာမူခွင့်ပြုချက်အမှတ်
၅၀၀၈၃၆၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၉၁၈၀၇၀၉

၂၀၁၀ ခုနှစ်၊ မေလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ (၁၉)လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSETT
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

၈၉၅.၈၃

တက္ကသိုလ်တင်မြင့်
လိပ်ပြာဆုံရပ်/တက္ကသိုလ်တင်မြင့်၊ -ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၈၈-စာ၊ ၁၂×၁၈ စင်တီ။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။


## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com







စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# တက္ကသိုလ်တင်မြင့်



# လိပ်ပြာဆံ့ရှင်

www.burmeseclassic.com





# အပိုင်း (၁)

www.burmeseclassic.com









## အခန်း(၂)

အရာအားလုံးသည် မနေ့တစ်နေ့ကလိုပဲလားဟု သူ ထင်လိုက်မိသည်။ ခြေလှမ်းများဆုံရပ်သွားသည်။ မျက်စိအကြည့်တို့ ရပ်သွားမိပါလေ၏။

သူတင်ပဲလားဟုတော့ မထင်လိုက်ပါလေနှင့်။

သူနှင့်တည့်တည့်တိုးနေမိသည့် အမျိုးသမီးသည် လည်း ခြေလှမ်းများဆုံရပ်နေခဲ့သည်။

သူလိုပင် အကြည့်တို့ရပ်နေခဲ့ပါ၏။

ဆုံမှတ်သည် တစ်ထပ်တည်းကျနေခဲ့သည်။

သူတို့နှစ်ဦး ကျောက်ဆစ်ရုပ်တွေလို ဖြစ်နေခဲ့မိပါ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..."

ဟုသော အာမေဍိတ်သံကို သူပြုလိုက်မိပါ၏။

"အယ် ..."

သူလိုပင် တစ်ဘက်အမျိုးသမီးကလည်း အာမေဍိတ်သံထွက်လာခဲ့သည်။ ကြက်သွေးရောင်ဘောကိ(စ်)ဝက်ဂွန်းကားကိုမှီ၍ သူ၏ရပ်နေရာမှ ရှေ့ခြေတစ်လှမ်းအတိုးတွင် ရပ်ဆိုင်းလိုက်ရခြင်းပဲဖြစ်သည်။

ပျင်းရိငြီးငွေ့ဖွယ်ဟူသော အတွေးများ သူ့ခေါင်းထဲမှာ လွင့်ပြယ်သွားခဲ့သည်။ ရုတ်တရက် ဖြစ်ပေါ်လာခဲ့သော အခြေအနေကို သူပြန်လည်တွေးမိလိုက်ပြန်၏။

သူ ရပ်ထားသော ဘောက်(စ်)ဝက်ဂွန်းလေးရှေ့တွင် အဝါမျဉ်းတန်းလေးနှစ်ကွက်ခန့် နေရာလွတ်နေသည်။

အဝါမျဉ်းတန်းလေးတစ်ကွက်တွင် ကားတစ်စီးရပ်ရန် သတ်မှတ်ပေးထားသောကြောင့် နောက်ထပ် ကားနှစ်စီးရပ်နိုင်သေးသည်ဟူ၍ ကွက်လပ်လေးနှစ်ခုက ဖော်ပြထားခြင်းပဲဖြစ်သည်။

ထိုစဉ်မှာပင် ...





www.burmeseclassic.com



ခန့်ညားထည်ဝါသော ကားအနက်ကြီးတစ်စင်းက သူ့ရှေ့မျဉ်းဝါကွက်လပ်တစ်နေရာတွင် ငြိမ့်ငြိမ့်လေး ထိုးဆိုက်ပြီး နေရာယူလိုက်သည်။

သူသည် ဘာရယ်မဟုတ်၊ နဂိုကတည်းက မော်တော်ကားကောင်း မော်တော်ကားသစ်များကို စိတ်ဝင်စားတတ်ပါ၏။

ထို့ကြောင့်ပင် လှပထည်ဝါလွန်းသော ကားသစ်ကြီးကို လှမ်းကြည့်ဖြစ်ခဲ့၏။

နောက်ဆုံးပေါ် မာစီဒီး အမျိုးအစားဖြစ်ပါ၏။

ကားမှန်ဟူသရွေ့သည် အပြင်ကလှမ်းကြည့်လျှင် အတွင်းသို့ ရုတ်တရက် မမြင်နိုင်အောင် နေကာမျက်မှန်လို မီးခိုးရောင် မှိုင်းမှိုင်းမှန်မျိုးတွေဖြစ်သည်။

မာစီးဒီးကား၏ တံခါးတစ်ပေါက်ပွင့်လာပြီး အမျိုးသမီးတစ်ဦးဆင်းလာခဲ့သည်။

အမျိုးသမီး၏အသက်ကို လေးဆယ်ပင်မပြည့်ဘတ်သေးဟု ခန့်မှန်းနိုင်လောက်သည်။

အဝါခံပေါ်တွင် ရွှေမျှင်ချိတ်ကလေးတွေ ဒီဇိုက်ရက်



www.burmeseclassic.com

www.burmeseclassic.com



ထားသော ချိတ်ထဘီကို ဝတ်ဆင်ထားသည်။

အင်္ကျီမှာ ပျော့အိသော ပိုးသားဆန်ဆန်ဖြူဆွတ်ဆွတ်ရင်ဖုံးလက်ရှည်ပဲဖြစ်သည်။ မြန်မာဆန်လွန်းသောအင်္ကျီပဲ ဆိုရပါမည်။ ဖြူဝင်းသော အသားအရေဟု ပြောရမည်ထက် အသားအရောင်က အဝါဘက်သို့လုသည်။ ကိုယ်လုံးကိုယ်ထည်တုတ်နိုင်သည်ဟုပြောရသော်လည်း ဆိုရလောက်အောင် မဟုတ်၍ကြည့်ကောင်းသည်။

ခန့်ညားသော ကိုယ်လုံးအထည်ပင်။

ဆံပင်ကို ရိုးစင်းစွာပဲ နောက်တွဲတစ်ပတ်လျှိုထုံးထားခဲ့သည်။

ရိုးရိုးယဉ်ယဉ်လေးလှနေသော အမျိုးသမီးပဲဖြစ်ပါလေ၏။

ကားပေါ်မှဆင်းပြီး ခြေလှမ်းစဉ်မှာပင် သူနှင့်အမှတ်မထင် မျက်နှာချင်းဆိုင်လိုက်မိကြသည်။

သူ့ခြေလှမ်း၊ သူ့အကြည့်တွေ ရပ်သွားခဲ့သည်။

ဒီလိုပဲ အမျိုးသမီး၏လှမ်းဆဲခြေလှမ်းတွေရယ်၊ အကြည့်တွေရပ်သွားခဲ့၏။





သူ့အကြည့်နှင့် အမျိုးသမီး၏အကြည့်တို့ ဆုံသွားခဲ့ကြသည့်နောက်ပိုင်း ‘ဪ’ ‘အယ်’ ဆိုသည့် အာမေဍိတ်သံတွေ ဖြစ်ပွားသွားရခြင်းပဲဖြစ်ပါလေ၏။

“မညို ...”

အမျိုးသား၏နှုတ်ဖျားက လွှတ်ခနဲ နာမည်နှစ်လုံးထွက်လာပြီးမှ သူ၏နှုတ်ကိုပိတ်ကာ အသံကိုရပ်လိုက်ခဲ့ပြီး ပြုံးလိုက်သည်။

အမျိုးသား၏မျက်ဝန်းတွင် အံ့ဩရိပ်များပြည့်နေခဲ့သည်။ အပြုံး သူ့အပြုံးက အဓိပ္ပာယ်တစ်မျိုးပင်ဖြစ်ပါလေ၏။

အမျိုးသား၏အပြုံးကို အမျိုးသမီးက ငေးကြည့်နေခဲ့သည်။ အမျိုးသား၏ပြုံးလေသောအခါ ထူထဲသောနှုတ်ခမ်းအစုံပွင့်လာပြီး ဖြူဖွေးတောက်ပသော သွားဖြူတန်းတစ်ဖက်တစ်ချက်တို့တွင် သွားစွယ်လေးတစ်ချောင်းစီသည် ပြူးလိုက်သည်နှင့် ထင်းခနဲပေါ်လာသည်ကို အမျိုးသမီးကြီးသည် ငေးကြည့်နေမိခြင်းပဲဖြစ်ပါလေ၏။

“ကိုမောင် ...”

ဟု အမျိုးသမီး၏ရင်ထဲမှ အသံမထွက်ဘဲနှုတ်လုံးခုန်



www.burmeseclassic.com

www.burmeseclassic.com



သံနှင့်အတူ ရွတ်လိုက်မိသည်။

"ဟင်း ... ဟင်း ... ဒေါ်ညိုညိုလွင် ဟုတ်ပါတယ်နော်"

တစ်ခဏတော့ သူမ ငေးကြည့်နေမိသေးသည်။

ပြီးတော့မှ ရိုစေ့စွာကြည့်ပြီး ပြောပါလေ၏။

"သိပ်ဟုတ်တာပေါ့ ဒေါ်ညိုညိုလွင်ပါ ... အဲ ... အဲဒီက

ဦး ... ဦးမင်းမောင်ပါနော် ..."

"ကျွန်တော့်နာမည် ... ဘယ်တုန်းကမှ မပြောင်းလဲခဲ့ပါဘူး၊

ငယ်ငယ်ကတည်းက မင်းမောင်ဟာ ခုထက်ထိလည်း

မင်းမောင်ပါပဲ ... အိုဗျာ ... နောက်လည်း မင်းမောင်ပါပဲ"

ဦးမင်းမောင်ဆိုသော အမျိုးသားက ဒေါ်ညိုညိုလွင်

ဆိုသော အမျိုးသမီးရပ်နေရာသို့ တစ်လှမ်းချင်းလျှောက်လိုက်

သည်။

အမျိုးသမီးက အမျိုးသားကို မမှိတ်မသုန်မျက်ဝန်း

အကြည့်ဖြင့် ကြည့်နေဆဲဖြစ်ပါလေသည်။

ပြောလိုက်သောစကားထဲတွင်ပါလာသော စကား

လုံးများကို သူမရင်ထဲအထပ်ထပ်ရေရွတ်နေမိတော့သည်။

ငယ်ငယ်ကတည်းက မင်းမောင်ဟာ ခုထက်ထိ





လည်းမင်းမောင်ပါပဲ ... အိုဗျာ ... နောက်လည်း မင်းမောင်

ပါပဲဆိုသည့် စကားပင်ဖြစ်ပါလေ၏။

ဒေါ်ညိုညိုလွင်၏ ငယ်နာမည်မှာ "ညိုညို"ဟူ၍သာ

ဖြစ်ခဲ့သည်။ သို့တစေ "မောင်မောင်လွင်"ဆိုသူတစ်ဦးနှင့်လက်ထပ်

ခဲ့ပြီးသည့်နောက်မှစ၍ သူမ၏နာမည်ကို "ညိုညိုလွင်"ဟူ၍ တွင်စေ

ခဲ့ခြင်းဖြစ်သည်။

ဤအချက်ကိုပင် ရည်ညွှန်းကာ အမျိုးသားကပြော

လိုက်လေခြင်းပေလားဟု အမျိုးသမီးသည် တွေးနေမိလိုက်ပါ၏။

အမျိုးသား၏စကားသံကြောင့် သူမအတွေးများ

ပြတ်တောက်သွားခဲ့ရပြန်၏။

ဦးမင်းမောင်က ပြုံးသည်။ အပြုံးသည် မထိတရိ

အပြုံးမျိုးမဟုတ်။ မျှော်လင့်ခြင်း၊ တောင့်တခြင်းမည်သော အပြုံးမျိုး

လည်းမဟုတ်။

တစ်စုံတစ်ခုကို သတိတရရှိ၍ ဖျွေးဖျွေးမြည့်မြည့်

လှမ်း၍ပြုံးသောအပြုံးမျိုးပဲဖြစ်ပါ၏။

ပြီးတော့မှ သူပြောချင်သောစကားကို ပြောသော့

သည်။



www.burmeseclassic.com

www.burmeseclassic.com



"တိတိကျကျ ပြောရမယ်ဆိုရင် ... ဒေါ်ညိုညိုလွင်နဲ့ ကျွန်တော်ကွဲသွားတာ ဒီနေ့ထိဆိုရင် နှစ်ပေါင်းနှစ်ဆယ်၊ လေးလနဲ့ခြောက်ရက်ရှိပြီဒေါ်ညိုညိုလွင်"

"ဟယ် ..."

ဟု ဒေါ်ညိုညိုလွင်၏ရင်ထဲမှာ ထပ်ဆင့်အာမေဍိတ်ပြုမိပြန်၏။ ဦးမင်းမောင် ပြောပုံမှာ နှစ်ပိုင်း၊ လပိုင်း၊ ရက်စွန်းအထိ တိကျလွန်းနေသောကြောင့်ပင် ဖြစ်ပါလေ၏။

ဒေါ်ညိုညိုလွင်အနေနှင့် ကွဲကွာခဲ့ရသောနေ့ရက်များကို အမှတ်အသားပြုထားသည့် ဒိုင်ယာရီဟောင်းကို အိမ်ကျမှ ပြန်လည်ရှာဖွေကြည့်ရှုကာ ဦးမင်းမောင်ပါးစပ်မှ ရွတ်ပြသည့်အတိုင်း ဟုတ်မဟုတ် စာအုပ်တစ်အုပ်ထဲတွင် ရေးသားတွက်ချက်ကြည့်ရပါဦးမည်။

ဟုတ်မှဟုတ်ပါလေမည်လား ဟူ၍တော့ သူမရင်ထဲမှာ သံသယတော့မရှိသည်မှာ သေချာနေပါ၏။

ထိုစဉ်မှာပင် မာစီးဒီး၏ရှိုင်းဘာခန်းဘက်မှ တံခါးပိတ်သံမှန်တင်သံ၊ ဖိသွားခတ်သံတွေ ထွက်ပေါ်လာပြီးနောက် ...

"မာမီ ကားသော့ယူထားလေ ... သားဗိုလ်ချုပ်ဈေးထဲက





မိတ်ဆွေတစ်ယောက်ဆီ ခဏသွားမယ် ... မာမီအလှပြင်ပြီးလောက်တဲ့အချိန်ကိုမှန်းပြီး သားပြန်လာမယ်"

ဦးမင်းမောင်သည် ဒေါ်ညိုညိုလွင်အား ပြောနေခဲ့သည့် လူငယ်ကို အသေအချာပဲ ကြည့်လေမိ၏။

ရှိလှပါမှ အလွန်ဆုံး(၂၀)မပြည့်တပြည့်သာရှိမည်။ ချာတိတ်သည် မအေတူသားပဲဖြစ်နိုင်ပါလေ၏။ လူချော လူလှလေးတစ်ယောက်ဖြစ်သည်။ ခါးမတ်မတ်ရသော ဂျင်းဘောင်းဘီ အမျိုးအစား ဘောင်းဘီရှည်ကိုဝတ်ဆင်ထားပါ၏။

မိုးပြာရောင် ဖျော့အိန္နည်းသော စပို့ရှပ်ကို သူဝတ်ထား၏။ ဆံပင်လေးက ရှည်ရှည်ပင်ဖြစ်၏။

သူ့ခေတ်နှင့်သူ့ကာလ ဆံရှည်ထားကြသည်ဆိုသော်လည်း ဒေါ်ညိုညိုလွင်၏သား ဆံပင်ရှည်ပုံလေးက ကြည့်၍ကောင်းလှပါ၏။ များသောအားဖြင့် ဆံရှည်ကိုယ်တော်တို့၏ဆံပင်များမှာ ကြွင်ကြွင်ဖြင့် အချို့ကရှိနေတတ်သည်။ အချို့ဆံရှည်များက မဖြီးဆင် ခါးလယ်လောက်အထိရှည်လျားတတ်ကြသည်။ ဖရိုဖရဲရှိတတ်ကြသည်။

ဤချာတိတ်၏ဆံပင်ရှည်မှာမူ မဲနက်နေခဲ့ပြီး လှိုင်း



www.burmeseclassic.com

www.burmeseclassic.com



အိကလေးများတွန့်နေသည့်နှယ်ဖြစ်ကာ ခါးလည်း ကျောလည်းကျ ရောက်အောင် ရှည်လျားသည်မဟုတ်ပေ။

ခန္ဓာထည်ကာ ရုပ်ရည်နှင့်လိုက်ဖက်လွန်းလှသည့် ဆံပင်ဖြစ်ပါ၏။ မြို့၍ပြောရလျှင် ဒေါ်ညိုညိုလွင်၏သားသည် ဒေါ်ညိုညိုလွင်၏သားဖြစ်သောကြောင့် အသွေးတမွေးလူချော လှလှလေးတစ်ယောက်ဟု ဆိုရမည်ဖြစ်သည်။

"ဪ ... ကိုမင်းမောင် ဒါမညိုရဲ့ ... အဲ ... ကျွန်မရဲ့သား လေးနာမည်က စောညိုလွင်တဲ့ တက္ကသိုလ်ရောက်နေပြီ လေ ... ဟဲ့ ... သား ဒီအန်ကယ်(လ်)က ဦးမင်းမောင်တဲ့ မာမီရဲ့ငယ်သူငယ်ချင်းလေ၊ ကွဲသွားကြတာ အနှစ်နှစ်ဆယ် ကျော်ပြီ ခုမှမမျှော်လင့်ဘဲ လာတွေ့တာ ..."

"တွေ့ရတာ ဝမ်းသာပါတယ်အန်ကယ်(လ်)"

"အေး ... အန်ကယ်(လ်)ကလည်း ဝမ်းသာတာပဲ မောင် စောညိုလွင် ... ဟင်း ဟင်း မောင်စောညိုလွင်တို့က "လွင်"မျိုးတွေကိုးကွ ..."

ချာတိတ် စောညိုလွင်ကလည်း ဦးမင်းမောင်ရယ် သလို လိုက်၍ရယ်သံမျှင်းမျှင်းပြုကာ လိုက်ရယ်ခဲ့ပါ၏။





ဒီတစ်ခုကတော့ ဦးမင်းမောင်တွင် ငယ်စဉ်က တည်းက ရှိခဲ့ခြင်းဖြစ်ပါ၏။ မျက်နှာပွင့်လေသည်ဟုပဲ ပြောရလေ သည်။

ဦးမင်းမောင် ငယ်ကတည်းက မျက်နှာပွင့်ခဲ့သည်။

သူ့ကိုမြင်လျှင် ကျက်သရေရှိသည်ဟုပဲ ပြောရမည် လားမသိပေ။

ဦးမင်းမောင်၏ ထူထဲသော နှုတ်ခမ်းစုံဖွင့်၍ သွား ဖြူတန်းနှင့် သွားစွယ်နှစ်ချောင်းပေါ်အောင် ရယ်လိုက်ပြီဆိုလျှင် မျက်နှာချင်းဆိုင်နှင့် ပတ်ဝန်းကျင်လူများက အလိုလိုပင် ဦးမင်း မောင်ကိုကြည့်၍ ကြည်နူးစွာလိုက်၍ရယ်လေ့ရှိကြသည်။

"သိပါဘူး အန်ကယ်(လ်)ရာ ... မာမီတို့ ဒက်ဒီတို့မှည့်ထား တဲ့နာမည်ပဲ ... ညိုဆိုတာက မာမီ့ဆီကတစ်လုံး၊ လွင်ဆိုတာ က ဒက်ဒီ့ဆီကတစ်လုံး ယူထားတာပါ ... ကျွန်တော် ကိုယ်တိုင်ဆိုရင် စောတစ်လုံးပဲပါပါတယ်၊ ဒါနဲ့ ကျွန်တော့် နာမည်စောညိုလွင်ဖြစ်သွားတာပါ။ ဒီနာမည်ကို ကျွန်တော် လည်း မကြိုက်ပါဘူး ... စာရေးဆရာရဲ့နာမည်လိုလို ဇာတ် မင်းသားရဲ့နာမည်လိုလိုနဲ့ မာမီတို့မှည့်ထားလို့သာ"



www.burmeseclassic.com

www.burmeseclassic.com



စောညိုလွင်၏စကားအဆုံးတွင် ဦးမင်းမောင်ရော ဒေါ်ညိုညိုလွင်ပါ နှစ်ခြိုက်စွာ ရယ်မောလိုက်မိကြပါ၏။

စောညိုလွင်သည် မဆိုးလှ၊ လူကြီးတွေနှင့် အလိုက်သင့်ဖိုက်လျော့ညီထွေပြောတတ်ဆိုတတ်သည်။

လူငယ်တစ်ဦးဖြစ်ပေမဲ့ ရိုင်းစိုင်းမောက်မာသော အမူအကျင့်တစ်စက်ကလေးမျှမတွေ့ရပေ။

အမှန်တော့ ဦးမင်းမောင်ပြောလိုက်သော "မင်းတို့က ပျှင်မျိုးတွေကိုးကွ"ဟူသော စကားမှာ ခပ်ထေ့ထေ့သရော်သံပါနေခဲ့သည်။

အတယ်၍သာ စောညိုလွင်သည် ရိုင်းစိုင်းမောက်မာသောလူငယ်လေးတစ်ဦးဖြစ်လျှင် ဦးမင်းမောင်နှင့် စကာတည်းက ပဲ့သကိုဆိုသည့်အချိုးမျိုးဖြစ်ပေတော့မည်။

"ကျုပ်တို့ဘာသာ လွင်မျိုးတွေဖြစ်တော့ကော ခင်ဗျား အပူလား ..."

ဟု ပက်ခနဲမေးလာခဲ့လျှင် တော်တော်မကျေမချမ်းဖွယ်ရေး ဖြစ်သွားနိုင်သည်။ ဒါကို စောညိုလွင် အလွယ်တကူဖြေဖျောက်နဲ့ သသည်လား၊ အတိမ်အနက်မတွေးဘဲနေသည်လား





တော့ မဆိုနိုင်ပေ။

စောညိုလွင်ကပင် ဦးမင်းမောင်ကို နူးညံ့သော်စိတ်သဘောထားလေးနှင့် အရယ်အရွှန်းဖောက်ကာ ပြောလိုက်ပါသေးသည်။

"ဖေဖေ ကြည့်စမ်းပါဦး ... မြနွာညိုလှရဲ့လားလို့"

သုံးဦးသား ရယ်မောနေကြစဉ်၊ အမှတ်တမဲ့ဖြစ်နေချိန်တွင် ဦးမင်းမောင်နောက်ပါးမှ အသံစီစီလွင်လွင်ကလေးနှင့် မေးလိုက်သံလေး ထွက်လာခဲ့သည်။ အားလုံး လှည့်ကြည့်ဖြစ်ကြတော့သည်။

"ဟား ... လှမှလှပါလား ... သမီးသိပ်လှနေပါလား ... တကယ့်ကို ဖေဖေ့သမီးလေးလှလိုက်တာ ..."

ဦးမင်းမောင် အပိုပြောခြင်းမဟုတ် ...၊ ပါးစပ်အဟောင်းသားဖြစ်သွားကြသော ဒေါ်ညိုညိုလွင်နှင့် စောညိုလွင်တို့အဖြစ်ကိုကြည့်လျှင် သိနိုင်ပါလေ၏။

မြနွာညိုသည် ဆယ်ကျော်သက်မလေးဖြစ်ပါသည်။

နုနုဖပ်ဖပ်မျက်နှာကလေးကို ကြည့်လိုက်လျှင် ... အသက်(၁၆)နှစ်ဟုပြောလျှင် ယုံလောက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အရုပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်လေးကျ တော့ (၁၆)နှစ်ပါဟုပြောလျှင် ယုံတော့မည်မဟုတ်။

ကျိန်တွယ်ပြောရတော့မည်။ အငြင်းအခုံလေးတွေ ဖြစ်နိုင်ပါ၏။

ဦးမင်းမောင်၏ဇနီး၊ မြခွာညို၏မိခင်ကို ဒေါ်ညိုညို လွင် ဟစ်ကြိမ်တစ်ခါမျှ မမြင်ဘူးခဲ့ပေ။

သို့တစေ မြခွာညိုတည်းဟူသော ကလေးမ၏ အမေ ည် မျက်ခုံးမျက်လုံး နှာတန်အလွန်လှသော အမျိုးသမီးတစ် ဦးဖြစ် ည်ဟုတော့ မြခွာညိုကိုမြင်ရုံမျှဖြင့် ဒေါ်ညိုညိုလွင်ခန့်မှန်း နိုင်ပါ ၏။

အကြောင်းမူ မြခွာညို၏မျက်နှာလေးတွင် ဦးမင်း မောင်၏ခလှအပ၊ ခန့်ညားခြင်းတည်းသော အရိပ်အယောင်ပင် တစ်စ လေးမျှမတွေ့ရ။ ကြွံနိုင်သောခန္ဓာနှင့်အရုပ်အမောင်း၊ ခြေတံ တ်တို့သာ အမွေခံအဖြစ် တွေ့ရပါ၏။

ခြုံ၍ပြောရလျှင် မြခွာညို လှချင်တိုင်းလှနေခြင်း၊ မျက်နှာနှ အသားအရေ စိုပြည်မှုတို့မှာ မိခင်၏အမွေဖြစ်ပြီး ခန္ဓာ





ကိုယ် ဖွံ့ဖွံ့ထွားထွား စိုစိုပို့ပို့မို့မို့ထည်ထည်လေးဖြစ်နေရခြင်းမှာ ဖခင်ဦးမင်းမောင်၏အမွေပဲဖြစ်ပါလေသည်။

"အဲဒါ ... ကျွန်တော့်သမီး မြခွာညိုလေ ... သူလည်း တက္ကသိုလ်ရောက်နေပါပြီ ... "

"သြော် ... မြခွာညို ဟောဒါ ဒေါ်ညိုညိုလွင်တဲ့ မေမေ့ရဲ့ ငယ်သူငယ်ချင်းပဲဆိုပါတော့ ... "

"ငယ်သူငယ်ချင်းပဲ"ဆိုပါတော့ ဆိုသည့် ဦးမင်း မောင်၏စကားကို ဒေါ်ညိုညိုလွင်၏ရင်ထဲမှာ တန်ပြန်ကျိတ်၍ရေ ရွတ်လိုက်မိပြန်သည်။ "ငယ်သူငယ်ချင်း"တဲ့လေ။

"အဲ ... ဟောဒီမောင်စောညိုလွင်ကတော့ ဒေါ်ညိုညိုလွင် ရဲ့သား သူလည်းတက္ကသိုလ်တက်နေပြီလို့ ပြောတယ် မြခွာ ညို ... ဘယ်တက္ကသိုလ်လည်းတော့ ဖေဖေမသိဘူး"

ဦးမင်းမောင်က လူငယ်နှစ်ဦးကိုတစ်ဦးနှင့်တစ်ဦး မိတ်ဆက်၍ပေးလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် လူခြင်းဆုံမိလျှင် သူယဉ်ကျေးမှုဆိုသည်က ရှိနေသည်မဟုတ်လား။

"မမြခွာညိုနဲ့ အတူတူပါ အန်ကယ်(လ်) ... စီးပွားရေးမှာပါ မမြခွာညိုက ဒီနှစ်မှရောက်လာပေမဲ့ စီးပွားရေးရဲ့ကျောင်းလေ



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်(လ်)ဘယ်မသိဘဲရှိပါ့မလဲ ... ”

တက္ကသိုလ်ကျောင်းတွင် မေဂျာတစ်ခု၌သို့ Queen (ကွင်း) အဖြစ် ကျောင်းသူ၊ ကျောင်းသားတွေ၏ နှုတ်ဖျားမှ တညီတညွတ်တည်းပေးအပ်လေ့ရှိကြသည်။ အစဉ်အလာတစ်ခုပဲ ဖြစ်နေပါလေ၏။

အလှဘုရင်မကေရီမလေးဟူ၍ပဲ ဆိုကြပါစို့။

ကျောင်းသူအများအပြားထဲတွင် အလှဆုံးဟု အဆုံးအဖြတ်ပေးကာ ဘုရင်မဘွဲ့ပေးခြင်းဖြစ်ပါ၏။

“ဒါဆို ... မောင်စောညိုလွင်ကလည်း မြခွာညိုနဲ့သိနေကြပြီပေါ့ဟုတ်လား ... အန်ကယ်(လ်)ကမသိဘူးမှတ်လို့ပါ”

ဦးမင်းမောင်က စောညိုလွင်အား ကြည့်၍ပြောလိုက်၏။ စောညိုလွင်မှ ပြုံးရိပ်သမ်းသောအကြည့်ဖြင့်ကြည့်လိုက်ပါ၏။

“မသိပါဘူး အန်ကယ်(လ်) ... အလှဘုရင်မ အလှကေရီအဖြစ် ပြောကြလွန်းလို့ ... မမြခွာညိုကို မြင်ဖူးအောင် ကျွန်တော်လိုက်ကြည့်ဖူးတာပါ မြင်ဖူးရုံပေါ့ ... ”

စောညိုလွင်က မြခွာညိုအား မျက်တောင်မခတ်





ကြည့်နေရင်းမှ ဦးမင်းမောင်ကို ပြောနေခြင်းပင်ဖြစ်ပါ၏။

မြခွာညိုက စောညိုလွင်ကိုမကြည့်။ ဒေါ်ညိုညိုလွင်ဆီသို့ကြည့်ရင်း ...

“အဲဒီလိုမြင်ဖူးအောင်လိုက်ကြည့်တဲ့အထဲမှာ ရှင်အကဲဆုံး မဟုတ်လား ... ”

ဟု မြခွာညို၏စိတ်ထဲမှ ပြန်၍ မေးခွန်းထုတ်လိုက်မိသေးသည်။

“အေး ... ဒါဆိုလည်း အထူးမိတ်ဆက်ပေးဖို့တောင်မလိုဘူးပေါ့ကွယ် ... မိချင်းလည်း ငယ်သူငယ်ချင်း ... မင်းတို့ကလည်း တစ်ကျောင်းထဲတက်နေကြသူတွေပဲလေ၊ မဟုတ်ဘူးလား ဒေါ်ညိုညိုလွင် ... ”

ဦးမင်းမောင် ရုတ်တရက်ပင် ပြောခဲ့သော်လည်း ဒေါ်ညိုညိုလွင် မကြားမိလိုက်ပေ။

ဒေါ်ညိုညိုလွင်၏မျက်ဝန်းများက ရီဝေစွာဖြင့် မြခွာညိုအား ငေးကြည့်နေမိသော်လည်း အတွင်းစိတ်အာရုံတွေက အခြားသို့ပျံ့လွင့်နေသောကြောင့်ပင် ဖြစ်ပါလေ၏။

“ဟောဗျ ... မာမီဘာငိုင်နေတာလဲ၊ ဟိုမှာ အန်ကယ်(လ်)



www.burmeseclassic.com

www.burmeseclassic.com



ခေးနေတယ်လေ ... ”

ဒေါ်ညိုညိုလွင် အတွေးကျွံနေခြင်းမှ ရုန်းထွက်လိုက်သည်ပါ၏။

“ဩော် ... ဟုတ်လား ... မာ့မီကို ဘာမေးလို့လဲသား၊ ဟင်းဟင်း မာမီဗာကယ့်ကိုမကြားလိုက်မိလို့ပါ ... ”

“ဩော် ... ဒေါ်ညိုညိုလွင်ရယ် မတ်တတ်ရပ် စကားလက်ဆုံကျရင်း စိတ်တွေက ဘယ်ရောက်သွားပါလိမ့်၊ ကျွန်တော်ပြောတာနဲ့ ဒီကလည်း ငယ်သူငယ်ချင်းတွေ၊ ဟောဒီမောင်စောညိုလွင်နဲ့သမီးမြခ္ခာညိုကလည်း စီးပွားရေးကျောင်းသူကျောင်းသားအချင်းချင်းမို့ မိတ်ဆက်ပေးဖို့တောင် မလိုတော့ပါလားလို့ ပြောနေတာပါ ... ”

ဒေါ်ညိုညိုလွင်က ပြုံးရင်းခေါင်းညိတ်ပြလိုက်ရပါ၏။ မြခ္ခာညိုသည် သူမအဖေကို အံ့ဩသောအကြည့်မျိုးဖြင့် ကြည့်မိပါလေသည်။

အဖေသည် သာမန်အားဖြင့် စကားအလွန်နည်းလှသည်။ မိတ်ဆွေအပေါင်းအသင်းကြုံလျှင်သော်မှ လိုအပ်သောစကားကိုပဲ တိုရှင်းလိုရင်းကိုပဲ ပြောသည်။





ထို့ထက်မှာမူ သမီးမြခ္ခာညိုနှင့် ပတ်သက်လာလျှင် ဘယ်သူ့ကိုမှ စကားစပ်မခံ၊ အထူးသဖြင့် လူငယ်ယောက်ျားပျိုလေးများနှင့်ဆိုလျှင် ဖေဖေသည် ဘယ်သောအခါမှ အရောမဝင်တတ်၊ မျက်နှာသာမပေးတတ်။ ဝေးကွာစွာပဲ နေလေ့ရှိသည်။

ယခုမူ စောညိုလွင်ကို ဖေဖေအရောတဝင်ရှိနေလွန်းနေသည်။ ဘာကြောင့်များပါလိမ့်မလဲ။

“ဟင်း ... ဟင်း ... ကျွန်တော့်သမီး အလှပြင်လာတာကြည့်ပါဦး ဒေါ်ညိုညိုလွင် ... ဟိုအပေါ်ထပ်ကအလှပြင်ဆိုင်မှာလာပြင်တာကို ကျွန်တော်ကစောင့်ပေးရတာလေ၊ သမီးကလှရဲ့လား ဒေါ်ညိုညိုလွင် ... ”

ဗိုလ်ချုပ်ဈေး၏မြောက်ဘက်တန်းနှစ်ထပ်တိုက်တန်းရှည်ကြီးအပေါ်ထပ်တွင် အလှပြင်ဆိုင်များရှိပေသည်။ မျက်နှာ၏အလှ၊ ဆံပင်၏အလှတို့ ပြင်ပေးပါ၏။

“လှတယ် ဦးမင်းမောင် ... မြခ္ခာညို တကယ့်ကိုလှတာပါပဲ၊ ကျွန်မတောင် စဉ်းစားနေမိသေးတယ်၊ မြခ္ခာညို ဒီလောက်လှတာ မြခ္ခာညိုရဲ့မေမေဟာ အင်မတန်ချောတဲ့ အမျိုးသမီးတစ်ယောက်ဖြစ်ရမယ်လို့တွေးမိစဉ်းစားမိတာပါ ... မြခ္ခာရဲ့



www.burmeseclassic.com

www.burmeseclassic.com



မေမေက သိပ်ချောတော့ အဲဒီအချောအလှတွေကို မြခွာညို လှချင်တိုင်းလှရအောင် အမွေရလိုက်သလားလို့ပေါ့”

ဦးမင်းမောင်သည် ဒေါ်ညိုညိုလွင်ကို မျက်မှောင်ကြုံ့၍ကြည့်လိုက်မိသည်။

ပြီးတော့ ဦးမင်းမောင်နှုတ်မှ လွှတ်ခနဲပြောမိပါလေတော့သည်။

“အား ... ဒါဆိုရင် ကျွန်တော်နဲ့တူရင် သမီးဟာလှမှာမဟုတ်ဘူးလို့ ဆိုလိုတာလား ... အခုထက်ထိ ဒေါ်ညိုညိုလွင် မျက်စိထဲမှာ ကျွန်တော်ဟာ အရုပ်ဆိုးတုန်းပဲလားဗျာ”

ဒေါ်ညိုညိုလွင်သည် ဦးမင်းမောင်လွှတ်ခနဲပြောလိုက်သောစကားကြောင့် သားတော်မောင် စောညိုလွင်အား ဖျတ်ခနဲလှည့်ကြည့်မိလိုက်သည်။ တော်ပါသေး၏။

သားလေးစောညိုလွင်သည် ဦးမင်းမောင်အပေါ် အာရုံမရှိ။

သိပ်လှလွန်းနေသော မြခွာညိုအား နိုးကြောင်နိုးဇွက် စိုက်ကြည့်နေခိုက်နှင့် ကြုံသောကြောင့် ရိပ်စားမိပုံမရပါလေ။

ဒေါ်ညိုညိုလွင်သည် မပြုံးမရယ် တည်တည်ခန့်ခန့်





လေးပင် ဖြေလိုက်ပါလေသည်။

“မြခွာညိုရဲ့ကိုယ်ခန္ဓာအလှဟာ ‘ဦးမင်းမောင်ရဲ့အမွေတွေပဲပေါ့ဦးမင်းမောင် ... အရုပ်အမောင်း ကိုယ်လုံးကိုယ်ထည် ခြေတံလက်တံအကျသိပ်လှတဲ့ မိန်းကလေးပဲလေ ... ”

“အေးဗျာ ... သူ့ကလေးအမေမရှိရှာတော့ အစစအရာရာ ကျွန်တော်ဖအေ၊ ကျွန်တော်ပဲမအေဖြစ်နေတာပေါ့။ ဒီကနေ့ ညနေ သုံးနာရီနဲ့ငါးနာရီကြား အင်းလျားလိတ်ဟိုတယ်မှာ မင်္ဂလာဧည့်ခံပွဲတစ်ခုရှိတယ်လေ၊ အဲဒီမှာ မြခွာညိုက မလွဲသာမရှောင်သာ သတို့သမီးအရံလုပ်ရမှာလေ၊ အပျိုရံပေါ့။ ဒါကြောင့် ဒီမှာလာပြီး အလှပြင်တာကို ကျွန်တော်က စောင့်ပေးနေရတာ”

“သြော် ... သြော် ... ဦးမင်းမောင်မှာ မြခွာညိုတို့အမေမရှိတော့ဘူးလားဟင် ... ”

ဦးမင်းမောင်က လက်ညှိုးတစ်ချောင်းထောင်ပြလိုက်ပါ၏။

“တစ်နှစ်ရှိသွားပြီ ဒေါ်ညိုညိုလွင် ... မြခွာညိုရဲ့မေမေ ဆုံးသွားရှာတာ တစ်နှစ်ရှိသွားပါပြီ ... ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညိုညိုလွင်သည် ဦးမင်းမောင်စကားကြောင့် [illegible]ငိုင်ငိုင်လေးဖြစ်သွားရသည်။

ဒေါ်ညိုညိုလွင်သည် ဦးမင်းမောင်ကို တစ်စုံတစ်ခု ပြန်လည်ပြီးပြောရန် ပြင်လိုက်သည်ကို ဦးမင်းမောင်တွေ့လိုက်ရသည်။

သို့တစေ တကယ်တမ်းမှ မည်သည့်စကားမျှထွက်မလာခဲ့။ သူမပြောလိုသည့်စကားကို မျိုသိပ်လိုက်ဟန်တူပါ၏။

"သွားစို့ ဖေဖေ ... မြခ္ခာညိုက နာရီပြန်နှစ်ချက်လောက်
အဲဒီကိုရောက်နေမှကောင်းမယ် ... သတို့သမီးက အင်း
လျားလိတ်က အခန်းမှာပဲအလှပြင်ဆရာနဲ့ပြင်မှာတဲ့"

ဒေါ်ညိုညိုလွင်က မြခ္ခာညိုအား ခင်မင်ရင်းနှီးနှစ်လိုဖွယ်ရှိသောအပြုံးနှင့် ကြည့်လိုက်ပါ၏။

"နေဦး မြခ္ခာညို ... ဒီညနေ မင်္ဂလာပွဲက မိုလ်ကြီးစောဖြူနဲ့
ခင်မမတို့ပွဲမဟုတ်လား ... "

မြခ္ခာညိုသည် အံ့ဩရိပ်လွှမ်းသောမျက်ဝန်းလှလှလေးဖြင့်ကြည့်လိုက်မိသည်။ ပြီးမှ ဒေါ်ညိုညိုလွင်အားမေး၏။

"ဟုတ်တယ်အန်တီ ... အန်တီလည်းသိနေတယ်ထင်တယ်၊





ခင်မမရဲ့ညီမ ခင်ပပက မြခ္ခာညိုရဲ့သူငယ်ချင်းလေ ... ဒီပွဲမှာ သတို့သမီးရဲ့သတို့သမီးအရံအနေနဲ့ ခင်ပပကလည်းလုပ်မှာ၊ အဲဒါ မြခ္ခာညိုကိုပါ သတို့သမီးအရံလုပ်ဖို့ဆိုပြီး အတင်းခေါ်လို့လေ ... "

"အေး ... အန်တီလည်း အဲဒီမင်္ဂလာပွဲကိုလာဖို့ ဒီမှာဆံပင်လာပြင်တာပဲကွယ် ... ဒါပေမဲ့ အန်တီက ဗိုလ်ကြီးစောဖြူဘက်ကအဖိတ်ခံရတာပါ ... ဗိုလ်ကြီးစောဖြူရဲ့မိဘတွေနဲ့ အန်တီက သိပ်ခင်သူတွေကိုး ... "

"ဟုတ်လားအန်တီ ... ဒါဆို မင်္ဂလာပွဲမှာ အန်တီနဲ့မြခ္ခာညို တွေ့ကြဦးမှာပေါ့ ... "

နှုတ်ဆက်စကားဆိုကြသည်။

မြခ္ခာညိုနှင့် ဦးမင်းမောင်တို့က ဘောက်(စ်)ဝက်[illegible]န်းကားလေးပေါ်သို့ တက်ထိုင်လိုက်ကြသည်။

ဒေါ်ညိုညိုလွင်သည် ဦးမင်းမောင်ဘက်သို့ မသိ[illegible]သာငေ့ဝဲကြည့်သွားခဲ့သေးသည်။

ဒေါ်ညိုညိုလွင်သည် တိုက်တန်းလျားကြီးအပေါ်[illegible]ဆစ်သို့ ကက်သည့်လှေကားကြီးရှိရာသို့ လျှောက်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်းချင်းတက်သွားသည်။

ဦးမင်းမောင်သည် ကားကိုစက်မနှိုးသေးဘဲ ဒေါ်ညိုညိုလွင်တက်ရောက်သွားရာသို့ လှမ်းကြည့်နေသေးသည်။

လှေကားထစ်တစ်ထစ်ကို တက်လေတိုင်း ရွှေဝါရောင် ချိတ်ထဘီအနားစကလေးသည် ကြွတက်သွားပြီး ဖြူဆွတ်ဝင်းမွတ်သော ဒေါ်ညိုညိုလွင်၏ခြေသလုံးသားလေးတွေသည် လှစ်ခနဲ လှစ်ခနဲ ပေါ်ထွက်လာသည်ကို ဦးမင်းမောင်တွေ့နေရပါ၏။

သူ့ရင်ခုန်သံတွေသည် ပြန်လည်ကာနိုးထလာခဲ့၏။ ရင်ခုန်သံတွေသည် ငယ်စဉ်ကလိုပင် တဒိတ်ဒိတ်မြည်အောင် ခုန်ပါလေ၏။

"သြော် ... မညိုဟာ ငယ်ငယ်တုန်းကအတိုင်း လှတုန်းပတုန်းပါပဲလား ..."

သူ့ရင်ထဲမှာ ကြိတ်၍မှတ်ချက်ပြုမိလိုက်ပြန်ပါ၏။

ဘောက်(စ်)ဝက်ဂွန်းလေးကို စက်နှိုးပြီး ဘီးလိမ့်ထွက်လာခဲ့သည်။ စောစောက မိတ်ဆွေတစ်ယောက်ဆီသွားမယ်၊ မာမီကားသော့ယူထားဟုပြောခဲ့သော စောညိုလွင်သည် မိတ်ဆွေ





တစ်ယောက်ဆီမသွားနိုင်သေးခဲ့။ ကားသော့လေးကို လက်ညှိုးတွင် ကွင်းစွပ်လှည့်ပတ်ရင်း ဘောက်(စ်)ဝက်ဂွန်းကားနီလေးထွက်သွားသည်ကို မျက်စိတဆုံးကြည့်နေမိသည်။ မိခင်ရှိသည်ကိုပင် သူ အမှတ်မထားမိပါလေစ။

ဘောက်(စ်)ဝက်ဂွန်း၏နောက်မှန်ကျယ်မှတစ်ဆင့် လှမ်းမြင်နေရသော မြခွာညို၏လည်ကုပ်သားလေးနှင့် ပခုံးတန်းလေးသည်ပင် စောညိုလွင်၏မျက်စိထဲတွင် လှချင်တိုင်းလှနေသည်ဟု ထင်မှတ်မိတော့သည်။

သြော် ... မာမီနဲ့ အန်ကယ်(လ်)ဦးမင်းမောင်တို့ ငယ်သူငယ်ချင်းတွေဖြစ်နေကြခြင်းသည်ပင်လျှင် မြခွာညိုဆိုသည့် ကောင်မချောချောလေးနှင့် မိမိနီးစပ်စရာလမ်းကြောင်းများ ဖြစ်လေမလားဟု စောညိုလွင်သည် လေထဲတိုက်အိမ်ဆောက်ရင်း ကျန်ခဲ့တော့သည်။

စိတ်ကူးဆိုသည်မှာ မိမိဖြစ်စေချင်သည်များကို အတိုင်းအဆမရှိတွေးချင်တိုင်းတွေး၍ရသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"မဆိုစကောင်းဆိုမကောင်း ... တောက်တဲ့ခေါင်းပေါင်း
ပေါင်း ..."

ဟုပင် မြနွာညိုသည် အော်ဟစ်လိုက်ချင်မိပါလေ၏။

အကြောင်းမှ ဖေဖေ ဦးမင်းမောင်သည် ယနေ့ညနေအင်းလျားကန်ဟိုတယ်၌ ကျင်းပမည့် ဗိုလ်ကြီးစောဖြူနှင့် ခင်မမတို့ မင်္ဂလာပွဲသို့လိုက်ပါတက်ရောက်မည်ဟု မမျှော်လင့်သောစကားဆိုလိုက်ခြင်းကြောင့်ပဲ ဖြစ်လေတော့သည်။

ဖိတ်ထားသည်ကတော့ ဖေဖေကို ဦးဆောင်ဖိတ်ကြားထားသည်မှာ မှန်ပါ၏။ ဖေဖေသည် မိမိတို့ အိမ်ထောင်စုတွင်





ဦးစီးသူပဲဖြစ်သည်။

သို့တစေ ... ခင်ပပနှင့် မြနွာညိုတို့သည်သာ ခင်မင်ရင်းနှီးခဲ့ကြသည်။ သူငယ်ချင်းတွေဖြစ်ခဲ့ကြသည်။

ထို့နောက် ခင်ပပ၏မိဘများနှင့် ဖေဖေဦးမင်းမောင်မှာ သားသမီးများ ခင်မင်ရင်းနှီးသွားကြသည့်နှယ် လူကြီးအချင်းချင်းပါ ရင်းနှီးခင်မင်သွားခဲ့ကြခြင်းပဲဖြစ်ပါလေသည်။

ဖေဖေဦးမင်းမောင်သည် မေမေအသက်ထင်ရှားဆဲ့ပါးခင်ကတည်းက မင်္ဂလာပွဲ၊ ရှင်ပြု၊ ရဟန်းခံပွဲတို့ကို သွားလေ့သွားထမရှိ၊ မေမေ့ကိုပဲ သွားစေခဲ့သည်။

မေမေ့ကိုသာ ပွဲလယ်တင့်စေသည်။ မေမေ့တွင် မင်္ဂလာပွဲတစ်ပွဲသွားလျှင် စိန်တစ်ဆင်ဆို စိန်တစ်ဆင်၊ ပတ္တမြားတစ်ဆင်၊ ပုလဲတစ်ဆင်ဆို ပုလဲတစ်ဆင် စသည်ဖြင့် မင်္ဂလာတပ်ပွဲနှင့်တစ်ပွဲ တစ်ဆင်တာထပ်မသွားအောင်ပင် ဖေဖေက လုပ်ပေးထားခဲ့သည်။

ဟိုဘ် အမှန်တော့ ဖေဖေဦးမင်းမောင်၏ ကမ္ဘာသည်ကျဉ်းကျဉ်းလေးမှ တကယ့်ကိုကျဉ်းကျဉ်းလေးပဲဖြစ်ပါ၏။

အပေါင်းအသင်းထားသော်လည်း ဖက်ကျဲတကင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]သွားထမရှိခဲ့။ ခြောက်မိုင်ခွဲလိုနေရာဝယ် ခြံဝန်းကျယ်ကြီး [illegible] အလွန်လှပသော တစ်ထပ်တိုက်လေးတစ်လုံးကို ဗိမာန် တစ်ခုအသွင် ဖန်တီးဆောက်လုပ်ထားခဲ့သည်။

ခြံကျယ်ဝန်းကျယ်ကြီးထဲတွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်လှလှကလေးက ကဗ္ဗာရာလမ်းမကြီးဘေးတွင်ပဲဖြစ်ပါ၏။

ဖေဖေ့အနေနှင့် နှစ်ထပ်တိုက်မက သုံးထပ်တိုက် ဆောက်မည်ဆိုလျှင် ဆောက်နိုင်သည်ဟု ဖေဖေက မကြာခဏ ကြွေးကြော်ကာပြောတတ်သေးသည်။

သို့သော် ...

ခြံကျယ်ကြီးအတွင်းဝယ် ဖေဖေရယ်၊ မေမေရယ်နှင့် တစ်ဦးတည်းသောသမီးလေးငယ်ငယ်ရယ် စုပေါင်းမှ သုံးဦးတည်းသာရှိသဖြင့် ဖေဖေက နှစ်ထပ်တိုက်ကြီးမလို၊ သုံးထပ်တိုက်ကြီးမလို ဟူ၍ပဲဖြစ်ပါလေသည်။

တစ်ထပ်တိုက်လေးကိုသာ အကျယ်အပြန့်ဆောက်ကာ အခန်းခန်းအဆောင်ဆောင်ဖွဲ့သည်။ ခြံထဲ မြေရှိသမျှ လှပဝေဆာသော ပန်းမျိုးစုံစိုက်ထားသည်။





ပန်းကော်ဇောတစ်ချပ်ခင်းထားသည်နှင့်ပင် တူနေခဲ့တော့သည်။ ခြံထဲတွင် ဖေဖေသည် သဖန်နှင့် သစ်ခွမျိုးစုံကို မာလီ [illegible]တူးနှင့်တွဲကာ အထူးတလည် ကိုယ်တိုင်ကိုယ်ကြပ်ပြုစုစိုက်ပျိုး[illegible]သည်။

သူကိုယ်တိုင်ပင် အပင်ပန်းခံခဲ့သည်။

စီးပွားရေးလုပ်ငန်းကိုလုပ်သည့်အချိန် ကြိုးစားပမ်း[illegible]လုပ်၏။ အိမ်ပြန်ရောက်သည်နှင့် ဖေဖေသည် သဖန်နှင့်သစ်ခွ[illegible]ကြားထဲဝင်တတ်သည်။ သို့မဟုတ် ဇနီးနှင့်သမီးကိုသူ့ဘေးမှာ[illegible]စေကာ ဖေဖေက ရေခဲစိမ်ဘီယာကိုသောက်ရင်း ထွေးရာလေး[illegible]ကားမျိုးတွေ ပြောနေတတ်တော့သည်။

ဖေဖေဦးမင်းမောင်သည် လူမှုရေးနှင့်ပတ်သက်သာ[illegible]တိုင်း မေမေ့ကိုသာသွားစေခဲ့သည်။

မင်္ဂလာပွဲတွေ ဘာတွေသို့ ထိုက်ထိုက်တန်တန် [illegible] လက်ဖွဲ့စေခဲ့သည်။ သူကိုယ်တိုင်ကမူ ဘယ်ရောအခါလေး [illegible] သွားခဲ့သည်မရှိခဲ့ပေ။

အဲ ... တစ်ခုတော့ သူ့အကျင့်ကလေးရှိ၏။

နာရေးဆိုလျှင်တော့ ဖေဖေကိုယ်တိုင် [illegible]မနှင့်

www.burmeseclassic.com

www.burmeseclassic.com



အငှားသွားလေ့ရှိခဲ့သည်။ ခင်မင်သော မိတ်ဆွေသင်္ဂဟ၏အသုဘဆို လျှင် ဖေဖေလိုက်ပို့သည်။

တပည့်လက်သားဖြစ်ပါစေ၊ နေထိုင်မကောင်းဖြစ် လျှင် ဖေဖေသွားကြည့်သည်။ လိုအပ်သော ဆေးကိုမရအရ ဖေဖေ က ဝယ်ပေးတတ်သည်။ ငွေကုန်ကြေးကျမည်ဟူ၍ပင် မနှမြော တတ်၊ .

ထိုသို့သော ကိစ္စမျိုးဆိုလည်း၊ မေမေသည် ဝင်မစွက် တတ်၊ စွတ်ဖက်လျှင်လည်း ဖေဖေသည်းမခံသည်ကိုလည်း မေမေ က သိသည်။

ယင်းသို့နေခဲ့သော ဖေဖေသည် ယနေ့ဗိုလ်ကြီးဇော ဖြူနှင့် ခင်မမမင်္ဂလာပွဲသို့ လိုက်ပါမည်ဆိုရလေတော့ မြခွာညိုမှာ တအံ့ဘသြကြီးဖြစ်ရတော့သည်။

မေမေဆုံးပြီးနောက် ဤသို့သော သာရေးကိစ္စတို့ ထွင် ဖေဖေကိုယ်တိုင်လိုက်သင့်သည်ဟု ဆုံးဖြတ်လေသောကြောင့် ပေလား။

သို့မဟုတ် မျက်စိအောက်က အပျောက်မခံထား လေ့ရှိခဲ့သည့်သမီးလေး မြခွာညိုသည် သတို့သမီးအရံဟူသော အဖွဲ့



နဲ့ရှလုပ်ရမည်ကို စိတ်မချသောကြောင့် လိုက်ပါခြင်းပဲလားမပြော တတ်။

သို့သော် ...

မြခွာညိုတစ်ခုစဉ်းစားမိပြန်သေး၏။

နေ့လယ်က ဗိုလ်ချုပ်ဈေးသို့ မြခွာညိုအလှပြင်ရာ သို့လိုက်ပို့သည့်အထိ မင်္ဂလာပွဲသို့ ဖေဖေလိုက်မည်ဟုမပြော။

ခါတိုင်းလိုပင် ဒရိုင်ဘာဦးစံစနှင့် စေလွှတ်ပေးခဲ့ သဖြင့်အနေနှင့်သာရှိတော့သည်။

တန်တော့ ...

ဖေဖေစိတ်ပြောင်းသွားခြင်းမှာ ... စောညိုသွင် ကြောင့် ဖြစ်နိုင်စရာအကြောင်း အများကြီးရှိသည်။

စီးပွားရေးတက္ကသိုလ်တွင် မြခွာညိုတစ်ယောက် Queen မလေး အလှဘုရင်မလေး ဖြစ်နေသည်ကို ဖေဖေလုံးဝမသိ။

မြခွာညိုကိုယ်တိုင်ကလည်း ဖေဖေပို၍ စိတ်မချမည် စိုးသောကြောင့် ဖွင့်မပြောခဲ့။

နေ့ခင်းက ဗိုလ်ချုပ်ဈေးတွင် စောညိုလွင်နှင့်တွေ့ ပြီး မြခွာညိုအလှဘုရင်မလေးဖြစ်နေကြောင်း ဖွင့်ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စောညိုလွင်၏မျက်စိသည် အချိန်ရှိသလောက် မြနွာညိုအားကြည့်နေခဲ့ကြောင်း ဖေဖေရိပ်မိသွားပါသည်။

ထို့ထက်မှာမူ ယနေ့ညနေ မင်္ဂလာပွဲသို့ ဒေါ်ညိုညိုလွင်က ရောက်မည်ဆိုကပင် သူမ၏သား စောညိုလွင်ပါလာလိမ့်မည်မှာ အသေအချာပဲဖြစ်ပါလေ၏။

ထို့ကြောင့်စင် မြနွာညိုအား စိတ်ချဟန်မတူတော့ဘဲ ယင်းမင်္ဂလာပွဲသို့ ဖေဖေလိုက်ပါမည်ဟူ၍ စိတ်ကူးရလာခြင်းမျိုးပဲ ဖြစ်နိုင်ပါ၏။

ဖေဖေ စိတ်မချနိုင်ခြင်းကိုလည်း အပြစ်မဆိုသာ။

မိခင်မရှိတော့သည့် သမီးတစ်ဦးအပေါ်တွင် ဖေဖေသည် ဖခင်လည်းဖြစ်၊ မိခင်လည်းဖြစ်နေခြင်းကြောင့်ပါတည်း။





### အခန်း(၂)

ဒီမှာကလည်း တမှောင့်ပင်ဖြစ်တော့သည်။

ဗိုလ်ချုပ်ဈေးမှ ဒေါ်ညိုညိုလွင်ဆံပင်ပြုပြင်ပြီး၊ ညိုင်းလမ်းရှိအိမ်ကြီးသို့အပြန်လမ်းတွင် သားတော်မောင် မောင်ညိုလွင်သည် မေးခွန်းတွေ တသီကြီးကို တစ်လမ်းလုံး မာမီ ဒေါ်ညိုညိုလွင်အား မေးပါတော့သည်။

“မာမီ ...”

“သား ...”

“အဲဒီအန်ကယ်(လ်)ဦးမင်းမောင်နဲ့ မာမီတို့က ငယ်သူငယ်ချင်းတွေနော် ...”

“ဟုတ်တယ်လေသား ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... ဘယ်လိုသူငယ်ချင်းတွေလဲမာမီ"

"ဟော ... သား ဘာကိုဆိုလိုတာလဲဟင် ... "

ဒေါ်ညိုညိုလွင်သည် သားတော်မောင် စောညို လွင်၏မေးခွန်းကြောင့် လန့်သွားမိသည်။ ဟုတ်ပ၊ လန့်လည်းလန့် လောက်ပါ၏။

မေးခွန်း၏အဓိပ္ပာယ်ကို သူမ မသိ၍တော့မဟုတ်။

"သားမေးတာ ရှင်းရှင်းလေးပါမာမီ ... အခုဆိုရင် သား အသက်နှစ်ဆယ်ထဲရောက်နေပြီ၊ အဲဒီသားအသက်နှစ်ဆယ် ထဲရောက်တဲ့အထိ အန်ကယ်(လ်)ဦးမင်းမောင်ကို မာမီရဲ့ သူငယ်ချင်းအဖြစ်နဲ့ တစ်ခါမှမတွေ့ခဲ့ဖူးဘူး ... အဲဒါကြောင့် မာမီနဲ့ ဦးမင်းမောင် ငယ်သူငယ်ချင်းဆိုတာ ဘယ်တုန်းက ငယ်သူငယ်ချင်းလဲလို့မေးတာပါ ... "

ဒေါ်ညိုညိုလွင် ဗိုဳ ဗိုဳ အဖြေရခက်တော့သည်။

ဒေါ်ညိုညိုလွင်သည် သားနှင့်အတူ ရှေ့ခန်းတွင် ယှဉ်တွဲထိုင်နေရာမှ "ဘယ်တုန်းက ငယ်သူချင်းလဲ"ဆိုသည့်အမေး ကို ဖြေရန် နှုတ်ဆွံ့နေမိပါ၏။





မာစီဒီးကားကြီး၏ရှေ့မှန်ကျယ်ကြီးသည် အတွင်း ထသာ အပြင်ရှိအရာဝတ္ထုတွေကိုကြည်လင်ပြတ်သားစွာ မြင်တွေ့ နေနိုင်ပါ၏။ မီးခိုးရောင်ပါရှိနေသော မှန်ဖြစ်နေ၍ အပြင်ဘက်မှ လှမ်းကြည့်လျှင်မူ အတွင်းသို့ မှုန်မှုန်မှိုင်းမှိုင်းသာတွေ့ရပါလေမည်။

ယခုမူ ...

ဒေါ်ညိုညိုလွင်သည် အထဲမှနေ၍ မှန်ချပ်ကြီးကို လှမ်းကြည့်သော်လည်း ကြည်လင်ပြတ်သားခြင်းမရှိ၊ အရာရာသည် မှုန်မှုန်မှိုင်းမှိုင်းဖြစ်နေပြီလားဟု ထင်ရတော့သည်။

သူမရင်မှဖွားမြင်သော သားဖြစ်သူ စောညိုလွင်အမေးကို မဖြေနိုင်ဘဲ ငေးမိငေးရာ ငေးနေမိပါလေသည်။

သား စောညိုလွင်ကမူ ရအောင်မေးပါ၏။ သူသိဝ် သိချင်နေပုံရပါ၏။

"မာမီ သားမေးတာပြောဦးလေ ... "

"ဟုတ်တယ်သား ... အန်ကယ်(လ်)ဦးမင်းမောင်ကို သား အသက်နှစ်ဆယ်ထဲရောက်တဲ့အထိ တစ်ခါမှမမြင်ဖူးဘူးဆို တာ မှန်ပါတယ် ... အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ဦးမင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ မာမီဟာ မူလတန်းကျောင်းသူ ကျောင်းသား ဘဝလေးကတည်းက ခင်မင်လာကြပြီး အလယ်တန်း ကျောင်းသားဘဝမှာလည်းအတူတူပဲသား၊ နောက်ဆုံးဆယ် တန်းဖြေကြပြီးတဲ့နောက်မှ ကွဲသွားကြတာ၊ တစ်ခါမှ ပြန် မတွေ့ကြတော့ဘူး၊ ဒီနေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် မမျှော် လင့်ဘဲ လာတွေ့ကြတာ … ဒါပေမဲ့ ဦးမင်းမောင်ဟာ ငယ်ရုပ်မပြောင်းလှဘူးသား၊ အသက်ကြီးလာလို့ သူ့မှာ ဇရာကြောင်းလေးတွေထင်နေပေမယ့် သူ့ရဲ့ဟန်ပန်အမူ အရာတွေ ဟိုတုန်းကအတိုင်းပဲ၊ ဒါကြောင့် သူ့ကို မှတ်မိ လိုက်တာ … ”

“သူကလည်း မာမီကို ချက်ချင်းမှတ်မိတာပဲမဟုတ်လား။ မာမီ မာမီလည်း ငယ်ရုပ်မပြောင်းလို့နေမှာပေါ့ … ”

“ဟုတ်မှာပေါ့သားရယ် … ဒီလိုပဲဖြစ်မှာပေါ့ … ”

စောညိုလွင်သည် ဗဟန်းဘက်သို့မောင်းခဲ့ရာမှ ကျောက်တိုင်မီးပွိုင့်တွင် မီးနီသဖြင့် ငြိမ်ခနဲရပ်လိုက်သည်။

“သိလားမာမီ … ကျောင်းမှာတော့ ဦးမင်းမောင်ရဲ့သမီး





မြခွာညိုက သိပ်ပေါ့ဖြစ်နေတာ … မြခွာညိုကလည်း အရမ်းမိုက်တယ်မဟုတ်လား … ”

“ဟုတ်ဖ်လား … အရမ်းမိုက်လွန်းရင် ရည်းစားတော့များတတ် တယ် … ”

“ဟာ … အဲဒါတော့ မာမီပြောတာဟုတ်တယ် … သိပ်ကို ချော သိပ်လှလွန်းရင် ကျောင်းမှာသိပ်မကြာပါဘူး … အတွဲ တွေဘာတွေနဲ့ဖြစ်ကုန်တော့တာပဲ မာမီ … ယောက်ျား လေးတွေဆိုတာက သိပ်လှရင် ချဉ်းကပ်ကြတာ၊ မြခွာညို ကို တကယ့်အရာရှိကြီးတွေရဲ့သားတွေတောင် လိုက်ပြီး ချဉ်းကပ်ကြတာ၊ ဒါပေမဲ့ မြခွာညိုက ဘယ်သူ့မှအကပ်မခံ ဘူးလို့ သတင်းပျံ့နေတာ မာမီ၊ သိပ်လှပေမဲ့ ဘယ်သူ့ကိုမှ ရည်းစားမထားခဲ့သေးဘူးမာမီ … ”

ဒေါ်ညိုညိုလွင်သည် သားတော်မောင်စောညိုလွင် ကို ငဲ့စောင်းကြည့်လိုက်ပါ၏။ စောညိုလွင်က မီးစိမ်းပြဖို့ ရှေ့ကို သာ ဂရုတစိုက်ကြည့်ပြီး ကားမောင်းနေသောကြောင့် သူ့မာမီငဲ့ စောင်းကြည့်သည်ကို သတိမထားလိုက်မိပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... အဲဒီလိုမြခ္ခာညိုကိုလိုက်ကြတဲ့အထဲမှာ သားလည်းတစ်ယောက်အပါအဝင်ဖြစ်နေပြီထင်တယ်"

"အာ ... မာမီကလည်း ဘာတွေပြောနေတာလဲ"

စောညိုလွင်က ရှက်ကိုးရှက်ကန်းနှင့်ပြောလိုက်ရင်း တစ်ဆက်တည်းရယ်မောလိုက်သည်။

"သားပြောပြီးပါရောမာမီ ... မြခ္ခာညိုက မလွယ်ဘူးလေ၊ သားတို့ထက်ချမ်းသာတဲ့သူတွေ အရာရှိကြီးတွေရဲ့သားတွေမှ အကာပ်မခံတာ ..."

ဒေါ်ညိုညိုလွင်သည် ဟူးခနဲ မသိမသာသက်ပြင်းကို ချဖြစ်လိုက်တော့သည်။

"အင်းလေ ... ဘာပဲဖြစ်ဖြစ်ပေါ့ သားကိုမာမီတစ်ခုမှာထားမယ်နော် ... သားလည်း အခုဆိုရင် ဒုတိယနှစ်ရောက်နေပြီ၊ နောက်နှစ်တွေဆိုရင် သားတက္ကသိုလ်က ဘွဲ့တစ်ခုခုရဖို့ဆိုတာသေချာသလောက် ရှိသွားပြီပေါ့ကွယ်၊ ပြောရရင် သားဟာ အရွယ်ရောက်နေတဲ့သူဖြစ်နေပြီပဲ၊ တစ်နေ့နေ့ကျရင် ချစ်သူရှာမယ်၊ အိမ်ထောင်ဘက်ရှာမယ်ဆိုတာ မလွဲနိုင်ဘူး





ပေါ့သားရယ် ..."

"မာမီ ဘာတွေပြောနေတာလဲ ..."

"သဘာဝတရားဆိုတာ အချိန်တန်ရင် သက်ရှိသတ္တဝါတွေကို ပြုပြင်ပြောင်းလဲတတ်တာပါပဲသား ... နားထောင်ပါဦးသား၊ သားအနေနဲ့ ချစ်သူရှာရှာ အိမ်ထောင်ဘက်ရှာရှာ၊ သားရဲ့ ကိုယ်ရေးကိုယ်တာပိုင်းကို မာမီဝင်မစွက်ဘူး။ သားရဲ့ချစ်သူ ဟာ မာမီစိတ်တိုင်းကျမဖြစ်လာဘဲ စိတ်တိုင်းမကျနိုင်စရာ့ မိန်းကလေးပဲဖြစ်ဦးတော့၊ မာမီ့အနေနဲ့ မနှစ်သက်ရင်သာ နေမယ်၊ မကန့်ကွက်ပါဘူး၊ အဲတစ်ခုတော့ မာမီကြိုတင်ပြီး ပြောထားပါရစေ၊ တကယ်လို့များ သားရဲ့အသည်းနှလုံးထဲ က ဦးမင်းမောင်ရဲ့သမီး မြခ္ခာညိုကိုခင်တွယ်နေချင်တယ်၊ စိတ်ဝင်စားနေတယ်ဆိုရင်တော့ သားအခုပဲ ရပ်ပစ်လိုက်ပါ တော့ကွယ် ..."

"ဗျာ ... ဘာ ... ဘာဖြစ်လို့လဲ မာ ... မာမီ"

စောညိုလွင်က အာမေဋိတ်သံပြုမိသည်။

မိခင်ဒေါ်ညိုညိုလွင်ဘက်သို့ ကားမောင်းပျက်က



www.burmeseclassic.com

www.burmeseclassic.com



ပင် တအံ့တသြလှမ်းကြည့်လိုက်မိပါ၏။

"ဘာလဲ ... သား အလန့်တကြား ထိတ်ခနဲဖြစ်သွားရတာ၊ မြခွာညိုကို စိတ်ဝင်စားလို့ပဲဖြစ်ရမယ်သား ... "

"အဲဒီလိုတော့လည်း မဟုတ်သေးပါဘူး မာမီ ... ဒါပေမဲ့ မာမီဟာ မြခွာညိုတစ်ယောက်တည်းကိုမှကွက်ပြီး ဘာဖြစ်လို့ ကြိုတင်စကားပြောရတာလဲဆိုတာကို သားအံ့သြသွားလို့ပါ ... "

"ဒီမှာသား ... မြခွာညိုဆိုတဲ့ မိန်းမလှလေးရဲ့စိတ်နေသဘောထားတော့ မာမီမသိဘူးပဲထားဦး၊ ခုမှတစ်ခါတည်းမြင်ဖူးသေးတယ်မဟုတ်လား။ ဒါပေမဲ့ သူ့အဖေဦးမင်းမောင်ရဲ့အကြောင်းကိုတော့ မာမီကောင်းကောင်းနားလည်ထားတယ်၊ ငယ်ပေါင်းတွေပဲသား၊ ဦးမင်းမောင်ဟာ သူ့သမီးမြခွာညိုကို ရာသက်ပန်အပျိုကြီးလုပ်နိုင်းမှာမဟုတ်တာတော့ သေချာတယ် ... အချိန်တန် အရွယ်ရောက်ရင်တော့ ယောကျ်ားတော့ရှေးစားမှာပဲ ... ဒါပေမဲ့ မြခွာညိုနဲ့ပေးစားမဲ့ယောကျ်ားဟာ သားစောညိုလွင်တော့ ဘယ်တော့မှဖြစ်



မလာနိုင်ဘူး ... အဲဒါယုံပါ ... "

ဒေါ်ညိုညိုလွင်က သားစောညိုလွင်ကို အပြတ်ပင်ပြောတော့သည်။ စောညိုလွင် နားမလည်နိုင်စွာဖြင့် မေးမိတော့သည်။

"မာမီ့အပြောက သိပ်သေချာလိုက်တာ၊ သားဟာ တစ်နေ့ဘွဲ့ရမယ်၊ မိဘကလည်း ချမ်းသာတယ်၊ အခုဒက်ဒီမရှိတော့ပေမဲ့ ဒက်ဒီရဲ့ရာထူးအရှိန်အဝါကျန်သေးတာပဲ၊ မာမီ့မှာလည်း ဂုဏ်ရှိနေသေးတာပဲလေ ... "

"သားမှာ ဘာကြီးတွေပဲရှိရှိမရှိရှိ သားနဲ့သူ့သမီးမြခွာညိုကို ဦးမင်းမောင်ဟာ ဘယ်တော့မှ သဘောတူမှာမဟုတ်ဘူး၊ အေး သားထက်အရည်အချင်းညံ့ပါစေ၊ တခြားယောကျ်ားလေးတစ်ယောက်ကိုသာ ဦးမင်းမောင်ဟာ ရွေးချယ်ပြီး သဘောတူချင်တူဖြစ်လိမ့်မယ် ... "

"ဘာဖြစ်လို့လဲ မာမီ ... မာမီပြောပုံကြီးက ပဟေဠိဆန်လိုက်တာ ဘယ်လိုနားလည်ရမှာလဲ ... "

စောညိုလွင်က ထပ်ထပ်ပြီးမေးပြန်သည်။ ဒေါ်ညို

www.burmeseclassic.com

www.burmeseclassic.com



ညှိုလွှင်ပြောသော ရည်ရွယ်ချက်ကို သူနားလည်ပုံမရပါလေ။

ဒါပေမဲ့ ဒေါ်ညိုညိုလွှင်သည် စောညိုလွှင်အား ရှင်းမပြပါလေတော့။ အကြောင်းကမူ ကုလ္လိုင်းလမ်းရှိ သူမတို့၏ခြံကြီးထဲသို့ ကားကွေ့ဝင်လိုက်ပြီဖြစ်သောကြောင့်ပါတည်း။

အကယ်၍ ခြံထဲသို့ မဝင်သေးဆိုပါကလည်း ဘာဖြစ်လို့ပါလဲဆိုသည့်အမေးကို ဒေါ်ညိုညိုလွှင်ဖြေကြားမည်မဟုတ်ပါလေ။

"ကဲ ... မာ့မီ နည်းနည်းပါးပါးပြင်ဆင်ဦးမယ် ... သုံးနာရီအရောက် အင်းလျားလိတ်ကို သားလိုက်ပို့ပေးမယ် ... နောက်ပြီး ကားယူသွား၊ လေးနာရီခွဲလောက် မာမီ့ကိုလာကြိုနော် ... "

"ရတယ်မာမီ ... မာမီ့ကိုလိုက်ပို့ လာကြိုသားမလုပ်တော့ဘူး ... သားလည်း မာမီနဲ့အတူတူ မင်္ဂလာပွဲကိုလိုက်ခဲ့မယ်"

"ဟင် ... "

ဒေါ်ညိုညိုလွှင်မှာ "ဟင်"စိနဲဖြစ်ရပြန်သည်။

"ဒါနဲ့ ... သားပဲ မလိုက်ချင်ဘူးဆို၊ အဝတ်သစ်အစားသစ်နဲ့



လူတွေကြားထဲမှာကြောင်တယ်ဆို"

"အဲဒါ မနေ့ကသားပြောခဲ့တာပဲမာမီ ... အခု တူချင်မှတူတော့မှာပေါ့ ... အခုကျမှ သားလိုက်ချင်စိတ်ပေါ်လာလို့ပါ"

ဒေါ်ညိုညိုလွှင် ဘာမှကိုမပြောပါလေတော့။

သားဖြစ်သူကို အမိပွာယ်တစ်ခုဖော်ဆောင်သည့် မျက်ဝန်းတို့ဖြင့်ကြည့်နေရင် တိုက်ထဲသို့ ဖြည်းညင်းစွာဝင်ရောက်သွားခဲ့ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့တော်သူ မြို့တော်သားတွေ၏အကျင့်ပေ ပဲလား(ဟု)တော့ မပြောတတ်နိုင်။

အင်းလျားလိတ်ဟိုတယ်မှာဖြစ်စေ၊ ကရဝိတ်ဟိုတယ်၊ (သ)ဘာရင်းပဲဖြစ်ပါစေ၊ မည်သို့သော ကြီးကျယ်ခမ်းနားသော ဟိုတယ်၊ (ဟို)တယ်ဟူ၍သာ အမည်ပညတ်ရှိသော်လည်း တကယ်တန်းကျင်းမှ ပျော်ပွဲစားရုံအဆင့်ထက်အနည်းငယ်မျှသာ သာလွန်သည့် (ဟို)တယ်မမည်သောနေရာမျိုးပဲဖြစ်စေ မင်္ဂလာပွဲဖိတ်ကြားလျှင် (စ)ားစောပင်ရောက်နေတတ်ကြပါလေ၏။

မင်္ဂလာပွဲကျင်းပပြီဆိုလျှင်မူ ပွဲပြီးအောင်မနေတတ်ကြ။ သ(တ်)မှ(တ်)ထားသော ပွဲပြီးချိန်ထက် နာရီဝက်ခန့်ဖြစ်စေ၊ မိနစ်





လေးဆယ်ခန့်ဖြစ်စေ စော၍ပြန်တတ်ကြသည်။ ဒါသည်ပင် အကျင့်တစ်ခုဖြစ်နေခဲ့ပါ၏။

ယခုလည်း ဒေါ်ညိုညိုလွင်သည့် ညနေသုံးနာရီ ဆယ့်ငါးမိနစ်တိတိတွင် ဗိုလ်ကြီးစောဖြူနှင့် ခင်မမတို့ မင်္ဂလာပွဲသို့ ရောက်ခဲ့ပါ၏။ ထိုင်ခုံများပြည့်နေလေပြီ။

ခုံစေ့ကုလားထိုင်စေ့ပြည့်နေသည်ဟုတော့ မဆိုသာ။ စားပွဲဝိုင်းတစ်ခုတွင် လေးယောက်စာပြင်ထားသည်မျိုးလည်း ရှိသည်။

ခြောက်ယောက်စာပြင်ထားသည်မျိုးလည်းရှိသည်။ အရင်ရောက်နှင့်သူသည် ထိုင်လိုသောစားပွဲတွင် ဝင်ထိုင်လိုက်သည်။

ဥပမာ လေးယောက်စားပွဲတစ်ခုဆိုပါစို့၊ ရောက်လာသူ လင်နှင့်မယားကဝင်ထိုင်လိုက်သည်။ ထို့နောက် ထိုလင်မယားအဝင် တဖွဲဖွဲရောက်လာသော ဧည့်သည်ထဲမှ ကိုယ်နှင့်သိကျွမ်းသူသို့ လှမ်းခေါ်လိုက်သည်။ သိကျွမ်းသူက တစ်ယောက်တည်းသမားဖြစ်နေလျှင် ထိုလေးယောက်စားပွဲတွင်သုံးယောက်ဖြစ်သွားပါ၏။ နောက်ထပ်တစ်ယောက်သော ဧည့်သည်ဖြစ်စေဦး၊ မျက်နှာစိမ်းဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွင် လေးယောက်ပြည့်သွားအောင်ဆိုပြီး မထိုင်ပါလေတော့။

ဤနည်းနှင်နှင် ခြောက်ယောက်ဝိုင်းလည်း လူမပြည့်၊ လေးယောက်ဝိုင်းလည်း လူမပြည့်ဖြစ်ကာ နောက်ကျမှ ရောက်လာသူအတွက် အဝင်ဝကကြည့်သည်နှင့် နေရာမလပ်ဖြစ်နေသည့် ဘဏ္ဍာခန်းကိုလှမ်းမြင်ရပြီး ဟိုမှာထိုင်ရမလိုလို၊ ဒီမှာထိုင်ရမလိုလို ဖြစ်တတ်လေ့ရှိသည်။

ထို့ကြောင့် သုံးနာရီဆယ့်ငါးမိနစ်သာရှိသေးပေမဲ့ ဒေါ်ညီညိုလွင်တို့သားအမိမှာ နေရာထိုင်ခင်း အခက်အခဲတွေ့တော့မလိုရှိနေခဲ့ပြီ။

မင်္ဂလာပွဲရှင်တို့ဘက်မှ နေရာချထားပေးမည့် ညည်ကြိုလုလင်လေးတွေ လုံမလေးတွေကိုတော့ စီစဉ်ထားပါ၏။ သို့တစေ တစ်ချိန်တည်းပြို၍ရောက်လာသည့်ဧည့်သည်များကို အလျှိုလျှိုနေရာချပေးရင်းဖြင့် အဝင်ပေါက်မှ ဟော(လ်)အရှည်ကြီးတိုင်အောင် ပို့လိုက်ပြန်လိုက်နှင့် လက်မလည်အောင် ရှိနေတတ်သဖြင့် တချို့ခံ လျှင် ဧည့်ကြိုကိုမတွေ့ရဘဲ ကိုယ့်ဟာကိုယ် နေရာထိုင်ခင်းရှာပြီး ဖြစ်သလိုထိုင်လိုက်ရတတ်သည်။

ဒီလိုဒုက္ခတွေကို ကြောက်၍လည်း ရန်ကုန်သူ





ရန်ကုန်သားတို့သည် အစောကြီးရောက်လာနေရာယူပြီး ပွဲချိန်မရောက်မီ ပြန်လာတတ်သောအကျင့်ဖြစ်နေသည်ဆိုက မှားအံ့မထင်။

ဖတ်ပွဲကြည့်သည်နှင့် တူသေးတော့၏။

အရေးကြီးသည်က ပွဲမစမီ ကိုယ့်ဖျာဆီသို့ အရင်ရောက်ဖို့အရေးကြီးနေပြီး အော်ပရာပြီးပြီ၊ ရှေ့ဝိုင်းပြဇာတ်ပြီးပြီ၊ ကိုယ်နေရာရပြီးနောက် ကိုယ်ကြည့်ချင်သည်ကိုကြည့်ပြီးသည်နှင့် နောက်ပိုင်းဇာတ်ကိုကြည့်ချင်ဆက်ကြည့်၊ မကြည့်ချင်လျှင် ထပြန်ရုံဖြစ်သည်။

ဒေါ်ညီညိုလွင်နှင့် စောညိုလွင်ကို ဧည့်ကြိုလုံမလေးတစ်ဦးက ရှေ့ဆောင်ခေါ်လာပါ၏။ သို့တစေ ဘယ်နေရာတွင် ထိုင်ခုံတွေ လစ်လပ်နေသည်ဟု ဧည့်ကြိုမလေးမသိရှာ။

သူမ၏ရှေ့ဆောင်လာမှုမှာ နေရာလပ်တွေ့လျှင် ထိုင်နိုင်းမည်ဆိုသည့် သဘောလောက်သာရှိပေသည်။

"ဟော ... ဒေါ်ညိုညိုလွင် လာလာ ဒီမှာထိုင်ပါ"

အလယ်မင်းလမ်းဘေး၏ လေးယောက်ထိုင်စားပွဲတစ်လုံးမှ ဦးမင်းမောင်သည် ယောင်လည်လည် လျှောက်လာသော ဒေါ်ညိုညိုလွင်နှင့် စောညိုလွင်ကို မတ်တတ်ရပ်ဆီးကြိုနှုတ်

www.burmeseclassic.com



ဆက်ရင်း သူ၏စားပွဲသို့ ထိုင်ပါရန် ဖိတ်ခေါ်လိုက်သည်။

ကြည့်လိုက်တော့စားပွဲမှာပင် လေးယောက်တစ်ဝိုင်းပြည့်နေသည်ကို ဒေါ်ညိုညိုလွင်တွေ့ရပါ။ စားပွဲဝိုင်းတွင် သားနားသော ဝတ်ကောင်းစားလှဖြင့် လူရွယ်နှစ်ဦးထိုင်နေကြသည်။

ဦးမင်းမောင် တစ်ဦးထည့်တွက်လျှင်သုံးဦး၊ နောက်တစ်ဦးက အိန္ဒိယနွယ်ဖွား အမျိုးသားကြီးတစ်ဦး။

သည်တော့ လေးယောက်ဝိုင်းစားပွဲတွင် လူလေးယောက်ဖြင့် ပြည့်နေခဲ့သည်။ ဒီကြားထဲက ဦးမင်းမောင်သည် ဒေါ်ညိုညိုလွင်နှင့်သား စောညိုလွင်တို့ကို သူ၏ဝိုင်း၌ စင်ထိုင်ရန် ဖိတ်ခေါ်နေပါသေး၏။

"ကျွန်တော်တို့သွားမယ် အန်ကယ်(လ်) ... "

သားသားနားနားဝတ်ဆင်ထားသော လူရွယ်နှစ်ဦးက ဦးမင်းမောင်ကို နှုတ်ဆက်ပြီး စားပွဲမှထသွားကြသည်။

"ထိုင်ပါ ဒေါ်ညိုညိုလွင် ... ကျွန်တော်သုံးနာရီမထိုးခင်ကတည်းက ရောက်နေပါတယ် ... မျှော်ကြည့်တော့ ဒေါ်ညိုညိုလွင်တို့ မလာကြသေးဘူးလေ ... ဒါနဲ့မလိုလည်းလိုလည်း မြန်မာညီညွတ်ချင်းနှစ်ယောက်ကိုခေါ်ပြီး ဒီဝိုင်း





မှာ ထိုင်ခိုင်းထားခဲ့တာပါ ... "

ဘာပဲပြောပြော လတ်တလောအခြေအနေတွင် ဦးမင်းမောင်၏နေရာဖန်တီးပေးမှုက အဆင်ပြေသွားခဲ့ပါ၏။

ဒေါ်ညိုညိုလွင်တို့သားအမိမှာ နေရာအခက်အခဲတွေ့နေရခြင်းအတွက် အဆင်ပြေသွားခဲ့သည်။

ဦးမင်းမောင်တို့ဝိုင်းသည် ရှေ့ဝိုင်းကျသည်။ တီးဝိုင်းနှင့်လည်း နီးပါ၏။ သတို့သား သတို့သမီးထိုင်သည့်စင်နှင့်လည်းဝေးလှ။ ဒေါ်ညိုညိုလွင်နှင့် စောညိုလွင်တို့ ထိုင်လိုက်ကြသည်။

နေရာတကျထိုင်ပြီးသည်နှင့် စောညိုလွင်သည် တီးဝိုင်းရှိရာသို့ လှမ်းကြည့်လိုက်သည်။

"မာမီ ဟိုမှာကြည့်စမ်း ... တီးဝိုင်းက ဘီ–ဘီ ဝိုင်းလေ၊ တော်ဘီတို့ဝိုင်းပဲ ... "

ဒေါ်ညိုညိုလွင် လှမ်းကြည့်လိုက်သည်။ ဟုတ်ပါ၏။ တီးဝိုင်းအမည်ကို ဘီ–ဘီ ဟု အတိုကောက်ပေးထားသည်။ အရှည်မှာ Blue Boys ဟူ၍ ဖြစ်ပါ၏။

တီးဝိုင်းတွင် အော်ဂင်တီးသူ၊ ဒရမ်(မ်)တီးသူ၊ လီ(ဒ်)ဂစ်တာတီးသူ၊ ရမ်သမ်(မ်)တီးသူအားလုံးတို့မှာ အသက်နှစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခန့် လူရွယ်လေးတွေချည်းဖြစ်သည်။

သူတို့အားလုံးမှာ အပြာရောင် ဂျင်းဂျက်ကက်၊ ဂျင်းဘောင်းဘီကိုယ်စီဝတ်ဆင်ထားပြီး ဂျင်းဂျက်ကက်၏ကျောပိုင်းတွင် စာလုံးနီဖြင့် Blue Boys ဟု ရေးထားခဲ့သည်။

ထိုအထဲတွင် လိ(ဒ်)ဂစ်တာတီးသူ အဖွဲ့ခေါင်းဆောင်သူသည် စောညိုလွင်၏ခင်မင်သူဖြစ်သည်။ သူ့အမည်က ဘော်ဘီပဲဖြစ်၏။

တီးမှုတ်ဖျော်ဖြေနေသည့်ကြားက ဘော်ဘီသည် စောညိုလွင်ကို လှမ်းတွေ့သွားသည်။ ဘော်ဘီက ဂစ်တာတီးလျက်ကပင် စောညိုလွင်ကိုရယ်၍ လက်တစ်ဖက်မြှောက် နှုတ်ဆက်ပြီး တီးလက်စသီချင်းကိုဆက်တီးပါ၏။

အဆိုတော်တွေက ယနေ့ခေတ်လူကြိုက်များသော စတီဒီယိုအဆိုတော်တွေပဲဖြစ်ပါလေ၏။ ခေတ်လူငယ်ဆိုတာက သူတို့ကာလအချိန်အခါတွင် ပေါ်ပေါက်လာသည့် အဆိုတော်များကိုပဲ စွဲစွဲမက်မက်ရှိတတ်ကြသည်။ ဟိုးကုန်လွန်ခဲ့သည့်ကာလများကလည်း ထိုသို့ပင်ဖြစ်ပါလေ၏။ ဘင်ဂျိုကာလ၊ ဟာဝေယံဂစ်တာဟု လူသိမများဘဲ ခေတ်စားခဲ့သည့် မြန်မာဂီတဟု လူသိကာခေတ်စားခဲ့သည့် ပက်လက်လှန်ကာ ဘီနင့်ဖိကာတီးခဲ့ရသည့် ဂစ်တာခေတ်။





ဟွန်းတယောကြီးများ၊ တယောဂျားခေတ်စားခဲ့သည့် တယောတစ်ခေတ်။ ပီယာနိုခေါ် စန္ဒရားတစ်ခေတ်။

ပြီးတော့ မယ်နိုလင်(ခေါ်)မယ်ဒလင်ခေတ်။

အခု ဒီဘက်ခေတ်မှာ စပိန်လူမျိုးစု မူးဝါးလူမျိုးများ တီးခတ်သည့် စပင်နာ(ရှ်)ဂေတာခေတ်ပဲဖြစ်ပါလေ၏။

"မောင်စောညိုလွင်က ဂီတဝါသနာပါတယ်ထင်တယ် ဟုတ်လား ..."

ခေါ်ညိုညိုလွင်က စောညိုလွင်မဖြေမီမှာပဲ သွက်လက်စွာ ဝင်ရောက်ပြောဆိုလာခဲ့၏။

"သားကတော့ မပြောနဲ့တော့ ဦးမင်းမောင် အဲဒီဘက်မှာ ဝါသနာသိပ်ကြီးတယ် ... အိမ်မှာဆို အင်စတူးမင့် အကုန်ဝယ်ပေးထားတယ် ... သူ့ဒက်ဒီရှိတုန်းကတည်းက အလိုလိုက်ထားတာလေ ... ကျွန်မက ကျောင်းစာဘက်နဲ့မို့ အဲဒီဘက်ကို လျှော့ခိုင်းထားရတယ် ..."

ဦးမင်းမောင်က ဦးခေါင်းကို ညင်သာစွာညိတ်ရင်းပြုံးနေသော မျက်နှာကိုခပ်တည်တည်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသွင်က တောင်းပန်ဟန်ပါရှိနေခဲ့ပါလေသည်။

"သူ့အတ်ဒီရှိတုန်းကဆိုမှ ဒေါ်ညိုညိုလွင်ကို တောင်းပန်စကားဆိုရဦးမယ် ... ဦးမောင်မောင်လွင် ဆုံးသွားတာကို သတင်းစာနာရေးကြော်ငြာမှာ ကျွန်တော်တွေ့ခဲ့ပါတယ်၊ ဒါပေမဲ့ မလာဖြစ်ခဲ့ပါဘူး ... အဲဒါကိုခွင့်လွှတ်ဖို့ပါ"

ဒေါ်ညိုညိုလွင်မှလည်း ဦးမင်းမောင်စကားအတွက် စိတ်ဆိုးမာန်ဆိုးရှိလေဟန်မပြဘဲ သူမကပင် တစ်စုံတစ်ခုအတွက် မျက်နှာပူနေဟန်ရှိနေခဲ့ပါလေ၏။

"ဩော် ... ရပါတယ်ဦးမင်းမောင် ... ကျွန်မအနေနဲ့လည်း ဦးမင်းမောင်ရဲ့ဇနီးဆုံးတာကို သိတောင်မသိလိုက်ပါဘူး၊ အဲဒီအတွက် ကျွန်မဘက်ကလည်း မျက်နှာပူမိပါတယ်ရှင်၊ တောင်းပန်ပါတယ် ဦးမင်းမောင် ..."

"ဩော် ... ဩော် ... အဲဒီအတွက်တော့ မတောင်းပန်ပါနဲ့ ဒေါ်ညိုညိုလွင် ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဇနီးနာမည်က ဘယ်သူဘယ်ဝါဆိုတာတောင်မှ ဒေါ်ညိုညိုလွင် သိမှာမှမဟုတ်တာ ... အဲ ဦးမောင်မောင်လွင်ကျတော့ တိုင်းသိ၊ ပြည်သိ ညွှန်ကြားရေးမှူးချုပ်ရာထူးဂုဏ်ရှိန်နဲ့ဆို





တော့ လူခြင်းမသိပေမယ့်လည်း သိနေတဲ့သဘောပါ ... နောက်ပြီး သတင်းစာထဲမှာ ဒေါ်ညိုညိုလွင် ကြော်ငြာတာထက် ဒီပြင်အသင်းအဖွဲ့တွေက ထပ်တူဝမ်းနည်းကြောင်း ကြော်ငြာတွေဆက်တိုက်ကြီးပါနေတော့ ကျွန်တော်တို့မသိဘဲ နေလို့မရတော့ဘူးလေ ..."

ဒေါ်ညိုညိုလွင်မှာ ဘယ်လိုပြန်လည်ပြောရမည်မှန်းဝင်မသိနိုင်ပါလေတော့။ ဦးမင်းမောင်ပြောနေသောစကားတို့သည် ဗတ်ဝန်းကျင်မှာကြားရသူများအဖို့ သာမန်ဝတ်ကျေဝတ်ကုန်ပြောနေသည်ထင်ရသော်လည်း ဦးမင်းမောင် ဘာကိုညွှန်း၍ပြောနေမှန်း ဒေါ်ညိုညိုလွင် တစ်ယောက်တည်းက ကောင်းကောင်းကြီးသိပေသည်။

တိုတိုလေးပြောစတမ်းဆိုလျှင် ဦးမင်းမောင်၏ဇနီးက မထင်မရှားပါမွားမို့ အသုဘရှုပနက်စွတွင် ဒေါ်ညိုညိုလွင်မသိလည်း ကိစ္စမရှိ၊ မလာလည်းကိစ္စမရှိ တောင်းပန်စရာလည်းမလိုဟူသော အဓိပ္ပာယ်ပဲ ဖြစ်ပါလေသည်။

ဦးမောင်မောင်လွင်လိုလူမျိုး၏ အသုဘရှုပနက်စွတွင် အပြစ်မယူဘဲပျက်ကွက်ခဲ့သည်ကိုသာ ခွင့်လွှတ်ရန်တောင်းပန်

www.burmeseclassic.com

www.burmeseclassic.com



ဖို့လိုသည်ဟု ဦးမင်းမောင်က ဖွတ်ပြောနေခြင်းမျိုးဖြစ်တော့သည်။ ဒေါ်ညိုညိုလွင်သည် အပြစ်မရှိ မိမိသာအပြစ်ရှိသည်ဟု ဦးမင်းမောင်က မှတ်ယူထားသည်ပဲ ဖြစ်ပါ၏။

တော်ပါသေး၏။

ဒေါ်ညိုညိုလွင် ဘာစကားပြန်ပြောရမည်မှန်းမသိခင်မှာပင် သီချင်းတစ်ပုဒ်ဆုံးသွားသောအခါ ဘော်ဘီ၏ သူ့ဂစ်တာကို တခြားလူရွယ်တစ်ဦးလက်သို့အပ်ကာ စောညိုလွင်ရှိရာစားပွဲသို့ ရောက်လာခဲ့၏။

"ဟော ... အညို ... ဒါနဲ့ မင်းဒီပွဲကို မင်းမလာဘူးဆို"

"ဟုတ်တယ်ကိုဘော်ဘီ ... ပထမတုန်းကတော့ မလာဘူးလို့ပဲ မာမီကိုပို့ကာနီးကျမှ စိတ်ကူးပေါက်ပြီးလိုက်လာတာ"

အကျိုးအကြောင်းကို စောညိုလွင်က ဘော်ဘီအား ရှင်းပြလိုက်သည်။

"မင်း စိတ်ကူးပေါက်ပြီးလိုက်လာတာအတော်ပဲပေါ့အညို၊ ဒါဆို မင်းအနည်းဆုံးနှစ်ပုဒ်ဆိုပေးရမယ် ..."

"ဟာဗျာ ... ဒီမှာတော့ မဆိုချင်ပါဘူး ကိုဘော်ဘီရာ"

"မရဘူးအညို ... မရဘူး ... တို့ဝိုင်းကဝိုင်းသစ်မို့ အရှိန်ယူနေတာ ... ဒီပွဲမျိုးမှာ မင်းကိုလည်း ပွဲထုတ်ရမယ်၊ တို့ဝိုင်းလည်း မင်းအရှိန်ကိုယူရမယ် ... လာကွာ"

"ဟင့်အင်း ကိုဘော်ဘီ ..."

"မရဘူးကွာ ... မင်းဆိုကိုဆိုပေးရမယ် ... အန်တီလွင် အညိုကိုခေါ်သွားမယ်နော် ... အခုသုံးနာရီခွဲမှာသတို့သမီးနဲ့ သတို့သားပွဲထုတ်မယ် ... ကီးဘုတ်နဲ့ပဲ အခါတော်ပေးတီးပေးရမှာ၊ ပထမတာတော့ အမျိုးသမီးအဆိုတော်ဆိုပေးဖို့ပဲ၊ ဒါပေမဲ့ သတို့သားအဖေကြီးက အောင်မြင်တဲ့ယောက်ျားအသံနဲ့ဆိုပေးပါတဲ့ ... လာကွာ ... မင်းက ဘယ်သံ ညာသံ အားလုံးပိုင်တာ ... အခါတော်ပေးကိုမင်းဆိုပေး ... နောက်ပြီး ဒီပြင်စတီရီယိုနှစ်ပုဒ်လည်း ထပ်ဆိုပေးအညို"

ဘော်ဘီဆိုသူက တကယ့်ဖွတ်သမားပဲဖြင့် ပါလေသည်။ သူတို့အချင်းချင်း အပေါင်းအသင်းတွေဖြစ်ကာ တစ်ဦးနှင့်တစ်ဦးလည်း လူနိုင်တွေဖြစ်ပုံလည်းရှိသည်။

စောညိုလွင်ကို ဖွတ်ပင် ကုလားထိုင်မှဆွဲထူနေခဲ့သည်။ ဘော်ဘီက စောညိုလွင်ထက် အသက်လည်းပိုကြီးသည်။ အလလည်း ပိုကြီးသည်။






www.burmeseclassic.com

www.burmeseclassic.com



နွတ်မှုနွတ်၊ ဒီထက်ဆွဲခေါ်လျှင် စောညိုလွင်ဒရွတ်တိုက်ပါရချေတော့မည်။

"လိုက်သွားပါလား ... ဒီလိုပိုင်းကြီးမှာ ညိုညိုဆိုတာလည်း မာမီကြားဖူးသွားရတာပေါ့ ... "

ဟာဗျာ ဟာဗျာနှင့် ငြင်းရင်း စောညိုလွင်သည် ဘော်ဘီခေါ်ဆောင်ရာသို့ လိုက်ပါသွားရတော့သည်။

"ညိုညို ... ဟုတ်လား ... "

"ရှင် ... "

ဘော်ဘီနှင့် စောညိုလွင်တို့ထွက်သွားပြီးနောက် ဦးမင်းမောင်သည် "ညိုညို"ဟုတ်လားဟုလေးပင်သောအသံကြီးဖြင့်ပြောလိုက်လေသည်။

"ဪ ... စောညိုလွင်ကို ညိုညိုလို့ခေါ်သလားလို့ပါ ... ဟိုသူငယ် ဘော်ဘီကလည်း အညိုလို့ခေါ်သံကြားလိုက်လို့ပါ ... "

"ဟုတ်တယ်ဦးမင်းမောင် ... အိမ်မှာတော့ သားကို ညိုညိုလို့ပဲခေါ်ကြတယ် ... အိမ်နဲ့ရင်းနှီးတဲ့ သူ့အပေါင်းအသင်းတွေကလည်း အညိုလို့ပဲခေါ်ကြတယ် ... "





ဦးမင်းမောင်သည် ဒေါ်ညိုညိုလွင်အား တစ်ချက်စိုက်ကြည့်လိုက်သည်။ ဒေါ်ညိုညိုလွင်သည် ဦးမင်းမောင်၏အကြည့်ကို ရှောင်ရှားရင်း သားရှိရာတီးဝိုင်းဆီသို့ မျက်နှာလွှဲလိုက်သည်။

ဦးမင်းမောင်ကိုယ်တိုင်လည်း ဒေါ်ညိုညိုလွင်ထံမှ မျက်နှာလွှဲကာ ပတ်ဝန်းကျင်ညွှေ့ပရိသတ်ဆီသို့ ဝေ့ဝိုက်ကြည့်ရင်း

"ကျွန်တော် ငယ်ငယ်တုန်းကလည်း ညိုညိုဆိုတဲ့ မိန်းကလေးတစ်ယောက်ကို 'မညို'လို့ခေါ်ခဲ့ဖူးတယ် ... အဲဒါတွေ ဒေါ်ညိုညိုလွင် မှတ်မိကောင်းပါရဲ့နော် ... "

ဒေါ်ညိုညိုလွင်က မသိကျိုးကျွံပြုလိုက်လေသည်လားတော့မသိ။

"ဟော ... သတို့သားနဲ့ သတို့သမီးပွဲထွက်ပြီ ... "

ဒေါ်ညိုညိုလွင်က ဟိုတယ်ကြီး၏အဝင်ဝဆီသို့ လှမ်းကြည့်ရင်း ပြောလိုက်ပါ၏။

မှန်၏။ ညွှေ့ပရိသတ်အားလုံးသည် ဦးခေါင်း လည်ဖြန့်ပင် သတို့သားနှင့် သတို့သမီးအား ပွဲထုတ်လာရာဆီသို့ ကြည့်ခဲ့ကြလေပြီ။

ဦးမင်းမောင်သည် ဒေါ်ညိုညိုလွင်ကို ကျော်ခနဲတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ကြည့်လိုက်ပြီး ရင်အုပ်ကြီးမို့တက်လာအောင် ဝင်သက်ရှူသွင်းကာ ထွက်သက်ကို မှုတ်၍ချလိုက်မိသည်။

လူမသိ သူမသိ သက်ပြင်းကြီးတစ်လုံး ဦးမင်းမောင်၏ရင်ထဲမှ ထွက်သွားပါတော့၏။ ထို့နောက်တော့ သူများနည်းတူ သတို့သားနှင့် သတို့သမီးထွက်လာရာလမ်းသို့ ဦးမင်းမောင်လည်း မျှော်မှန်းကြည့်မိတော့သည်။

၌ သူ့အား Master of Ceremony ဟုခေါ်ခေါ် ဘိသိတ်ဆရာပဲခေါ်ခေါ် သတို့သားသတို့သမီးရှေ့မှ ငွေဖလားကြီးကိုကိုင်ကာ ဦးစီးခေါင်းဆောင်ပြုလာသူမှာ ...

ဗိုလ်မှူးဆရာဦးစိန်လွင်လေးပင် ဖြစ်ပါလေ၏။

သူ့အား ဗိုလ်မှူးဆရာဟု ကင်ပွန်းတပ်ပေးရာတွင် အဘယ်ကြောင့် ယင်းသို့ နှုတ်ကင်ပွန်းတပ်ရသည်ကို ရှင်းပြရန်လိုမည်ဟုထင်ပါ၏။

သူ၏လက်ရှိရာထူးအဆင့်သည် ဗိုလ်မှူးအဆင့်။

ဒါကတော့ရှင်းသည်၊ ဗိုလ်မှူးအဆင့်မို့ ဗိုလ်မှူးစိန်လွင်လေးဟုခေါ်လိုက်ရုံပဲဖြစ်သည်။

ဒါပေမဲ့ ဆရာဦးစိန်လွင်လေး။





အဲဒါ "ဆရာ"ဆိုသည့် ဂုဏ်ပုဒ်ကျတော့ ဆရာစိန်လွင်လေး၏ရှည်လျားစွာသော ပိုင်ဆိုင်ထားသည့် ဂုဏ်ပုဒ်တွေရှင်းပြမှ ဖြစ်ပါလေမည်။ ဂုဏ်ပုဒ်ကများလှသည်။

ကထိက ဦးစိန်လွင်လေး၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဒီဂျေတဲ့၊ ဒါက ဂုဏ်ပုဒ်တစ်ခုပဲဖြစ်သည်။

စာရေးဆရာ စိန်လွင်လေး၊ ဒါက ဂုဏ်ပုဒ်တစ်ခုပါ။

ဓာတ်ညွှန်းဆရာ စိန်လွင်လေး၊ ဒါသည်ကနောက်ဂုဏ်ပုဒ်တစ်ခုပဲဖြစ်သည်။

အဲ ... ပြီးတော့ ဘိသိက်ဆရာဦးစိန်လွင်လေး၊ အဲဒါထိ နောက်ထပ်ဂုဏ်ပုဒ်တစ်ခုပဲဖြစ်ပါလေသည်။

ဦးစိန်လွင်လေးတွင် "ဆရာ့သမား"ဟု ကင်ပွန်းတပ်မှု ဝိသေသနပြုရန်တွေ များလွန်းလှသည်။

အခြား "ဆရာသမား" ဝိသေသနတွေသည် ဆရာဦးစိန်လွင်လေး၏ အသက်မွေးဝမ်းကျောင်းတွေဖြစ်ကောင်း ဖြစ်မည်ထင်သည်။

သို့တစေ ...

ဘိသိက်ဆရာ ဦးစိန်လွင်လေးအပိုင်းကျတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ခံများ မဖြစ်ကောင်းဖြစ်မည်။ တတ်သည့်ပညာ မနေသာသော ကြောင့်လည်းကောင်း၊ သို့မဟုတ် ဆရာ ဦးစိန်လွင်လေး ကိုယ်တိုင် ကပင် ကောင်လေးနှင့် ကောင်မလေး ညားကြလေသတည်းဆို သည့်ကဲ့မှု့၌ စိတ်ဝင်စားတတ်လွန်း၍လည်းကောင်း၊ ဒီကိစ္စမျိုးကျ တော့ ဆရာဦးစိန်လွင်လေးသည် ကိုယ့်ထမင်းကိုယ်စားပြီး ဘကြီး နွား့ကျောင်းပေးသူမျိုး ဖြစ်နေပြန်ပါလေသည်။

အလိုက်မသိသော မင်္ဂလာပွဲရှင်တွေ့ ကွမ်းအရိုး၊ လက်ဖက်ကနိုက်ကျွေးဖော်မရသော်လည်း ဘိသိက်ဆရာကြီး ဦးစိန်လွင်းလေးကတော့ ရှေ့ဆုံးမှမားမားမတ်မတ်ပင်။

ဘိသိက်ဆရာ ဦးစိန်လွင်လေးသည် အဝါရောင်အုပ် ပေါင်းအပေါ် ဖုံးအဖြူကြိုးကြီးချိတ် အဝါပဝါစလွယ်သိုင်းပြီး ရှေ့ဆုံး မှပင်ဖြစ်ပါ၏။

သတို့သားက စစ်ဝတ်စုံယူနီဖောင်းအပြည့်နှင့်ဖြစ် သည်။ လူပျိုရံတွေကလည်း ယူနီဖောင်းနှင့် စစ်ဗိုလ်လေးနှစ်ဦးပင်။

အပျိုရံနှစ်ဦးသည် ခင်ပပနှင့် မြခွာညိုတို့ပဲဖြစ်ကြ သည်။ သင့်သင်းက ဓာပန်းရောင်ဝတ်စုံနှင့်မို့ အပျိုရံနှစ်ဦးကလည်း ပန်းရောင်ဝင်္ဂုံများကို ဝတ်ဆင်ထားခဲ့ကြသည်။





အခါတော် × ပေးတာက ×

နှုတ်ရေးတဲ့ ရွှေစာ × သာသနာရောင်လင်း ×

ကောင်းခြင်းခု × သည်ချိန်ခါ ×

ကီးဘုတ်တီးသံနှင့်အတူ စောညီလွင်၏ စည်၍ ဆောင်သောအသံသည် ကြည်အေးသာယာလှစွာပင် ထွက်ပေါ်လာ ခဲ့တော့သည်။

အသံကကြည်အေး၍ မင်္ဂလာသံနှင့် ပြည့်စုံပါ၏။

အင်းလျားကန်ဟိုတယ်မင်္ဂလာခန်းမကြီးထဲတွင် ည့်ဝရိသတ်ခြောက်ရာခန့်ရှိပါ၏။ သို့သော် လူတစ်ယောက်မျှမရှိ သသည်အလားထင်ရအောင် ငြိမ်သက်နေကြသည်။

ငယ်ရွယ်သူတို့၏ မင်္ဂလာပွဲတွင် ငယ်ရွယ်သူလူပျိုရံ၊ ာဝလှိုမျစ်သော အပျိုရံတို့သည် ဧည့်ပရိသတ်၏အမြင်အာရုံတွင် ာဝလွန်း၊ စွဲမက်ဖွယ်ဖြစ်လွန်းသည်ကြောင့် ရင်သပ်ရှုမောစွာ ငြိမ် သက်နေကြခြင်းမျိုး ဖြစ်ပါလေတော့သည်။

အောင်ဓေယျာ × ငွေခရု ×

ဓေယျတု × သဗ္ဗမင်္ဂလာ ×

သွန်း ဘိသက်ဖြာ ×



www.burmeseclassic.com

www.burmeseclassic.com



စောညိုလွင်၏ အသံအားကကောင်းလွန်းနေသည် ညည့်ဂရိသတ်ခြောက်ရာခန့် ငြိမ်နေအောင် ထိန်းထားနိုင်ခြင်းမှာ စောညိုလွင်၏အသံကောင်းမှု၊ အဆိုပိုင်နိုင်မှုသည်လည်း အပါအဝင် ပဲ ဖြစ်ပါလေသည်။ သီဆိုသူ၏ အဆိုကျွမ်းကျင်မှုက ပါးနပ်လွန်း သည်။

စောညိုလွင်သည် စင်မြင့်ပေါ်ရှိ မိုက်ကရိုဖုန်းရှေ့ မတ်ကတ်ရပ်၍ သီဆိုနေခဲ့ခြင်းဖြစ်ပါ၏။

ဆရာဦးစိန်လွင်လေး ဦးမောင်ကြီး သတို့သားနှင့် သတို့သမီးပွဲထုတ်ရာကတည်းက စောညိုလွင်၏မျက်ဝန်းအကြည့် သည် အပျိုရုံမလေး မြခွာညိုထံသို့ ရောက်ရှိသွားပါ၏။

ပါးစပ်က သီချင်းသီဆိုနေသော်လည်း မျက်ဝန်း အကြည့်က အပျိုရုံမလေး မြခွာညိုထံသို့ လိုက်လံကြည့်နေမိသည်

လှလိုက်သည့်ဖြစ်ခြင်းကတော့ နှင်းတုဘက်ကင်း သည်။ နဂိုကတည်းက နေ့စဉ်ကျောင်းဆင်းကျောင်းတက် ရိုးရိုး လေးဝတ်ဆင်ထားသည်ကပင် စီးပွားရေးတက္ကသိုလ်၏အလှကေ မလေးဖြစ်လာခဲ့သည်။

ယခုလို တမင်တကာလှသည်ထက်လှအောင် ဝတ်





ဆင်ယင်ပြီး လိမ်းခြယ်သထားလိုက်သည့်အခါ အပျိုရုံမလေး ခွာညိုမှာ လှချင်တိုင်းလှနေပါလေတော့၏။

မြခွာညိုကလည်း ကြည်လင်အေးမြပြီး အောင်မြင် သောအသံ၊ စွဲမက်ဖွယ်ရာအသံရှင်သည် မည်သူဖြစ်လေသနည်းဆို သည့်အကြည့်ဖြင့် တီးဝိုင်းစင်မြင့်ရှိရာသို့ လှမ်းကြည့်လိုက်မိသည်၊

"အို ..."

မြခွာညို၏ပန်းနုရောင်နှုတ်ခမ်းလေးသည် ဝယုံး လိုဝိုင်းသွားအောင် အံ့သြသွားခဲ့ရပါလေ၏။

အကြောင်းမှု သီဆိုနေသူမှာ စောညိုလွင်ဖြစ်နေမန်း သွားသောကြောင့်ပင်ဖြစ်သည်။

စောညိုလွင်သည် မြခွာညိုနှင့် မျက်လုံးချင်းဆုံ ကြရပါ၏။ မျက်လုံးချင်းဆုံမိသည်နှင့် စောညိုလွင်က သီချင်း ရင်းမှပင် နှုတ်ဆက်ပြုံးတစ်ခုကို ပြုံးပြလိုက်ပါလေသည်။

မြခွာညိုက မပြုံးသည်တော့မဟုတ်။ ဖွဖွလေးပဲ ပြုံး လေသည်။

ထိုအပြုံးကပင် စောညိုလွင်၏စိတ်များကို ကယိမ်း ယိုင်ဖြစ်သွားစေခဲ့ပါ၏။ မြခွာညိုက အကြည့်လွှဲကာ ရှေ့သို့သာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်၍လျှောက်သွားခဲ့သည်။

ဒေါ်ညိုညိုလွင်သည် ပရိသတ်တစ်ခုလုံးအား ထိန်းထားနိုင်စွမ်းရှိအောင် သီဆိုနိုင်သောသားတော်မောင် စောညိုလွင်ထံသို့ လှမ်းကြည့်မိပြန်သည်။

အိမ်မှာလည်း သား စောညိုလွင်သည် ဂစ်တာတစ်လက်နှင့် တီးခတ်သီဆိုလေ့ရှိတတ်သည်ကို ဒေါ်ညိုညိုလွင်ကြားနေမြင်နေခဲ့ရဖူးသည်။

သို့တစေ၊ ဤမျှလောက်အထိ သီဆိုနိုင်စွမ်းရှိမည်ကိုတော့ သူမ မခန့်မှန်းနိုင်ခဲ့၊ အမှုမဲ့ အမှတ်မဲ့ပင်ရှိခဲ့သည်။ ကိုယ့်သားသမီးဖြစ်နေ၍လားတော့မပြောတတ်ခဲ့ချေ။

အခုလို မင်္ဂလာဧည့်ခံပွဲမျိုးတွင် ပိုင်နိုင်ကျွမ်းကျင်စွာ သားစောညိုလွင် သီဆိုနိုင်စွမ်းရှိမည်ကိုတော့ တကယ့်ကိုမထင်ထားခဲ့ပါလေ။ တကယ့်ကိုပဲ မထင်မှတ်ခဲ့ပါလေ။

"အဲဒီ သီဆိုနေတဲ့သူက ဘယ်သူလဲဟင် … ရုပ်ကလည်းမိုက်တယ် … အဆိုကလည်းဗွတ်တယ်ဟယ် … "

"သိပါဘူးဟာ … လူသစ်နဲ့တူတယ် … ဒါပေမဲ့ တကယ့်သဘာနော် … သူဆိုတာနားထောင်ပြီး တို့တောင် မင်္ဂလာဆောင်ချင်လာပြီနော် … "

"ရှုံးတိုးတိုးပြောစမ်းပါ မိဝါရာ … စောစောက ဟိုစာ ပုံမှာထိုင်သွားသေးတယ်လေ … ကိုဘော်ဘီကြီး ဗွတ်ဒေါ် သွား လို့လိုက်သွားတာ ဟိုစုံတွဲရဲ့သားနတ်မောင်လေးမှ ဒေါ် တာ"

ဒေါ်ညိုညိုလွင်တို့စားပွဲနှင့်မနီးမဝေးစားပွဲမှ ဆယ်ကျော်သက်မလေး တစ်သိုက်သောင်းကျန်းနေကြခြင်းဖြစ်ပါ၏။

သူတို့ဘာသာတော့ တိုးတိုးပြောဟု တရှုံးရှုံးဘစ်ယောက်နှင့်တစ်ယောက် သတိပေးကြသော်လည်း သူတို့ပြောသည်တတစ်လုံးမျှ မတိုးသဖြင့် ဦးမင်းမောင်ရော ဒေါ်ညိုညိုလွင်ပါ အတိုင်းသားကြားနေကြရပါ၏။

"ဟိုစုံတွဲရဲ့သားတော်မောင်လားမှမသိတာ … "

ဟု တစ်ယောက်က ထင်မြင်ချက်ပေးလိုက်သံကြားလိုက်ရသည့် ဒေါ်ညိုညိုလွင်မှာ ကွက်ခနဲ ဦးမင်းမောင်ကို လှမ်းကြည့်မိ၏။

အလားတူပင် ဦးမင်းမောင်ကလည်း ဒေါ်ညိုညိုလွင်ကိုကြည့်မိပါလေ၏။







www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညိုညိုလွင် ခေါင်းငုံ့သွားသည်။ ဒေါ်ညိုညိုလွင်၏မျက်နှာကို ဦးမင်းမောင် အားတုံ့အားနာကြည့်မိသည်။

"အဟင်းဟင်း … ဒေါ်ညိုညိုလွင်ဘား ညိုညိုက ဘယ်ဆိုလို့လဲ … တကယ်တမ်းသာ အဲဒီဘက်ကိုဖောက်ချလိုက်ရင် တချီတည်းထိုးတက်လာနိုင်တယ် … ဒီခေတ်ထဲမှာ ဒီကလေးမျိုးတွေ အောင်မြင်တယ်ဆိုရင် ချက်ချင်းချမ်းသာသွားတာပဲ ဒေါ်ညိုညိုလွင် … "

ဒေါ်ညိုညိုလွင်သည် ခေါင်းငုံ့ထားရာမှ မော်၍ကြည့်လာခဲ့သည်။ ထိုအကြည့်ကို ဦးမင်းမောင်မသိဟန်ဆောင်နေလိုက်သည်။ ဆယ်ကျော်သက်မလေးများ စကားကို အမှုမဲ့နေဟန်၊ သတိမထားမိဟန်ဘဲ နေပြလိုက်ပါလေ၏။

ဒေါ်ညိုညိုလွင့်အကြည့် ရှောင်သွား၏။ မငုံ့မရဲမှ အကြည့်ရဲသွားသည်။

"သားကို ဒီအဆိုအတီးနဲ့ပတ်သက်ပြီး ကျွန်မအားမပေးပါဘူး ဦးမင်းမောင် … သူ သိပ်ဝါသနာပါလို့သာ မလွှော မတင်းလေး လွှတ်ပေးထားတာပါ … "

"ဒါပေမဲ့ ဒီဘက်မှာ သူပြောင်မြောက်နေတာတော့ အမှန်ပဲ၊





သူ့အဖေကလည်း အဆိုအတီးမဆိုးဘူးထင်တယ်၊ ဒါမျိုးဆိုတာက မျိုးရိုးလိုက်တတ်တယ်လေ … "

ဒေါ်ညိုညိုလွင်သည် ခပ်ဟဟတော့မပြုံး၊ နှုတ်ခမ်းသွန်ရုံတော့ ပြုံးဖြစ်ပါလေသည်။ ဒေါ်ညိုညိုလွင်သည် တအံ့တဩတွေ ဖြစ်သွားပုံရသည်။

"ညိုညိုရဲ့ဖေဖေ ဦးမောင်မောင်လွင်မှာ အဆိုအတီးနဲ့ပတ်သက်လာရင် ဝါးလက်ခုပ်တောင်မြည်အောင်တီးနိုင်တဲ့လူ မဟုတ်ပါဘူး ဦးမင်းမောင် … ဒါဆိုရင် ဦးမင်းမောင်ကို ကျွန်မ ပြန်မေးပါရစေ … ဦးမင်းမောင်လည်း ငယ်ငယ်က အဆိုကောင်းအတီးကောင်းတစ်ယောက်ပဲမဟုတ်လား … ဦးမင်းမောင်ရဲ့သမီး မြခ္ခာညိုလည်း ဖအေတူရင် အဆိုအတီး တတ်မှာပေါ့နော် … "

ဘိသိက်ဆရာ ဦးစိန်လွင်လေးက အပြောကောင်းကောင်း အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် သတို့သား၏မိဘမျိုးရိုးဂုဏ်ပုဒ်တွေ၊ သတို့သမီး၏မိဘမျိုးရိုးဂုဏ်ပုဒ်တွေဖွင့်ဟပြီး ဤကျက်သရေရှိလှသော မင်္ဂလာပွဲကြီးအကြောင်းကို ပြောဆိုနေပါ၏။

ဦးမင်းမောင်က ပြုံးကြည့်ကာ စကားဆက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မြွေဆိုလား ... ဘာမှမဖြစ်ထွန်းပါဘူး ... ဂီတအနုပညာနဲ့ပတ်သက်လို့ပြောပါလေ ... ဘာတစ်ခုမှ မတီးတတ်မဆိုတတ်ပါဘူး ..."

"ဦးမင်းမောင်က သင်မပေးလို့လား ..."

ဦးမင်းမောင်သည် ဒေါ်ညိုညိုလွင်စကားကြောင့် သွားဖြူတန်းနှင့်သွားစွယ်လေးများပေါ်အောင် ပြုံးလိုက်ပြန်ပါလေသည်။

"ကျွန်တော် အဆိုရော အတီးရော လုံးလုံးမကိုင်ဘဲ စွန့်ပစ်ခဲ့တာ ဒီနေ့ထိဆိုရင် နှစ်ဆယ့်တစ်နှစ် လေးလနဲ့ ခြောက်ရက်ရှိသွားပါပြီ ဒေါ်ညိုညိုလွင် ..."

ဒေါ်ညိုညိုလွင်သည် ဦးမင်းမောင်အား ဖျတ်ခနဲ ကြည့်လိုက်မိသည်။ ပြီးတော့ တွေးတွေးငေးငေးလေးဖြစ်သွားခဲ့ပြန်လေ၏။

ဘီသိက်ဆရာ၏စကားအဆုံးတွင် အင်းလျားလိတ်ဟိုတယ်အမှုထမ်းများသည် ကော်ဖီကရားတွေ လိုက်လံချတော့သည်။





အသားညှပ်ပေါင်မုန့်၊ ကိတ်မုန့်၊ ပတ်(စ်)တွေကို ဧည့်သည်များစတင်သုံးဆောင်ကြလေပြီ။

"မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ရွှေပွဲလာဧည့်ပရိသတ်ကြီးခင်ဗျာ ..."

စတီရီယိုအဆိုတော်တစ်ဦး သီချင်းတစ်ပုဒ်ဆိုအပြီးတွင် ဘော်ဘီသည် မိုက်ကရိုဖုန်းမှ ဧည့်ပရိသတ်ကြီးထံသို့ ခွန်းချိုစကားဆိုလိုက်သည်။

အမှန်တော့ ယခုလိုမင်္ဂလာပွဲမျိုးတွင် မည်သည့်အဆိုတော်က မည်သည့်သီချင်းဆိုပါတော့မည်ဟု ကြေညာလေ့မရှိတတ်။

ကြေညာစရာလည်း လိုမည်မထင်။

ဧည့်ခံပွဲတွင် လာရောက်သီဆိုသူများသည် နာမည်ကြီး အဆိုတော်တွေပဲဖြစ်ပါ၏။ သည်တော့ ပရိသတ်သိပြီး သူများသာဖြစ်သည်။

အဲ ... တစ်ခုတော့ရှိသည်။ လူသစ်တန်းအဆိုတော် ဆိုလျှင်တော့ ဦးအောင် စီစဉ်မှ ပရိသတ်နှင့်မိတ်ဆက်ပေးတော့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း B ... B တီးဝိုင်းခေါင်းဆောင်ဘော်ဘီမှ "ယခု သီဆိုမယ့်သူကတော့ အခုကျင်းပတဲ့မင်္ဂလာပွဲကျမှ ဝထမဆုံးစတင်သီဆိုတဲ့ တက်သစ်စအဆိုတော် စီပွားရေး တက္ကသိုလ်ကျောင်းသား စောညိုလွင်ဖြစ်ပါတယ် ... "

မင်္ဂလာပွဲလာဧည့်ပရိသတ် ငြိမ်သက်သွားသည်။

စင်မြင့်ပေါ်မှ စောညိုလွင်သီဆိုမယ့်သီချင်းကိုသာ မျှော်လင့်နေကြပုံရသည်။ သူတို့အကြည့်က စောညိုလွင်ရှိရာပဲဆုံနေခဲ့ကြသည်။

"မင်္ဂလာဧည့်ခံပွဲကိုရောက်ရှိလာကြတဲ့ ဧည့်ပရိသတ်များ ခင်ဗျား ... အခု စောညိုလွင်သီဆိုမယ့် "လိပ်ပြာလေးငယ်ငယ်"တေးသီချင်းရဲ့သံစဉ်ကတော့ ထွက်ပေါ်ပြီးသားတေး တစ်ပုဒ်ရဲ့သံစဉ်ပဲဖြစ်ပါတယ်၊ အံ့သြစရာပါပဲခင်ဗျား၊ တေးရဲ့ စာသားတွေကတော့ အခုစင်မြင့်ပေါ်ရောက်မှ စောညိုလွင် ကိုယ်တိုင် ချက်ချင်းစပ်ဆိုရေးသားပြီး "လိပ်ပြာလေးငယ်ငယ်"လို့ စောညိုလွင်ကပဲ သီချင်းအမည်တပ်လိုက်တာပါ၊ စောညိုလွင်ရဲ့ "လိပ်ပြာလေးငယ်ငယ်" လို့ အမည်ရတဲ့ သီချင်းကို ဆက်လက်နားဆင်ကြည့်ကြပါစို့လားခင်ဗျာ"





ဘော်ဘီက အဆိုတော်သစ်ကလေး စောညိုလွင်နှင့် ပရိသတ်ကို မိတ်ဆက်စကားပြောပြီး မိုက်ကရိုဖုန်းဘေးမှ ခွာထွက်သွားသည်နှင့် စောညိုလွင်သည် မိုက်ကရိုဖုန်းရှေ့သို့ရောက်လာခဲ့ပါ၏။ တီးဝိုင်းမှ သံစဉ်ကလေးများ စတင်တီးခတ်ခဲ့သည်။

လိဒ်ဂစ်တာသံ ... ရစ်မ်သမ်တာ၊ ဘေ့(စ်)ဂစ်တာသံများက ငြိမ့်ညောင်းစွာ ထွက်ပေါ်လာခဲ့သည်။

စောညိုလွင်က စတင်သီဆိုလိုက်သည်။

ပန်း × ပန်း × ပန်းတွေပေါ်တယ် × စုံတောလယ်
လိပ် × လိပ် × လိပ်ပြာတွေလည်း ထောင်သောင်းတွယ် ...

ခွန်အားကြီးတဲ့ လိပ်ပြာများရယ်
ပန်းပွင့်ကိုယ်စီပေါ်မှာနားကြတယ်။
ထိုစဉ်မှာတကယ် × လိပ်ပြာငယ်လေးယောင်လည်လည်။

သူ့မှာ × နားခိုစရာပန်းပွင့်မရှိပါလေတကယ်။

တေးစာသားလေးမှာ အဓိပ္ပာယ်ရှိသည်။ ခံစားချက်လေးပါဝင်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်တွေဟူသမျှ အပေါ်ဝယ် ခွန်အားကြီးမား သော လိပ်ပြာကြီးတို့က အသီးသီးနားခိုနိုင်ကြသော်လည်း ခွန်အား နည်းရှာသည့်လိပ်ပြာငယ်လေးတစ်ကောင်ခမျာ ခွန်အားကြီး လိပ်ပြာများနှင့်မရနိုင်။ မပြိုင်နိုင်သဖြင့် နားခိုစရာ ပန်းပွင့်မရှိရှာဘဲ ဖြစ်နေသည်တဲ့။

ဟေး × ဟေး × လိပ်ပြာလေးငယ်ငယ်
ဒီကိုလာခဲ့ကွယ် × မင်းအဖြစ်က သနားစရာပါ
တို့က ငုံနေရာက × ဖွင့်ပေးလိုက်ပါ့မယ်။
ဧည့်ခံပွဲလာလူကြီးတွေ ပြုံးကြသည်။

ဧည့်ခံပွဲလာ လူငယ်တွေ ဇီလင်ဖြစ်ခံစားရပါလေ တော့သည်။

ခွန်အားမရှိသော လိပ်ပြာငယ်လေးအား ငုံနေသော ပန်းငုံလေးတစ်ခုက လှမ်း၍ဖိတ်ကြားလိုက်ခြင်းဖြစ်ပါတော့သည်။

မင်းမှာနားစရာပန်းပွင့်မရှိတာကို သနားလို့ ပန်းငုံ လေးတစ်ခုက ချက်ချင်းပွင့်ပေးမယ်၊ လာပြီးနားပါလေတော့ဟု ဆို လာသည့်အဓိပ္ပာယ်ပင်ဖြစ်ပါလေ၏။

စတီရီယိုသီချင်းအတော်များများကို သီဆိုကြရာ





တွင် နားထောင်၍ကောင်းသော်လည်း တေးစာသားများကို ဘာဆို ဆို ဘာဆိုမှန်းမသိအောင် နားမလည်အောင် အသံလုံး၍ ဆိုသည် မှာ အများအပြားပင်ဖြစ်ပါလေသည်။

စောညိုလွင်က သံစဉ်နှင့် မီအောင် လိုက်ဆိုစေကာ ရှ အသံပီပြင်သည်။ စကားလုံးကွဲသည်။ နားထောင်သူတိုင်း တေး သား၏အဓိပ္ပာယ်ကို ကောက်ယူခံစားနိုင်သည်။

ကုဋေ ကုဋာ × ကျေးဇူးပါကွယ်။
ပန်းငုံပွင့်လေးရယ် × ဤကမ္ဘာတစ်လွှားဝယ် ×
မင်းတစ်ယောက်သာ × ကြင်နာနှလုံးအပြည့်ဆုံးပါ
ကယ် ကြင်နာနှလုံးအပြည့်ဆုံးပါတကယ်။

ဂစ်တာသံစဉ်က တဖြည်းဖြည်းတိမ်သွားသည်။

စောညိုလွင်၏သီဆိုသံကလည်း တိုး၍တိုး၍သွားခဲ့ ပြီး တေးသွားနှင့်သီဆိုသံရပ်သွားခဲ့သည်။

လက်ခုပ်သံတွေ ဆူညံသွားပါလေ၏။

ထုံးစံတော့မဟုတ်။

သို့သော် အဖွဲ့ခေါင်းဆောင်ဘော်ဘီက ရှေ့ပိုင်းမှာ သီဆိုသူအား ဧည့်ခံပွဲလာပရိသတ်နှင့် တင်ကြိုမိတ်ဆက်ပေး



www.burmeseclassic.com

www.burmeseclassic.com



သည့်ကြောင့် ဖြစ်နိုင်ပါလေသည်။

ယင်းကြောင့် လက်ခုပ်သံတွေစီခနဲ ဆူခနဲ ထွက်ပေါ်လာရခြင်းပဲ ဖြစ်ပါလေမည်။

လူတွေအသိုင်းအဝိုင်းနှင့်ဖြစ်လာလျှင် ဤနည်းနှင်နှင်လေးတွေသည် ဖြစ်တတ်ကြပါလေသည်။

ရင်ထဲတွင် သဘောကျလက်ခံသည့်အခါ လက်ခုပ်တီးချင်စိတ်ရှိလာခဲ့သည်။ ကိုယ်ကတော့ စ၍မတီးရဲ ယင်းအကြိုက်ဝယ် တစ်ယောက်နှစ်ယောက်လောက်က လက်ခုပ်တီးလိုက်ပြီဆိုလျှင် စိတ်ထဲတွင် တီးချင်လျှက်သားရှိနေသူတို့အားလုံး ရှေ့လူဦးဆောင်သမျှ လိုက်၍လက်ခုပ်တီးကြလေသည် မဟုတ်ပါလား။

ယခုလည်း ဆယ်ကျော်သက်မလေးတွေဝိုင်းကပင် စတင်တီးလိုက်သဖြင့် လက်ခုပ်သံများ စီစီညံညံဖြစ်သွားတော့၏။

ဆယ်ကျော်သက်မလေးတွေဆိုသည်က ကြိုက်လျှင် အားပေးတတ်ကြသည်။ သူတို့စိတ်ထဲရှိသမျှ ရဲရဲဝံ့ဝံ့ ဖော်ပြတတ်ပါ၏။

မအိုမနွေး၊ ခပ်တည်တည်ဟန်ဆောင်မနေတတ်ကြ။





အပျိုရုံမလေးမြခွာညိုသည် အများနှင့်အတူ လက်ခုပ်လိုက်၍ တီးမိတော့သည်။ အများယောင်၍ ယောင်တောင်မှန်းမြောက်မှန်းမသိထဲကတော့မဟုတ်။

မြခွာညိုစိတ်ထဲ နှစ်ခြိုက်သွားမိ၍ လက်ခုပ်တီးမိခြင်းပဲဖြစ်သည်။ ဘေးမှ အဖော်ဖြစ်သူ အပျိုရုံမလေးခင်ပပလည်း လက်ခုပ်တီးခဲ့ပါ၏။

"ဟေ့ ... မြခွာညို ... နင် သူ့ကိုသိတယ်မဟုတ်လား"

"ဟင့်အင်း ... "

ဗိုလ်ချုပ်ဈေးတွင် အမှတ်မထင်တွေ့ခဲ့ဖူးသော ...ည်း မြခွာညိုပြင်းပစ်လိုက်မိသည်။

ထိုရောအခါ ခင်ပပက စကားဆက်သည်။

"ဟာကွာ ... အဲဒီကိုမှာပဲတက်နေတာလေ ... စကောင်းရှီးယားကလေ နင်ကလည်းခက်လိုက်တာနော် ... မာစီးဒီးကားနက်ကြီးနဲ့ ကျောင်းတက်နေတာပဲ ... တို့ဘက်တွေမှာ အမြဲလိုလို ခဏခဏလာနေတတ်တာပဲ နင်သတိမထားမိဘူးလား ... "

"အမှတ်တမဲ့ပဲ ပပရဲ့ ... ကဲပါကွာ ... ရေခဲမုန့်တွေပျော်ကုန်မှ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ် ... အပျိုရုံပီပီ ဣန္ဒြေရှိရှိလေး နှုတ်လိုက်သော
ကြရအောင် ... ”

ရယ်ရယ်မောမောနှင့် အပျိုရုံနှစ်ဦးသည် စားပွဲပေါ်
ရှိရာမှ အဝတ်ကြတော့သည်။

တီးဝိုင်းမှ အဆိုကျော်များ တစ်လှည့်စီ တစ်ပုဒ်စီ
ဆက်၍ဖျော်ဖြေပေးနေပါ၏။

တီးဝိုင်းမှ တီးခတ်သံနှင့် သီဆိုသံများ ပျံ့လွင့်နေ
သည်။

ဧည့်ခံပွဲလာသူဧည့်သည်များ စားသောက်ပြီးစီးခဲ့
ည...ယားနာရီခွဲခန့်ဖြစ်ပါ၏။

ထုံးစံအတိုင်း ရန်ကုန်ဧည့်ပရိသတ်သည် တစ်ဦးနှင့်
တစ်ဦး ...ောင့်ကြည့်ကြသည်။

တစ်ဦးနှစ်ဦးက စ၍ပြန်ရန်ထိုင်နေရာမှ အသီးသီးထ
လိုက်ကြသည်နှင့် နောက်လူတွေသည် တသုတ်ပြီးတသုတ် ထကြ
တော့...ည်။

သတို့သားနှင့် သတို့သမီးကို လာရောက်နှုတ်ဆက်
ကြသည်။ ဟချို့ကျတော့လည်း တန်းစီနှုတ်ဆက်ရသည်ကို စိတ်





ရှည်သည့်အလား နှုတ်မဆက်ကြတော့။

ဟိုတယ်ထွက်ပေါက်ရှိရာသို့သာ တည့်မတ်စွာ
လျှောက်သွားခဲ့ကြတော့သည်။

“ဟော့ပ်ပ ... တို့တွေလစ်ကြစို့ ... လူတွေက သတို့သမီးနဲ့
သတို့သားကိုသာလာပြီးနှုတ်ဆက်တာကွ ... တို့ထိုင်နေရ
တာ ကြောင်တက်တက်နဲ့ပါလား ... ”

“အေး ... ဟုတ်တယ် ... ဒါဆို တို့တွေ ဘယ်လစ်ကြမလဲ
မြနွာညို ... ”

တီးဝိုင်းရှိရာသို့ မြနွာညိုအကြည့်ရောက်သွားခဲ့သည်။
“တီးဝိုင်းနားပဲ သွားကြရအောင်ပပ ... တီးဝိုင်းက ဧည့်ခံပွဲ
ပြီးတဲ့အထိ တာဝန်အရတီးပေးနေကြမှာပဲလေ ... ”

မြနွာညိုနှင့် ခင်ပပတို့တိုင်ပင်ပြီး လက်တွဲခဲ့ကြ
သည်။

တီးဝိုင်းပတ်လည်၌ ကောင်မလေးတွေအများကြီး
ဝိုင်းနေခဲ့ကြသည်။ သူတို့လေးတွေ၏လက်ထဲတွင် ကိုယ်စီကိုယ်စီ
အော်တိုစာအုပ်လေးတွေ ကိုင်ထားကြသည်။

“ကိုစောညိုလွင် ... အော်တိုရေးပေးပါ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီပြင်အဆိုတော်တွေရဲ့ လက်ရေးတွေအားလုံး အော်တိုထဲမှာရထားပြီးပြီ ... ကိုစောညိုလွင်ရဲ့ လက်ရေးပဲလိုတော့တယ် ..."

ကောင်မလေးတွေက သူတို့ဆန္ဒကိုပြောကြသည်။

စောညိုလွင်မှာ အော်တိုတွေတစ်ပုံကြီးကိုရေးဟယ်၊ လက်မှတ်ထိုးဟယ်နှင့် အလုပ်များနေခဲ့သည်။

အခု ပညာလောကဝယ် ဒါမျိုးတွေသည် မဆန်းပါလေတော့။ ရုပ်ရှင်၊ ဓာတ်သဘင်၊ တေးဂီတ၊ စာပေတို့၌ ပရိသတ်အကြိုက် ကြယ်တစ်ပွင့်တောက်ပလာပြီဆိုပါက ဤနည်းနှင့်ပင် မိတ်ဆက်သူတွေ၊ အော်တိုရေးခိုင်းသူတွေ ဒုနှင့်ဒေးပေါ်လာတတ်ပါလေသည်။

ဤညှော်ခံပွဲတွင် စောညိုလွင်၏အခါတော်ပေး သီချင်းနှင့် လိပ်ပြာလေးငယ်ငယ် သီချင်းတို့သည် ပရိသတ်၏ အသည်းနှလုံးကို ညို့ယူဖမ်းစားနိုင်ခဲ့ပါ၏။

အနုပညာသည်တစ်ဦးအတွက်သည့်ပင်လျှင် ဝမ်းတက်ပျော်ရွှင်ခဲ့ခြင်းဖြစ်ပါလေသည်။

ညှော်သည်တွေပြန်သွားကြသည်ဆိုပေမဲ့ သတို့သား





ဘက်မှ ဆွေမျိုးမိတ်ဆွေ သတို့သမီးဘက်မှ ဆွေမျိုးမိတ်ဆွေများ မပြန်ကြသေးပေ။ အမှတ်တရ ဓာတ်ပုံတွေကို တွဲရိုက်ကြသည်။

သတို့သားနှင့် သတို့သမီးနှင့် တွဲရိုက်ကြသည်။

ဆိုင်းအဖွဲ့သားတွေမှာလည်း ညှော်ခံပွဲမှာ သီးသန့်ကျွေးမွေးပြီးမှ စားသောက်ကြရသည်မို့ မပြန်ကြရသေး။

ဘော်ဘီတို့အုပ်စုစားသောက်နေကြစဉ်မှာပင် စောညိုလွင်အသာကလေးထွက်လာခဲ့သည်။

အပျိုရံ လူပျိုရံတွေနှင့် သတို့သား သတို့သမီးတို့ အတွဲတွဲ ဓာတ်ပုံရိုက်ရာနေရာသို့ စောညိုလွင်ထွက်လာခြင်းပဲဖြစ်ပါသည်။

စောညိုလွင်ရောက်သွားသည့်အချိန်မှာ မြခွာညို ဓာတ်ပုံရိုက်လှည့်ပြီးစီးသွားခဲ့ပြီ။ ဆွေမျိုးတစ်သိုက်မှာ ဓာတ်ပုံရိုက်နေဆဲဖြစ်သည်။

ခင်ပပသည် သတို့သမီး၏ညီမဖြစ်နေသောကြောင့် ဆွေမျိုးအုပ်စုထဲတွင်ရောထွေးပါနေခဲ့ပါ၏။

"မမြခွာညို ..."

"အယ် ... ကိုစောညိုလွင်ပါလား ... မပြန်ဖြစ်သေးဘူးနော်၊



www.burmeseclassic.com

www.burmeseclassic.com



အော်တိုတွေရေးပေးရလွန်းလို့ ပြန်ဖို့နောက်ကျနေတာထင်တယ် ...”

“ဒါကြောင့်တော့ချည်းပဲ မဟုတ်ပါဘူး မမြခွာညို ... ဘော်ဘီတို့ အခုမှစားကြသောက်ကြရတော့ အပြန်နောက်ကျတဲ့သဘောပါ ...”

“ကိုစောညိုလွင် စားပြီးပြီပေါ့ ...”

“ဟင့်အင်း ... မစားပါဘူး ... ဒီဘက်ကို တမင်ထွက်လာတာပါ ... မမြခွာညိုနဲ့မိတ်ဆွေဖြစ်ချင်လို့ ...”

မြခွာညိုက ပြုံးလိုက်သည်။

“ဟိုမှာကြည့်ပါလား ကိုစောညိုလွင် ... ဖေဖေနဲ့အန်တီတို့စကားလက်ဆုံကျနေလိုက်တာ လူကြီးချင်းခင်မင်နေတာပဲ၊ စောညိုလွင်နဲ့ မြခွာညိုလည်း မိတ်ဆွေတွေပဲပေါ့ ...”

လူသိုက်ကြားမှ မြခွာညိုနှင့် စောညိုလွင်တို့ ခွဲထွက်လာခဲ့ကြသည်။ ဦးမင်းမောင်နှင့် ဒေါ်ညိုညိုလွင်ရှိရာသို့ လျှောက်လာခဲ့ကြခြင်းဖြစ်သည်။

“မမြခွာညိုက မိတ်ဆွေအဖြစ် ကျွန်တော့်ကို လက်ခံစကားပြောနေတာ ကျွန်တော် ဘယ်လိုဝမ်းသာမှန်း မသိဘူး ... ကျောင်းမှာတွေ့လည်းခေါ်ပါ စကားပြောပါနော် ...”

မြခွာညိုက နှုတ်ဖြင့်တော့ မပြော၊ ဦးခေါင်းလေးသာ ညိတ်ပြလိုက်သည်။ ပြီးမှ မြခွာညိုက တခြားစကားကိုဆက်ပြောသည်။

“ဩော် ... ကွန်ကရက်ကျူလေးရှင်းလို့ပြောဖို့တောင် မေ့နေတယ် ...”

“ဘာလို့ ကွန်ကရက်ကျူလေးရှင်းပါပဲ မမြခွာညို ...”

“အယ် ... ကိုစောညိုလွင်က သိပ်အဆိုကောင်းတယ်လေ၊ အသံကလည်း အသံအားသိပ်ကောင်းတယ်၊ ဒီနေ့ဘိတ်ခ်ပွဲမှာ ကိုစောညိုလွင်စတားပဲ ... အမျိုးသမီးတွေဝိုင်းပြီး အော်တိုရေးခိုင်းတာပဲကြည့်ပေါ့ ... သိပ်ကိုအောင်မြင်သွားတာပဲ”

“အဲဒါလည်း မမျှော်လင့်ဘဲ အောင်မြင်သွားတာပါ မမြခွာညို၊ ကိုယ် ဘော်ဘီနဲ့ဆိုဟယ် တီးပုံယ်ဆိုတဲ့အလေ့အကျင့်တတော့ နဂိုကတည်းကရှိထားတာပါ ... ဒီနေ့ တကယ်အောင်မြင်သွားတာက “လိပ်ပြာလေးငယ်ငယ်”သီချင်းကြောင့်ပါ ...”

“ဟုတ်တယ်နော် ... ကိုစောညိုလွင်ရဲ့လိပ်ပြာလေးငယ်







www.burmeseclassic.com

www.burmeseclassic.com



ငယ်ဟာ အပြတ်ဖီလင်ပဲ၊ တကယ်ခိုက်ရတယ်၊ ဘာဖြစ်လို့ အခုမှ ကိုစောညိုလွင်က အခုစင်ပေါ်ရောက်မှပဲ ကောက် စပ်လိုက်တာဆို ... ”

“ဟုတ်တယ် မမြခွာညို ... အခုပညာဆိုတာ ကာယကံရှင် ရဲ့ခံစားချက်ပါလေ ပီပြင်လေမဟုတ်လား ... ဗိုလ်ချုပ်ဈေး ဘက်ကပြန်လာကတည်းက ကျွန်တော့်ရင်ထဲမှာ ခံစားလာ ရတာလေးတွေရှိလာတယ်၊ အဲဒီလိုခံစားနေရတုန်း ကိုဘော် ဘီက ဖွတ်စင်ပေါ်ဆွဲတင်တော့ ဆိုနေကျသီချင်းတွေ မဆို တော့ဘဲ ရင်ထဲမှာ ခံစားရတဲ့အတိုင်း သီချင်းကောက်စပ် လိုက်တာပါ ... ”

သူ့ရင်ထဲမှာ ရှိသမျှတွေကို ဖွင့်ချလိုက်သည်။

တည့်တည့်တော့ သူပြောသည်မဟုတ်ခဲ့ပါလေ။

ဟုတ်ပါလေပြီကော၊ လိပ်ပြာလေး-ငယ်ငယ်ကို ကိုစောညိုလွင် ဆိုလိုက်သည်နှင့် သူ၏ရင်ထဲမှ ပန်းငုံလေးပွင့်ဖေး ရန် ခံစားမျှော်လင့်ထားသည့် ခံစားချက်ဖြင့် သီဆိုလေသည်မှန်း မြခွာညိုရိပ်မိပါလေသည်။

သို့တစေ ...





သူမျှော်လင့်ထားသော ပန်းငုံလေးဆိုသည်မှာ မည် သူ မည်ဝါရယ်လို့တော့ မြခွာညို မသဲကွဲပါလေ။

အခုပြောလိုက်သောစကားထဲတွင် “ကျွန်တော် ဗိုလ်ချုပ်ဈေးကပြန်လာကတည်းက ရင်ထဲမှာ ခံစားလာရတာတွေ ရှိလာတယ်”ဟု ဆိုပါလေ၏။

ကိုစောညိုလွင်နှင့် မြခွာညိုတို့သည် ဗိုလ်ချုပ်ဈေး မထင်မှတ်ပါလေဘဲ ဆုံစည်းမိခဲ့ကြလေသည်မဟုတ်ပါလား။

မြခွာညို ရိပ်မိပါပြီ။ သို့သော် မသိကျိုးကျွံပင် မြခွာ ညိုဟန်မပျက်နေလိုက်ပါ၏။

“ဟော ... သမီး မြခွာညိုနဲ့စောညိုလွင်တို့ပါလား၊ ဖေဖေ တို့လည်း ပြန်ဖို့ မင်းတို့နှစ်ယောက်ကို စောင့်နေတာ၊ ဩော် ကွန်ဂရက်ကျူလေးရှင်း မောင်စောညိုလွင်၊ မင်းအသံ ကောင်းတယ်၊ အဆိုပိုင်းမှာလည်းကျွမ်းတယ်၊ မင်းကျောင်း က ဘွဲ့ရပြီးလို့ လုပ်သင့်တာလုပ်မယ်ဆိုရင် အဆိုတော်ဘဝ နဲ့ ပိုပြီးအောင်မြင်ဖို့သေချာပါတယ်”

“အိုး ... ဦးမင်းမောင်ကလည်း ကလေးကိုမြှောက်မပေးပါ နဲ့ ... ကျွန်မကတော့ ဒီအဆိုအတီးကြောင့် သားရဲ့ပညာရေး



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်မှာတော့င် စိုးရိမ်နေပါတယ်လို့ ပြောထားသားနဲ့ရှင်”

“မြောက်မပေးပါဘူး ဒေါ်ညိုညိုလွင် ... အရှိကိုအရှိအတိုင်း ချီးမွမ်းတာပါ၊ မင်းကျောင်းကထွက်၊ ဒီအလုပ်လုပ်လို့ပြော တဲ့သဘောမှမဟုတ်တာ”

“ဟုတ်သားပဲ မာမီကလည်း ... အန်ကယ်(လ်)က သားရဲ့ အောင်မြင်မှုကို ကွန့်ဂရက်ကျူလေးရှင်းလုပ်တာပဲဟာ”

ဓွာညိုလွင်သည် အန်ကယ်(လ်)ဦးမင်းမောင်ကို အပြစ်တင်ဟန်ဖြင့် ပြောလိုက်လေသော သူ့မာမီဒေါ်ညိုညိုလွင် ကို မကျေမနပ်သဖြင့် ပြောလိုက်မိပါလေ၏။

ဒေါ်ညိုညိုလွင်သည် ဆက်၍ရှုခြင်း၊ ကြိမ်းခြင်းမရှိ သည့်အပြင် သားကိုကြည့်ကာ ပြုံးပင်ပြုံးလိုက်သေးသည်။

“ကဲ ... မာမီတို့ပြန်ကြစို့ညိုညို ... မာမီအကြာကြီးထိုင်နေ ရတာ ညောင်းသွားပြီ ...”

“မြခွာညိုရေ ဖေဖေတို့လည်းပြန်ကြတာပေါ့ကွာ ...”

သမီးဖြစ်သူ မြခွာညိုအား ဦးမင်းမောင် ပြောလိုက် ပါ၏။ လေးယောက်သားတွဲ၍ မင်္ဂလာဟောလ်ကြီးထဲမှထွက်လာ ခဲ့ပါ၏။





ကောက်(ဖ်)ဝက်ဂွန်းကားနီလေးက တစ်နေရာမှာ ဆစ်ဒီးကားနက်ကြီးက တစ်နေရာစီ ခွဲရပ်ထားသည်မို့ ကိုယ်ကားရှိ ရာသို့ သားအမိတစ်တွဲ သားအဖတစ်တွဲသည် လျှောက်ခဲ့ကြသည်။

ဒီတော့ လူခြင်းကွဲသွားခဲ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ဘယ်အရာမှ ပုံသေတွက်ထားလို့မရတာအမှန်ပဲဖြစ်တော့သည်။

မြခွာညိုထံသို့ အချိန်မှန်သော ရထားကြီးဆိုက်ကပ်လာခဲ့ပြီ။ မြခွာညိုသည် ကျောင်းသို့ နေ့ခင်းဆယ့်နှစ်နာရီခွဲမှ ညနေလေးနာရီခွဲအထိ တက်ရသည်ကများသည်။

ဒီကြားထဲမှာ အားလပ်ချိန်ဟူ၍ရှိတော့ မရှိတတ်ပေ။ ဒီကြားထဲကမှ ကိုယ်ပိုင်သည်ထင်ရတတ်သော ဘာသာတွဲသင်ချိန်များတွင်မူ ကိုယ့်အဖော်နှင့်ကိုယ် အတန်းလစ်၍ မုန့်ဆင်းစားသည်မျိုးတော့ တစ်ခါတလေရှိတတ်ပါသည်။



မြခွာညို ကျောင်းသို့ရောက်ချိန်မှာ နေ့စဉ်ဆယ့်နှစ်နာရီတိတိဖြစ်တတ်သည်။ ဘောက်စ်ဝက်ဂွန်းကို ဖေဖေ၏လက်စွဲတော် ဒရိုင်ဘာကြီး ဦးစံဝက မောင်းပို့ပေးသည်။

ဖေဖေ၏ယခုလက်ရှိစီးပွားရေးလုပ်ငန်းမှာ ရန်ကုန်တစ်ဘက်ကမ်း ခနောင်တိုတွင် ဆန်စက်တစ်လုံးရှိသည်။ ယင်းဆန်စက်ကို ဖေဖေက မန်နေဂျာဦးငွေဖေ်နှင့်လွှဲထားခဲ့သည်။

အစိုးရစပါးတစ်ခုတည်းကိုသာ စက်ကြိတ်ခနှုန်းဖြင့်ကြိတ်ခွဲ၏။ အပြင်နဝလီစပါး၊ ဝမ်းစာစပါးစသည်တို့ကို ဖေဖေကကြိတ်ခွဲစေခဲ့၊ ဖေဖေ၏ဆန်စက်ကြီးကလည်း ၂၄ နာရီ တန် ၁၀၀ စက်ကြီးဖြစ်သည်။ တန်ချိန်ရာထောင်ချီ၍ ကြိတ်ခွဲလေမှ ကောင်းပါသည်။

ဝမ်းစာစပါးလှည်းတစ်စီးစာတို့၊ သမ္ဘန်တစ်စင်းစာ ကြိတ်မည်ဆိုပါက စက်ကြီး၏အယ်လီဗေတာခွက်တွေတွင် သည်းကောင်း၊ ငါးပုံကျောက်၊ ဆန်ဖြူကျောက်၊ ဘီလပ်ဇကာ သည်တို့တွင် ဆန်၊ ဆန်ကွဲတွေ ခိုကျန်တတ်သည်။

ဝမ်းစာသမား ကြိတ်သူအတွက် ဆန်၊ ဆန်ကွဲအရှုံးတတ်ပါ၏။ ဆိုရလျှင်၊ ဖေဖေ၏ဆန်စက်ကြီးတွင် ဝမ်းစာ

www.burmeseclassic.com

www.burmeseclassic.com



အစာကြိတ်ခဲ့လျှင် ဆင်ပါးစပ်နှမ်းပက်သည်သို့ဖြစ်ကာ ဝမ်းစာအတွက် ကြိတ်ခွဲသူတွင်မကိုက်တော့။

ဝမ်းစာအတွက် ကြိတ်ခွဲသူများမှာ ၂၄ နာရီတန်ချိန်နှစ်ဆယ်အစိတ်ကျ စက်လေးမျိုးများနှင့်သာ ကြိတ်သင့်သည်။

ယင်းအချက်ကို သက်ဆိုင်ရာများကလည်း နားလည်သဘောပေါက်သောကြောင့် ဖေဖေဦးမင်းမောင်၏ဆန်စက်သည် တန်ချိန်ရာထောင်ချီသော ကုန်သည်များနှင့် အစိုးရဆန်စပါးကိုသာ ကြိတ်ခွဲပါ၏။

မေမေမဆုံးမီကတော့ ဖေဖေဦးမင်းမောင်သည် ခနောင်တိုဆန်စက်ကြီးကိုဦးစီးခဲ့သည်။

ထိုစဉ်က ဦးငွေဇင်သည် တန်တေးခါ စက်ဆရာအဆင့်သာရှိသေးသည်။ မေမေဆုံးပြီးနောက် ဖေဖေက မြစ်ကူးချောင်းခြား ခနောင်တိုဆန်စက်ကို ကိုယ့်တိုင်ကိုယ်ကျ မအုပ်ချုပ်လိုတော့သဖြင့် တန်တေစက်ဆရာဦးငွေဇင်ကိုဆန်စက်၌ မန်နေဂျာခန့်အပ်ကာ အုပ်ချုပ်ကြပ်မတ်စေခဲ့သည်။

ဒါတင်မဟုတ်သေး။

သဃ်န်းကျွန်းဘက်တွင် ဆီစက်ကြီးတစ်လုံးရှိသေးသည်။





အိပ်စ်ပယ်လာလေးလုံးတပ်ဆင်ပြီး ရေနွေးငွေ့မောင်း ဆီစက်ကြီးပဲဖြစ်သည်။ မေမေဆုံးပြီးနောက် ဖေဖေသည် ဆီစက်ကြီးအားရောင်းချပစ်ခဲ့ပါ၏။

ထို့နောက် ကန်တော်လေးတွင် မော်တော်ကားဆားဗစ်စက်ရုံတစ်ရုံ ပြန်၍တည်ဆောက်ခဲ့သည်။

မော်တော်ကားဆားဗစ်စက်ရုံကိုတော့ ဖေဖေကိုယ်တိုင်ဦးစီးသည်။ နံနက်ကော်ဖီသောက်မုန့်စားပြီး ဆားဗစ်စက်ရုံသို့ ဖေဖေထွက်သွားသည်။ နေ့ (၁၂) နာရီ အလုပ်သမားတွေ ထမင်းစားချိန်မတိုင်မီ (၁၁) နာရီခွဲတွင် အိမ်ပြန်လာသည်။

ဖေဖေပြန်လာပြီး တအောင့်ခဏနေလျှင် ဦးစံဝကမြခွာညိုကို ကျောင်းလိုက်ပို့တော့သည်။

ထို့ကြောင့် မြခွာညိုသည် ကျောင်းသို့ (၁၂)နာရီဆိုဆွင် ရောက်နေတတ်ပါ၏။

ဗိုလ်ကြီးစောဖြူနှင့် ခင်မမတို့ လက်ထပ်ပွဲပြီးသွားသည့်နောက် တနင်္လာနေ့တွင် ခင်ပပတစ်ယောက် ကျောင်းပြန်ကောက်သေး။ အစ်မမင်္ဂလာဆောင်အပြီး အိမ်တွင်အလုပ်များနေပြန်



www.burmeseclassic.com

www.burmeseclassic.com



တူသည်။

ခါတိုင်းနေ့များတွင်ဆိုလျှင် ကျောင်းတက်ရန် နာရီဝက်ခန့်စောရောက်နေသော မြခွာညိုနှင့် ခင်ပပသည် ကျောင်းဝန်းကျင်တွင် ဟိုဒီလျှောက်သွားနေတတ်ကြသည်။

ဒါမှမဟုတ် အကြော်ဆိုင်တွင် ဘူးသီးကြော်တို့ အာလူးကြော်တို့ဝင်စားကြသည်။ ယနေ့ ခင်ပပကျောင်းသို့မလာခဲ့။

"ဟော ... ကိုစောညိုလွင်ပါလား ..."

"ဟုတ်ပါတယ် မမြခွာညို ... ကျွန်တော် မမြခွာညိုကို စောင့်နေတာပါ ..."

"အယ် ..."

ဖောက်စ်ဝက်ဂွန်းကားနီလေးရပ်ပြီး မြခွာညို ကားပေါ်ကဆင်းစကတော့ ဘယ်သူမှမတွေ့။ ကားပြန်ထွက်သွားပြီး ဘယ်ချောင်က ဘွားခနဲ ထွက်လာသည်မသိ၊ စောညိုလွင်သည် မြခွာညိုရှေ့သို့ရောက်လာခဲ့သည်။

"ဘာကိစ္စရှိလို့ မြခွာညိုကိုစောင့်နေတာလဲဟင် ..."

"ကိစ္စရယ်လို့တော့ ဘယ်ရှိပါ့မလဲ မမြခွာညို ... ဒါပေမဲ့ မမြခွာညိုနဲ့စကားပြောနေရရင် ကျွန်တော် သိပ်ပျော်တယ်။





ဒါကြောင့် စောင့်နေတာပါ ..."

"ကိုစောညိုလွင် အတန်းမတက်ဘူးလား ..."

"ဒီနေ့ အတန်းမတက်ဖြစ်ပါဘူး ... စိတ်လေနေလို့ဆိုပါတော့ မမြခွာညို ..."

"အိုး ... သေချာနေပြီပေါ့ ကျွန်မှာ ..."

မြခွာညိုက ရယ်ရယ်မြူးမြူးရွတ်နောက်သံလေးနှင့် ပြောလိုက်သည်။ စောညိုလွင်ကလည်းရယ်ပါလေ၏။

"လောင်းမလား မမြခွာညို ... ကျွန်တော်မကျစေရဘူး"

"ဒီလိုလစ်နေရင်လေ ..."

နှစ်ဦးသားသည် ဘယ်ကိုဟူသောရည်ရွယ်ချက်မြင့် မဟုတ်ဘဲ ကျောင်းကဗ္ဗရာလမ်းရှည်ကြီးကို အလျှားလိုက်လျှောက်နေမိကြသည်။

စောညိုလွင်က စကားစသည်။

"အတန်းလစ်တယ်ဆိုပေမဲ့၊ လစ်တဲ့ဘာသာက ကျွန်တော် ပိုင်ပြီးသားမို့ပါ မမြခွာညို ... ဘယ်လိုပဲအတန်းလစ်တယ် ပြောပြော ညဆိုရင်တော့ ကျွန်တော်စာကျက်မပျက်ပါဘူး"

"ညဘက်အိပ်ရေးပျက်ရင် ပင်ပန်းတာပေါ့နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘွယ်နှယ်လုပ်မလဲ" မမြနွာညိုလည်း ကျောင်းသူတစ်
ယောက်ပဲလေ ... ပင်ပန်းတယ်ဆိုပေမဲ့ ကျောင်းသားဘ၀
မှာ ပင်ပန်းတာကိုက အရသာပါမမြနွာညို"

မြနွာညိုသည် စောညိုလွင်ကို မသိမသာငေ့ဝဲ၍ ကြည့်လိုက်မိသည်။

ကွမ်းရိုးစင်းလေးတွေပါသော ရှပ်အင်္ကျီလက်ရှည် ၀တ်ထားခဲ့သည်။ အင်္ကျီလိပ်ထားပုံက မသေမသပ် အင်္ကျီလက်ကို လိပ်ရုံမျှသာ လိပ်ထားခဲ့သည်။ ထိုမသေမသပ်လိပ်ထားပုံကပင် ကြည့်ကောင်းနေခဲ့ပါလေ၏။

ရှပ်အင်္ကျီအောက်တွင် စွပ်ကျယ်ခံမ၀တ်ထားခဲ့၍ ပါးလှပ်သောကွမ်းရိုးစင်းတွေကြားမှ စောညိုလွင်၏ဖြူ၀င်းသော ရင်ညွန့်နှင့် ကျောပြင်သားလေးတွေကို ဝိုးတ၀ါးတွေ့မြင်နေရသည်။

ဘောင်းဘီက အနက်ရောင်တက်ထရက်စ်ဘောင်းဘီဖြစ်သည်။ အမေရိကန်ပင်တော့မဟုတ်၊ စတိုင်လ်ဘောင်းဘီဆန်ဆန်ပဲဖြစ်ပါလေသည်။ သူ့အရပ်အမောင်း၊ သူ့ကိုယ်လုံးကိုယ်ထည်နှင့် လိုက်ဖက်လှသည်တော့အမှန်ပင်ဖြစ်သည်။

ဆံပင်မှာရှုရှုလေးပွနေပြီး လှိုင်းတွန့်ကလေးတွေထ





နေခဲ့ပါ၏။ ဘာတွေများ စိတ်မောနေသည်မသိ၊ စောညိုလွင်၏နဖူးပြင်ဝယ် ချွေးနုလေးတွေသီးထွက်နေခဲ့ပါ၏။

ရှေ့ပိုင်းဆံပင်မှဝဲကျနေသော ဆံညွှန့်ဆံစလေးတို့သည် နဖူးပြင်ဝယ် ချွေးနှင့်ကပ်ပြီး ကွေ့ကွေ့လိမ်လိမ်လေးတွေ ဖြစ်နေပါ၏။

အန်တီညိုညိုလွင်ချောသလို ကိုစောညိုလွင်တစ်ယောက် လှချောဖြစ်ရလေသည်မှာ အဆန်းတကြယ်တော့မဟုတ်။

မိခင် ဖခင်ချောလျှင် သားသမီးချောတတ်လေသည်မဟုတ်လား။

"မမြနွာညိုတို့အိမ်ကို ကျွန်တော်ဖုန်းဆက်ရင် ရမလားဟင်"

"ပြောတတ်ဘူး ..."

"လာလည်ရင်ကော ..."

"ပြောတတ်ဘူး ..."

မြနွာညို ငြင်းပယ်ပုံကိုကြည့်၍ စောညိုလွင် မချင့်မရဲဖြစ်သွားခဲ့မိ၏။

"အား ... မမြနွာညိုက ပြောတတ်ဘူးချည်းပဲကိုး"

နှစ်ဦးစလုံး ရယ်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဒီလိုလေ … အိမ်မှာ ဖေဖေက အဓိကမဟုတ်လား
မေမေမကြိုက်တာဆိုရင် မြခွာညို့က ဘာမှမလုပ်ဘူးလေ
တလောကလုံး မြခွာညိုတို့မှာ ဒီမအေနဲ့ သမီးပဲရှိတာ
မဟုတ်လား … "

"ကျွန်တော့်မှာလည်း ဒီမအေနဲ့ဒီသားပါပဲမမြခွာညို"

"အင်းလေ … မြခွာညိုဆိုလိုတာက မေမေ့အနေနဲ့ အျှင်
ဖရင့်ထားတာမျိုးတွေ သိပ်မကြိုက်ဘူး။ ဒါကြောင့်မို့ ကိုစော
ညိုလွင်အနေနဲ့ ဖုန်းပဲဆက်ဆက်၊ အိမ်ပဲလာလည်လည်
မေမေမကြိုက်ရင်တော့ သောင်းကျန်းဖြစ်မှာမို့ပါ … "

"အန်ကယ်(လ်)က … ကျွန်တော့်ဆိုရင်တော့ မဆောင်
လောက်ဘူးလို့ထင်ပါတယ်နော် မမြခွာညို … ဘာလို့လဲဆို
တော့ အန်ကယ်(လ်)နဲ့မာမီက ငယ်သူငယ်ချင်းတွေမဟုတ်
လား … သူတို့က လူရင်းတွေပဲ … "

စောညိုလွင်ကပြောပြီး မြခွာညိုအား စူးစူးရဲရဲကြည့်
ပါလေသည်။

မြခွာညိုသည် စောညိုလွင်အကြည့်အား လွှဲဖယ်



ရင်း ပြောလိုက်ပါ၏။ သူမအဖြေက တိတိကျကျတော့မရှိပါ
။

"အဲဒါတော့ မြခွာညိုလည်း ပြောတတ်ဘူး … "

"ဒါဆို ကျွန်တော်ဆက်ကြည့်မယ် … အန်ကယ်(လ်)မရှိ
တုန်းဆိုရင် မမြခွာညိုက ဖုန်းပြန်ဆက်နိုင်မယ်လေ … "

"ဟင့်အင်း … "

"ဟာဗျာ … "

"မြခွာညိုပြောမယ်ကိုစောညိုလွင် … မြခွာညိုတို့အိမ်မှာ
ဒေါ်ဒေါ်စုရှိသေးတယ်၊ ဒေါ်ဒေါ်စုက ဘဏ္ဍာစိုးဆိုပါတော့၊
မြခွာညိုတို့သားအဖတစ်အိမ်ထောင်လုံးကို အုပ်စီးထား
တယ်၊ ဖေဖေကလည်း ဒေါ်ဒေါ်စုကို မိသားစုတစ်ယောက်
လိုသဘောထားတယ် … "

"ဒါဆို မြခွာညိုတို့ ဆွေးသားထဲက မဟုတ်ဘူးပေါ့နော်"

"ဆွေးသားတော့မဟုတ်ဘူး … ဒါပေမဲ့ မိုးကုတ်က ဘိုးဘိုး
နဲ့ ဘွားဘွားတို့က ဖေဖေနဲ့မေမေအိမ်ထောင်ပြုကတည်းက
ပဲ ဒေါ်ဒေါ်စုကို မေမေ့အတွက် အဖော်အဖြစ်ထည့်ပေးလိုက်
တာတဲ့ … မေမေဆုံးသွားပေမဲ့ ဖေဖေကရော၊ မြခွာညိုပါ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်စုကို သံသောရှဥ်ရှိလို့ပေါ့။ ဒေါ်ဒေါ်စုကသည်း မြခ

ညိုကိုကလေးကတည်းက ထိန်းကျောင်းခဲ့ရပြီး သံယော

ရှိနေတော့ မိုးကုတ်ကို မပြန်တော့ဘဲ မြခွာညိုတို့နဲ့ပဲ အတူ

တူ နေခဲ့တာပါ ”

စောညိုလွှင်က မြခွာညို့အားပြောကိုနားထောင်ပြီး

သူ့ရင်ထဲမှာ မရှင်းသည်ကိုမေးပြန်ပါ၏။

“ထားပါတော့ … တယ်လီဖုန်းပြောဖို့နဲ့ ဒေါ်ဒေါ်စုက ဘယ

လိုဆက်သွယ်နေလို့လဲမြခွာညို ”

“တယ်လီဖုန်းလာရင် ဒေါ်ဒေါ်စုကိုပဲကိုင်ရမယ်လို့ ဖေဖေ

အမိန့်ပေးထားတယ်။ အိမ်မှာ ဖေဖေ့ရှိတုန်းဆိုရင်တော့

ဖေဖေနဲ့ဒေါ်ဒေါ်စု နီးရာလူကဖုန်းကိုကိုင်တယ်၊ ဖေဖေမ

တုန်းလာရင် ဒေါ်ဒေါ်စုကကိုင်ပြီး ဆက်သက်လူကို ဘယ်သူ

အဖယ်ဝါလို့မေးပြီးမှ မြခွာညို့အတွက်ဆို မြခွာညိုကိုခေါ်ပေ

တယ်၊ ဒါပေမဲ့ မြခွာညိုနဲ့ဖုန်းပြောတဲ့သူစာရင်းကို ဖေဖေ့ကို

ဒေါ်ဒေါ်စုက ပြန်ပြောရတယ် ”

“ရှုပ်ပါလား မြခွာညိုရယ် ”

“အဲဒါကြောင့် … ခုထိကျွန်တော်ကလာ လှမ်းတယ်ရှိုပြောလို့လဲ





ဒါကြောင့် ဖေဖေကအမိကလို့ပြောတာပေါ့ … ”

မြခွာညိုသည် နာရီကိုကြည့်လိုက်သည်။ ၁၂ နာရီ

၁၂မိနစ်ရှိနေခဲ့ပြီဖြစ်ပါ၏။ ကျောင်းနှင့်လည်း တစ်ဖာလုံခွဲခန့်

ဝေးသွားကြပြီဖြစ်ပါ၏။

“ပြန်ကြစို့ ကိုစောညိုလွှင်၊ ကျောင်းတက်ချိန်နီးနေပြီ … ”

နှစ်ယောက်စလုံး ပြန်လှည့်ခဲ့ကြတော့သည်။

စောညိုလွှင်၏ရင်ထဲတွင် မြခွာညို့အပေါ်တွင် ချစ်

နေမိပြီဖြစ်ကြောင်း သိပ်ကိုဖွင့်ပြောချင်နေမိသည်။

သို့သော် …

ဖွင့်ပြောရန်မှာ သိပ်စောနေလွန်းသေးသည်ကြောင့်

ဖွင့်ပြောလိုက်လျှင် ကိုယ့်ရင်ထဲမှ ခံစားမှုကြောင့် ဖြစ်ပေါ်လာခဲ့

သော ချစ်ခြင်းမေတ္တာကို အထင်သေးလွန်းသွားမှာကိုလည်း သူစိုး

ရိမ်မိသည်။

ထို့ပြင် …

မိဘအချင်းချင်း ငယ်ပေါင်းမိတ်ဆွေဖြစ်သော

ကြောင့် မြခွာညို့က မိတ်ဆွေအဖြစ် လက်ခံသည့်သဘောထက်မပို

လျှင် ဖွင့်ပြောလိုက်ခြင်းဖြင့် တချို့တည်း ပြတ်သွားနိုင်စရာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့၊ မြခွာညို မကျေနပ်၍ အနက်ကယ်ဦးမင်းမောင်ကိုပြန်တိုင်လိုက်လျှင် လူကြီးများအချင်းချင်း မျက်နှာပျက်စရာတွေဖြစ်လာနိုင်ပါ၏။

သို့တစေ ...

မိမိအနေနှင့် မြခွာညိုအား မေတ္တာသက်ဝင်နေသည့် အရိပ်အမြွက်စကားတွေ တစ်လုံး၊ နှစ်လုံးစ စောညိုလွင်က ပြောထားခဲ့ပြီးဖြစ်သည်။

သွေးတိုးစမ်းသောစကားတွေပဲဆို၍ရသည်။

ဒီလိုကျတော့လည်း မြခွာညိုသည် မသိကျိုးကျွံပြုထားခဲ့ပြန်၏။

မြခွာညို၏စိတ်ကို ခွဲခြားစိတ်ဖြာရန်ခက်လှပါ၏။

မြခွာညိုရင်ထဲမှာ မိမိကို လက်ခံလေသလား၊ လက်မခံလေသလား သူ့ ဝေခွဲမရ မပြောတတ်နိုင်ပါလေတော့။

သေတော့ မသေချာလှ။

ယင်းသို့ မသေချာလှသည့်ကြားကပင် လိပ်လိုကိုယ့်ဘက်ကိုယ်ယက်ကာ ဆက်လက်တွေးကြည့်လျှင် မြခွာညိုသည် မည်သို့သော ကျောင်းသားတစ်ဦးတလေမျှနှင့် ယခုလို နှစ်ယောက်





တွဲပြီး လမ်းမလျှောက်ခဲ့ကြောင်း စောညိုလွင် သေချာပေါက်သိထားသည်။

သေချာပေါက်သိထားခြင်းဆိုသည်မှာ မြခွာညိုနှင့် တော်သက်ပြီး လူကြီးချင်းတွေမပတ်သက်ခင်ကပင် စောညိုလွင်သည် လစ်ခနဲ အချိန်ရသည်နှင့် မြခွာညိုကို လာငမ်းတတ်သည်မို့ အခြေပြုပြီး သိရှိထားခြင်းမျိုးဖြစ်ပါသည်။

ဤနေရာတွင် ...

မြခွာညို ဆက်ဆံမှုအစိတ်အပိုင်းကို စောညိုလွင် တိတိပပကြီးသိသွားခဲ့သည်။

မြခွာညိုကို ရွှေစွန်ညိုဝဲသလိုဝဲနေသော အကောင်ကြီးကြီးတွေရှိတတ်သည်။ မိဘအရှိန်အဝါအလွန်ကြီးမားသော သားတွေဖြစ်ရုံမက တချို့ဆိုလျှင် ဆေးတက္ကသိုလ်ကျောင်းသားတွေ၊ စက်မှုတက္ကသိုလ်ကျောင်းသားတွေပင်ဖြစ်သည်။

သို့သော် ...

ယနေ့အထိ မအောင်မြင်ခဲ့ပါလေ။

မြခွာညိုသည် သူတို့၏အချဉ်းအကပ်ကို ရှောင်နိုင်သူခဲ့ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု ... မိမိကိုမူ လမ်းအတူလျှောက်သည်အထိ မြခွာညိုလိုက်လျှောခဲ့သည်။ အိမ်သို့ ဖုန်းဆက်ချင်ကြောင်းနှင့် လာလည်ချင်ကြောင်း ပြောသောအခါ ခါးခါးသီးသီးကြီးငြင်းပယ်ခဲ့လေသည်တော့မဟုတ်။

သူမ၏ဖေဖေ ဦးမင်းမောင်သာ အဓိကဆိုသည့်စကားမျိုးပြောလာခဲ့ပါလေသည်။

မတတ်နိုင်တော့ပြီ။

အန်ကယ်(လ်)ဦးမင်းမောင်က မိမိအပေါ်ထားရှိမည့်သဘောတရားကို လေ့လာရဦးမည်။ နောက်ထပ် အချိန်ထပ်ယူပြီးမှ မြခွာညိုကိုဖွင့်ပြောတော့မည်ဟုပဲ စောညိုလွင်ဆုံးဖြတ်ခဲ့ပါ၏။

"ကဲ ... ကျွန်တော်သွားမယ် မမြခွာညို ... ဒီနေ့တော့ အတန်းလစ်ပြီးမှတော့ ဆက်လစ်ပြီး သူငယ်ချင်းတစ်ယောက်ဆီကို အလည်သွားဦးမယ် ... မမြခွာညိုလည်း ကျောင်းတက်ပေတော့ ..."

မြခွာညိုက ကျောင်း၏ဘေးတံခါးပေါက်လေ့ကားထစ်များပေါ်သို့တက်ခဲ့သည်။





တက်လာခဲ့စဉ်က မြခွာညိုသည် နောက်ပြန်လှည့်မကြည့်၊ လှေကားဆုံးမှ အဆောက်အအုံကြီးကို ကိုယ်လုံးကွယ်ကာ စောညိုလွင်ရှိရာသို့ တိတ်တခိုးချောင်းကြည့်မိသည်။

စောညိုလွင်သည် မြခွာညိုလှေကားထစ်တက်သွားသည်ကို မျက်စိတစ်ဆုံးရပ်ကြည့်နေခဲ့ဟန်တူသည်။

မြခွာညိုကွယ်သွားလေမှ သူမာစီဒီးကားနက်ကြီးရှိရာသို့ ဖြည်းလေးစွာဖြင့် လျှောက်သွားသည်ကိုတွေ့ရပါလေသည်။



www.burmeseclassic.com



တယ်လီဖုန်းမြည်လေတိုင်း မြခွာညို ခေါင်းထောင်ကြည့်မိသည်။

ယခင်ကဆိုလျှင် တယ်လီဖုန်းသံကြားပေမယ့် မြခွာညိုမသိမသာဘဲ နေလေ့ရှိသည်။

ဒေါ်ဒေါ်စုကဖြစ်စေ၊ ဖေဖေကဖြစ်စေ "မြခွာညိုကို ဖုန်းဟေ့"ဆိုလေမှ ထသွားပြီး ဖုန်းပြောခဲ့သည်။

ခါတိုင်းဖုန်းလာနေသည်တို့က မြခွာညိုသူငယ်ချင်း ခင်ပပတို့၊ နွယ်ဝင်း၊ ကက်သရင်း၊ ထွေးထွေးတို့ပဲ စသည်ဖြင့် သူငယ်ချင်းတွေပဲဖြစ်လေ့ရှိသည်။





အဲ ... တစ်ခါတလေတော့လည်း လာတတ်ပါသေးသည်။

သိန်းအောင်ဆိုသည့်ကောင်လေးဖြစ်ချင်ဖြစ်တတ်သည်။ ဒါမှမဟုတ် ထွတ်ခင်းနောင်၊ မောစာလင်း စသည့်လူတွေဖြစ်တတ်ပါလေသည်။

သူတို့အားလုံးသည် တက္ကသိုလ်ကြိုးကြိုးမာစတာတွေ၏သားတွေဖြစ်ကြသည်။ မြခွာညိုအား ကျောင်း၌လည်း ကိုယ်တိုင်ကိုယ်ကြပ် လာရောက်မိတ်ဆက်စကားဆိုဖူးကြသည်။

အိမ်တယ်လီဖုန်းနံပါတ်ကို သူတို့အား မြခွာညို မပြောစေကာမူ ဒီကိစ္စက ခဲယဉ်းလှသည်တော့မဟုတ်။

တယ်လီဖုန်းလမ်းညွှန်စာအုပ်တွင် "အိမ်"အက္ခရာတွင် ရှာကြည့်လိုက်လျှင် သူတို့ဦးမင်းမောင်လိပ်စာနှင့် ဖုန်းနံပါတ်ကို သိနိုင်ပါလေ၏။

ခြောက်မိုင်ခွဲ မြို့အမှတ်(  ) တွင်ရှိသော ဦးမင်းမောင်အိမ်နှင့် တယ်လီဖုန်းနံပါတ်သည် လမ်းညွှန်စာအုပ်လဲသည်ဖြစ်စေ မလဲသည်ဖြစ်စေ ပါရှိနေမည်ပဲဖြစ်ပါ၏။

ပြီး သူတို့က အစောပိုင်းကတည်းကပင် မြခွာညို



www.burmeseclassic.com

www.burmeseclassic.com



ဘောက်စ်ဝက်ပွန်းနှင့် ပြန်လေတိုင်း နောက်ယောင်ခံလိုက်တတ်ကြသူများမို့ အိမ်လိပ်စာကို သိထားကြသူများဖြစ်သည်။

မြခွာညို၏ ဖခင်နာမည်မှာ သိန္ဒိရန် လွယ်ကူသည် မဟုတ်ပါလား။

"မြခွာညိုရေ ... ဖုန်းဟေ့ ... သိန္ဒိအောင်ဆိုတဲ့သူငယ်က ဖုန်းပြောချင်လို့တဲ့ ..."

"မြခွာညို မပြောချင်ဘူး ဒေါ်ဒေါ်စု ..."

မြခွာညိုငြင်းပြီဆိုလျှင်တော့ ဒေါ်ဒေါ်စုက အပြတ်တွယ်တော့၏။ သိန္ဒိအောင် နောက်တစ်ခါထပ်မဆက်ရဲအောင် ဒေါ်ဒေါ်စုတွယ်ပစ်သည်မျိုးဖြစ်ပါ၏။

ထွတ်မင်းနောင်တို့၊ တေဇာလင်းတို့သည်လည်း ထိုနည်းတူတူပင် ဒေါ်ဒေါ်စု အာပေါင်အာရင်းကိုကြားသွားရသည် ချည်းခံသွားရလေသည်ချည်းပင်ဖြစ်သည်။

ဒေါ်ဒေါ်စုသည် စည်းကမ်းရှိသည်ခေါ်မလား၊ သစ္စာရှိသည်ခေါ်မလား၊ ဘယ်လိုခေါ်ရမှန်းပင်မသိတော့။

ခြောက်မိုင်ခွဲအိမ်ကြီးတွင် မြခွာညိုအတွက် ဖုန်းလာပါက မြခွာညိုသည် ဟိုတုန်းဆက်သူနှင့် မပြောလိုပါဟုဆိုလိုက်သည်နှင့် ဒေါ်ဒေါ်စု "ဒီမှာမောင်ရင် နောက်ထပ်မဆက်ပါနဲ့တော့ကွယ်" ဟု ပိတ်ပြောပစ်လိုက်တော့၏။

အကယ်၍ "မြခွာညိုရေဖုန်းဟေ့" ဟုဆိုလိုက်ပြီး မြခွာညိုကိုယ်တိုင်လာရောက်ပြောလျှင် ဒေါ်ဒေါ်စုက မြခွာညို ဆိုထိတိုင်လက်ခံပြောဆိုသောဖုန်းစာရင်းကို ဦးမင်းမောင်ထံတင်ပြလိုက်သည်မဖြစ်သည်။

ဖေဖေဦးမင်းမောင်ကိုယ်တိုင် ဖုန်းလာကိုင်သည်နှင့် ပြီဆိုလျှင်မူ ...။

"အေးဟေ့ ... ခဏကိုင်ထား"

မှ တစ်ဘက်လူကိုလှမ်းပြောလိုက်သည်။ ပြီးမှ မြခွာညိုကိုလှမ်းခေါ်၏။

"သမီးရေ ... မောင်သိန္ဒိအောင်တဲ့"

ထိုရော့အခါ ...

"မြခွာညိုသည် သမီးမှာပြောစရာစကားမရှိဘူးဖေဖေ ..."

ဟု လှမ်းပြောလိုက်ပါလျှင် ...

ဦးမင်းမောင်က သွယ်ဝိုက်မနေတော့။

တဲတိုးကြီးပင် ပြောလိုက်ပါလေ၏။







www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... သမီးမြခွာညိုက မောင်ရင်နဲ့ပြောစရာစကား မရှိဘူးတဲ့ ... "

သွားပါလေရော။

ကိစ္စမရှိ။

သိဒ္ဓိအောင်မြစ်မြစ်၊ ထွတ်မင်းခေါ်မြစ်မြစ်၊ တေဇလင်းမြစ်မြစ် အဓိပ္ပာယ်နှင့် ဖြစ်ခဲ့ကြသည်မှာကိစ္စမရှိ၊ မြခွာညိုကိုယ်တိုင်က သူတို့နှင့်စကားမပြောချင်သည်ပဲကိုး။

အကာယ်၍ရှား စောညိုလွင်ဆီကလာလျှင် ဘယ်လိုလုပ်ရပါမည်နည်း။ သိဒ္ဓိအောင်၊ ထွတ်မင်းနောင်၊ တေဇလင်းတို့အား သူတို့နှင့်ပြောစရာစကားမရှိဘူးဖေဖေဟုဆိုလိုက်လျှင် ဖေဖေဦးမင်းမောင်သည် သိပ်သဘောကျတတ်သည်။

သမီးမြခွာညိုက ရှပ်ရှပ်ယှက်ယှက်မရှိတတ်ဟုလည်း နှိုးမွှမ်းစကားဆိုတတ်လေ့ရှိသည်။ ဤသို့ ဖေဖေနှိုးမွှမ်းသည်ကိုလည်း မြခွာညိုသည် ကျေနပ်စွာခံယူတတ်ပါလေသည်။

စောညိုလွင်ဆီကဖုန်းလာ... မြခွာညိုအနေနှင့် ပြောစရာစကားမရှိဘူးဖေဖေဟုလည်း...ောင်း၊ အဲဒီလူနဲ့စကား



မပြောချင်ဘူးဖေါ်ဖေါ်စုဟုလည်းကောင်း မြခွာညိုပြန်ပြောနိုင်မည် တဲ့လား။

ခက်လိုက်ပါဘိနော။ ထင်သည့်အတိုင်းပင်။

နောက်တစ်နေ့ ညဦးပိုင်းမှာပင် မြခွာညို ရင်မှာ ပူပန်စရာကိစ္စဖြစ်လာခဲ့သည်။

ညဦးပိုင်းဆိုလျှင် ဖေဖေဦးမင်းမောင်သည် ဧည့်ခန်းဆောင်ရှိ သံခေါက်ပက်လက်ကုလားထိုင်ကြီးတွင် ကျကျနန ထောက်မှီ၍ခြေပစ်လက်ပစ်ထိုင်တတ်သည်။

သံခေါက်ပက်လက်ကုလားထိုင်၏အနေအထားကို စက်လက်လျှောလျှောထားရှိသည်။

ဘေးတွင် လူတစ်ရပ်လောက်မြင့်ပြီး လုံးသော ကြယ်ဥနှစ်ရောင်အုပ်ဆောင်းဖြင့် မီးအိမ်ကြီးကိုဖွင့်ကာ ယနေ့ထုတ် သတင်းစာတွေ၊ မြန်မာ့သတင်းစာတွေ ဖတ်လေ့ရှိသည်။

မြခွာညိုက ညခုနစ်နာရီဆိုလျှင် ကျောင်းစာတွေ ခတ်မှတ်ကျက်ပြုလုပ်သည်။

ဒါသည်ပင် မြခွာညို၏ညပိုင်းအလေ့တစ်ခုဖြစ်နေခဲ့ သောပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကလင် ... ကလင် ... ကလင်။

တယ်လီဖုန်းသံထွက်လာသဖြင့် မြခွာညိုသည် ရှုက်မှတ်နေသောစာအုပ်မှ မျက်နှာခွာကာ ခေါင်းမော့နားစွင့်လိုက်ပါ၏။

တယ်လီဖုန်းကို မည်သူကိုင်လေသနည်း။

ဖေဖေသည် သတင်းစာဖတ်နေရာမှ ထ၍ကိုင်လေဟန်မတူ။ ဒေါ်ဒေါ်စု၏ခြေသံကိုကြားနေရသည်။

မြခွာညိုသည် စာကြည့်စားပွဲမှ ထလာခဲ့သည်။

သူမသည် ခြေကို ဖွဖွလေးနင်းကာ အခန်းတံခါးပေါက်ဝတွင်ရပ်လိုက်ပြီး အပြင်မှ ဖုန်းပြောသံကို နားစွင့်လိုက်မိပါ၏။

"ဟုတ်ကဲ့ ... အမိန့်ရှိပါ ... ခြောက်မိုင်ခွဲ ဦးမင်းအောင်အိမ်က ပြန်ထူးနေပါတယ် ... "

ဒေါ်ဒေါ်စု၏ဖုန်းပြောသံကို မြခွာညိုကြားနေရပါ၏။

"ဩော် ... ဟုတ်ကဲ့ ရှိပါတယ်"

"ဒါဖြင့် ခဏလေးကိုင်ထားပါ ကျွန်မခေါ်ပေးပါ့မယ်"





မြခွာညိုကျိန်းသေတွက်လိုက်သည်။ ရင်တွေတဒိတ်ဒိတ်ခုန်ပါလေ၏။ ဒေါ်ဒေါ်စုသည် မြခွာညိုဘက်သို့လှမ်း၍ စောညို ချင်ဆိုတဲ့ သူငယ်ချင်းဆီက ဖုန်းလာနေတယ် မြခွာညိုရေဟုပြောလာသား။ လှမ်းမေးတော့မလားဟူ၍။

မြခွာညိုခြေဖျားလက်ဖျားများပင် အေးစက်စက်ဖြစ်သွားခဲ့မိသည်။ ခက်လိုက်တာ။ ဖေဖေကလည်း ဧည့်ခန်းထောင့်သည် ဖေဖေထိုင်နေရာနှင့် မလှမ်းမကမ်း ဟင့်အင်း မြခွာညိုမပြောချင်ဘူးလို့ ဒေါ်ဒေါ်စုကိုပြန်ပြောရမလား။

ဒါဆိုရင် ဘယ်ကောင်းမလဲ ဟိုခများစိတ်မကောင်းဖြစ်သွားမှာပေါ့လေ ထိုသို့ မြခွာညိုတွေးနေမိသည်။

ထိုစဉ်မှာပင် ဒေါ်ဒေါ်စု၏အသံထွက်လာပေသည်။

"ဒီမှာ မောင်မင်းမောင် ဒေါ်ညိုညိုလွင်က ဦးမင်းမောင်နဲ့ပြောချင်လို့တဲ့ ... "

"ဟာ ... ဟုတ်လား ... ပေး ... ပေး ဖုန်းပေး"

ဖေဖေ၏ ပျာပျာသလဲအသံ ကြားလိုက်ရသည်။ ဖေဖေဖုန်းရှိရာသို့ ကမန်းကတန်းထသွားသည်ကို မြခွာညိုလှမ်းမြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှပင် မြခွာညိုသည် သက်ပြင်းတစ်လုံးကို ရှူ
ခနဲချမိတော့သည်။ တော်ပါသေး၏။ စောညိုလွင်ဆီက မြခွာညိုထံ
သို့ လာသောဖုန်းမဟုတ်၍ပင်။

စာကြည့်စာပွဲသို့ မြခွာညိုပြန်လျှောက်ခဲ့သည်။

ဖေဖေ့ထံသို့လာသောဖုန်းဆို၍ မိမိနှင့်သက်ဆိုင်
ခြင်းမရှိတော့ပြီမဟုတ်လား။

ဖေဖေနှင့် ဒေါ်ညိုညိုလွင်တို့ ပြောနေကြသည်ကို
မြခွာညိုအာရုံမစိုက်တော့။ ကိုယ့်ကျောင်းစာတွင် အာရုံပြန်ပြုေ
သည်။

မကြာပါလေ။

အခန်းဝတွင် ဖေဖေရောက်လာပြီး မက်တတ်ကြ
ရပ်လိုက်ပါ၏။

"သမီးမြခွာညို"

"ဖေဖေ"

မြခွာညိုသည် စားပွဲမှ သမင်လည်ပြန်လှည့်ကြ
ရင်း ထူးလိုက်ပါလေသည်။

"မောင်စောညိုလွင်က သမီးနဲ့ ဖုန်းပြောခွင့်ပေးပါတဲ့ ဖေဖေ





ဆီမှာ ခွင့်တောင်းရှာသကွယ် ..."

မြခွာညို၏ရင်ထဲမှ နှလုံးလေးသည် တဖျပ်ဖျပ်ပြန်
လာပြန်၏။

"ဟင်း ... ဟင်း မောင်စောညိုလွင်ဟာ အင်မတန်ကြောက်
တတ်တဲ့ချာတိတ်ပဲ မြခွာညိုဆီကို ဖုန်းဆက်ရင်ဖေဖေက
သဘောမကျမှာစိုးလို့ဆိုပြီး သူ့မာမီကို ပထမဆက်ခိုင်း
တယ်၊ သူ့မာမီက ဖေဖေ့ဆီမှာ သူ့သဘောက စကားပြော
ချင်တာ ပြောခွင့်ပေးလိုက်ပါလို့ တိုက်တွန်းတယ် နောက်ပြီး
မောင်စောညိုလွင်ကိုယ်တိုင်ကလည်း ... ဖေဖေ့ကို တရို
တသေ ခွင့်တောင်းရှာတယ် ... ကဲ သွားပြောလိုက်သမီး
ဖုန်းခွက်ဘေးမှာချထားခဲ့တယ် ... သိပ်ကြာသွားရင် လိုင်း
ပြတ်သွားလိမ့်မယ် ... သွားပြောလိုက်ပါကွယ် သွားပြော"

ဦးမင်းမောင်က လိုလိုလားလားပင် သမီးဖြစ်သူ
မြခွာညိုအား ပြောလိုက်သည်။

မြခွာညိုသည် ကုလားထိုင်မှ မထချင်သလိုလို
ချင်သလို အိုက်တင်လေးနှင့်ထလိုက်ဝါ၏။

"မြခွာညိုနဲ့တော့ ပြောစရာစကား အထွေအထူးမရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ... အလကားသူဟာသူ အလုပ်မရှိအလုပ်ရှာတာ
တော်ကြာဖေဖေက မြခွာညိုကို ရှုပ်ရှုပ်ယှက်ယှက်ထင်ဦး
မယ်"

ဦးမင်းမောင်က မြခွာညိုစကားကြောင့် ခပ်ပြုံးပြုံး
ပင်ကြည့်လိုက်သည်။

"ရပါတယ်သမီး ရှုပ်ရှုပ်ယှက်ယှက်ဆိုတာက ဘုမသိဘမသိ
ချာတိတ်တွေနဲ့ ပြောဟယ်ဆိုဟယ် ဆက်ဆံဟယ်ဆိုမှပါ
အခုဟာက ... မညိုရဲ့ အဲလေ ဒေါ်ညိုညိုလွင်ရဲ့သားပဲ
တစ်ယောက်နဲ့တစ်ယောက် ငယ်ပေါင်းတွေပဲ သွားပြောပါ
သမီး ဖေဖေဘယ်လိုမှ အထင်မမှားပါဘူး"

မြခွာညိုအနေနှင့် ဖေဖေက ဖွင့်တိုက်တွန်း၍ပင်
ပြောမည့်ပုံစံမျိုး စိတ်မပါလက်မပါဟန်ဖြင့် ဖုန်းရှိရာသို့ လျှောက်
လိုက်သည်။

တယ်လီဖုန်းကိုမြခွာညို ကောက်ကိုင်လိုက်သော
အချိန်ဝယ် ဖေဖေသည် ဧည့်ခန်းသံခေါက် ကုလားထိုင်ကြီးဆီသို့
ပြန်မလာတော့ပေ။ ထမင်းစားဧည့်ခန်းထဲဝယ် ဒေါ်ဒေါ်စုကို
ကော်ဖီလား ဘာလားမသိ တစ်ခုခုလုပ်ခိုင်းနေဟန်တူပါ၏။





"ပြော ကိုစောညိုလွင် မမြ အဲ မြခွာညိုပါ"

"အား ... ဝမ်းသာလိုက်တာ မမြခွာညိုရာ အန်ကယ်(လ်)
ကျေကျေနပ်ပဲမဟုတ်လား"

"ဘာကျေကျေနပ်နပ်ကိုပြောတာလဲ"

"မဟုတ်ပါဘူးလေ မမြခွာညိုကို တယ်လီဖုန်းပြောခွင့်ပေး
တယ်မဟုတ်လား ... ကျွန်တော်ကိုတော့ အန်ကယ်(လ်)
ကြည်ဖြူပါတယ်လေနော် ... "

"ပြောတတ်ဘူး ... "

"လာပြန်ပြီ မမြခွာညိုကိုပြောလိုက်ရင် ဘယ်တော့မဆို
'ပြောတတ်ဘူး'ကတော့ လက်သုံးပဲ ... အဲဒီလိုပြောတာကို
တကျွန်တော်နားထဲမှာ အရသာတစ်မျိုးပဲ"

မြခွာညိုသည် ကျိတ်၍ပြုံးမိတော့သည်။ မိန်းက
လေးတို့သဘာဝအရ မိမိကိုချောသည် လှသည်ဟု ချီးမွမ်းလျှင်သ
ဘောကျတတ်သည်။

မိမိပြောပုံဆိုပုံလေးတွေကို တစ်ဘက်လူကနှစ်သက်
နှစ်ခြိုက်သည်ဆိုလျှင် ကြည်နူးရတတ်သည်။ အထူးသဖြင့် ကိုယ်
တိုယ်တိုင်စိတ်ဝင်စားနေသူက ချီးမွမ်းနှစ်ခြိုက်လျှင် သိပ်ပျော်မိ



www.burmeseclassic.com

www.burmeseclassic.com



တတ်သည် မိန်းမသားပေကိုး။

"မြခွာညို ပြောမယ်ကိုစောညိုလွင် အခုဖေဖေခွင့်ပြုတာက အန်တီနဲ့ငယ်သူငယ်ချင်းတွေ ခတ်သိတွေဆိုပြီး ခွင့်ပြုတာ ဒါပေမဲ့ ဖေဖေ့ရာဇဝင်မှာ ဘယ်သူနဲ့ပဲဖြစ်ဖြစ် မြခွာညို စကားပြောတာမကြိုက်တက်ဘူး ဒါကြောင့် ကိုစောညိုလွင်က ဖေဖေကြည်ဖြူရဲ့လားမေးတော့ မြခွာညိုက အမှန်အတိုင်းဘယ်ပြောတတ်မှာလဲ အန်တီညိုညိုလွင်ရဲ့ မျက်နှာနဲ့ ခွင့်ပြုပေမယ့် ကိုစောညိုလွင်ကို တကယ်ကြည်လား မကြည်ဘူးလားဆိုတာ မြခွာညို ဘယ်ပြောတတ်နိုင်မလဲ"

"အင်းနော် ဒီလိုဆိုတော့လဲ မြခွာညိုရဲ့ ပြောတတ်ဘူးက မှန်နေသလိုပဲနော်"

ငြိမ်သွားကြပြန်သည်။

စောညိုလွင်ဘက်ကလည်း စကားသံထွက်မလာ။ မြခွာညိုကလည်း ဘာစကားကစပြီး ဘာတွေပြန်ပြောရမှန်းမသိ။

"ဟေး"

"အော် မြခွာညို"

"ဘာငြိမ်နေတာလဲ ဒါပဲမဟုတ်လား ဖုန်းချလိုက်တော့မလို့"





"မချပါနဲ့ မချပါနဲ့ ကျွန်တော်ငြိမ်နေတာက ရင်ထဲမှာ တစ်မျိုးကြီးခံစားနေရလို့ပါ မမြခွာညို"

"ဘယ်လို တစ်မျိုးကြီးလဲ"

"ကျွန်တော့်စိတ်ထဲမှာ အန်ကယ်(လ်)ကြည်သွားပြီထင်နေတာ ဒါဆိုရင် နောက်တဆင့် မမြခွာညိုတို့အိမ်ကို ကျွန်တော် လာလည်မလို့လေ"

"ဘာကိစ္စလာလည်ချင်တာလဲ ကိုစောညိုလွင်... နောက်ပြီး ဘာကိစ္စဖုန်းဆက်ချင်နေရတာလဲ ..."

"အဲဗျာ ... ကျွန်တော်ပြောပြီးပြီပဲ မမြခွာညိုနဲ့ စကားပြောနေရရင် ပျော်တယ်လေ မမြခွာညိုရဲ့ မျက်နှာလေးကိုမြင်ရရင် သိပ်ကြည်နူးတယ်လေ ဒီမှာ မမြခွာညို လူဆိုတာ ပျော်ရွှင်ကြည်နူးမှုကို သိပ်လိုလားတက်တဲ့ သတ္တဝါမျိုးပါဗျာ ကျွန်တော်ဟာလည်း လူသတ္တဝါတစ်ဦးပါ"

မြခွာညို ဘာပြန်ပြောရမည်မှန်းမသိလေတော့။

ဘာပဲပြောပြော ယခုစောညိုလွင်ပြောနေသော စကားတွေမှာ လူပျိုကောဓါးမလား မေတ္တာစကားဓါးမလား တစ်ခုခုတော့သေချာနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မမြခွာညိုကို ကျွန်တော်"ချစ်တယ်" ဗျာဟုမပြောရဲလေးတည်းတည်းပဲကျန်တော့သည်။

"ကဲ ကိုစောညိုလွင် တော်လှောက်ပြီထင်တယ် သိပ်ကြာရင် ဖေဖေတလွဲထင်တော့မယ် ဖုန်းချလိုက်တော့မယ်"

"နေ ,,, နေပါဦး မမြခွာညို မမြခွာညိုက အန်ကယ်(လ်)ကို တကယ်ကြောက်တယ်နော်"

"အိုး မှားနေပြီ ကိုစောညိုလွင်မှားနေပြီ မြခွာညိုက ဖေဖေ့ကို သိပ်ချစ်တာသိလား ချစ်တာနဲ့ ကြောက်တာတမျိုးစီပါ မြခွာညိုဆုံးဖြတ်ပြီးသာသိလား ဒီတစ်သက်မှာ မြခွာညို့ကြောင့် ဖေဖေ စိတ်ဆင်းရဲရမယ့်အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူးလို့"

"ချီးကျူးပါတယ်မြခွာညို... ကျွန်တော်လွှတ်ခနဲ အန်ကယ်(လ်) ကိုတကယ်ကြောက်တယ်နော်လို့ မေးမိတာခွင့်လွှတ်ပါ စိတ်ထဲမှာ မချင့်မရဲကြီးဖြစ်လွန်းလို့ လွှတ်ခနဲပြောမိတာပါ တကယ်တော့ ကျွန်တော်လည်း ဒီအတိုင်းပါပဲ မမြခွာညို ကျွန်တော်မာမီကိုလေ ကျွန်တော်သိပ်ချစ်တာပါ မာမီကလည်း ကျွန်တော့်ကို တကယ်ချစ်တာ အဲမမြခွာညိုနဲ့ ကျွန်





တော်ဟာ မိဘကိုယ်သိပ်ချစ်တာချင်းတူပေမဲ့ မမြခွာညိုက အဖေနဲ့နေရတဲ့သမီး ကျွန်တော်ကျတော့ မအေနဲ့နေရတဲ့သား အဲဒါပဲကွာတယ်လေ အဲဒီကွာခြားချက်ဟာ ကွာခြားနေတာပဲထင်ပါရဲ့"

"ဟွန်း ကိုစောညိုလွင်ရဲ့စကားကို မြခွာညို နားမလည်ဘူး အဲဒီကွာခြားချက်ဟာပဲ ကွာခြားနေတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

"ဒီလိုပါ မမြခွာညို ဖအေဆိုတာက သိပ်ထည့်ဝါတယ် တော်ရုံသားသမီးဟာ မအေကို နွဲ့ဆိုးဆိုရဲပေမယ့် ဖအေကျတော့ ကြောက်ရတယ်ပေါ့ မမြခွာညိုက သမီးမိန်းကလေးလဲဖြစ်တော့ ဖအေကိုချစ်တာလဲရှိမယ် ထည့်ဝါတဲ့ ဖအေကိုအတိုက်အခံမလုပ်ရဲတာလဲရှိမယ် ကျွန်တော်ကျတော့ မာမီ့ကိုချစ်တာပဲ ဒါပေမဲ့ မအေဆိုတော့ ဖအေလောက်အရှိန်အကြောက်မရှိဘူး မမြခွာညို ဘာမဆိုပြောရဲ ဆိုရဲရှိတယ် အခု မမြခွာညိုဆီ တယ်လီဖုန်းဆက်ချင်တာတောင် မာမီ့ကိုရှေ့ကအရင် ဆက်ပေးစမ်းပါလို့ အတင်းပူဆာပြီးဆက်ရတာ ကျွန်တော်ဆိုလိုတဲ့ အဲဒီကွာခြားချက်ဟာ အဲဒီလို-



www.burmeseclassic.com

www.burmeseclassic.com



ကွာခြားတာလို့ပြောတာပါ မမြခွာညို"

"ဩော် ... ဩော် ... ဒါဆိုတော့လည်း ဟုတ်တာပေါ့"

"မမြခွာညို"

"ဟင်း ... "

"မမြခွာညိုရဲ့ ဖေဖေ့ကို မပြောရဲဘူးလားဟင် ကျွန်တော် လာလည်ချင်တာ လာလည်ခွင့်ပေးပါလားလို့"

"ဝေးသေး မြခွာညိုပြောရဲဖို့ဝေးလာဝေး"

"ခက်တယ်နော် မမြခွာညို"

"မလွယ်ပါဘူး ကိုစောညိုလွင် ကဲတော်ပြီ ဖုန်းချလိုက်တော့မယ် သိပ်ကြာရင် ဖေဖေအထင်လွဲလိမ့်မယ်"

ပြောပြောဆိုဆိုပင် မြခွာညိုသည် ဖုန်းကိုချလိုက်တော့သည်။ ယင်းသို့မှ မချလျှင် တဘက်က မချပါနဲ့ဦးဟု ကမန်းကတန်းတားလေဦးမည်။

ဖုန်းချပြီး မြခွာညိုသည် ချက်ချင်း နေရာမရွှေ့သေးပဲ ဖုန်းစင်နားမှာပင် တွေတွေကလေးရပ်နေမိသည်။

မြခွာညို စိတ်တွေဘယ်လိုဖြစ်နေမှန်းမသိ။ စောညိုလွင်ကို သနားသလိုခံစားနေမိသည်။ ဘာကြောင့်သနားသလိုလို





ဖြစ်မိမှန်း ကိုယ်ဟာကိုယ်လည်း မြခွာညိုမသိ။

စောညိုလွင်က သင်ခန်းစာအလွတ်ခံ ကျောင်းလစ်ပြီး မြခွာညိုကို လာစောင့်တွေ့သည်ကိုပင် သနားလေသလား။

ဒါဆိုလျှင် အလားတူပင် ယောက်ျားကလေးများကို သူမလိုက်သနားရတော့မည်လား။

စောညိုလွင်ကမှ မြခွာညို ကျောင်းတက်သည်နှင့် သူ့သင်ခန်းစာရှိရာအခန်းသို့ ပြန်ပြေးသွားသေးသည်။

တစ်ချို့ယောက်ျားလေးများဆိုလျှင် မြခွာညိုအား စကားတစ်ခွန်းပြောရရေးအတွက် တစ်နေ့လည်လုံး ကျောင်းလစ်နေရသည်များပင်ရှိခဲ့ပါလေသည်။

ဒါပေမဲ့ ဤယောက်ျားလေးများ မခွာညို မသနားခဲ့ပေါင်။

"သမီးမြခွာညို ဘာတွေစဉ်းစားနေတာလဲ"

"ဟိုက်"

ငူငူငိုင်ငိုင်နှင့် မြခွာညိုရပ်နေသောကြောင့် ဖေဖေ ဦးမင်းမောင် ထွက်လာသည်ကိုပင် အမှတ်တမဲ့ဖြစ်သွားပြီးမမြင်မိ။ ဖေဖေက အသံပြုလိုက်မှ ဖေဖေ့ကို ကမန်းကတန်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မစဉ်းစားပါဘူး ဖေဖေ ... ဖေဖေ့ကိုပြောရကောင်း မလား ... မပြောဘဲနေရင်ကောင်းမလားလို့ ... "

"ဟင့် ... ဟင့် ... ဟင်း"

ဖေဖေ၏ရယ်လေ့ရှိသော ရယ်သံတစ်မျိုးဖြစ်ပါ၏။ ဟားဟားဟု အားရပါးရရယ်သည့်မျိုးလည်းမဟုတ်ဘဲ ဟဲ ... ဟဲ... ဟဲဟု ပွင့်လင်းစွာ ရယ်သည့်မျိုးလည်းမဟုတ်၊ ဟင်း ဟင်း ဟင်း ရယ်သံမှာ ရယ်သံအနေနှင့်တော့ထွက်လာသည်။

သို့တစေ ဖေဖေ၏ နှုတ်ခမ်းအစုံကမပွင့် သွားဖြူ တန်းခွင်သွားစွယ်လေးနှစ်ချောင်းလုံးမပေါ်။

သို့သော် ...

ဖေဖေ၏ မျက်နှာတွင် ပြုံးရိပ်သမ်းနေပါ၏။

ဖေဖေ သည်လိုပါးစပ်ပိတ်ပြုံးသည့်မျိုးတော့ လူ အတော်များများတွင် ရှိခဲလှပါလေသည်။

ဤသို့ပြုံးတတ်သူများသည်လေးနက်သောအဓိပ္ပာယ် တစ်ခုကို ရည်ရွယ်ကာ ပြုံးတတ်မှန်း မြခွာညိုသိသည်။

ဖေဖေဦးမင်းမောင်က ပြောလာခဲ့ပြန်သည်။

"ဒီတလောကလုံးမှာ သမီးမြခွာညိုရယ် ဖေဖေဦးမင်းမောင်





ရယ်ပဲရှိတာပဲ သမီး သမီးမှာ ဖွင့်ပြောရကောင်းမလား မပြောဘဲ နေရင်ကောင်း မလားဆိုတဲ့ ပြဿနာမျိုး ဖေဖေ နဲ့ပတ်သက်ပြီး မရှိသင့်ဘူးထင်တယ် ... ဘာဖြစ်လို့လဲဆို တာကို တကယ်လို့ သမီးရဲ့မေမေ့ရှိရင်တော့ ဖေဖေမကြား သင့်တဲ့စကားမျိုးကို မေမေနဲ့ မြခွာညိုပြောလို့ရတာပေါ့လေ၊ ခုတော့ ဖေဖေက ဖေဖေဆိုလည်းဟုတ်တယ်၊ မေမေဆို လည်း ဟုတ်တယ် မဟုတ်လားမြခွာညို"

ကျေနပ် ဖေဖေသည် ဘီယာမှုးနေလေ့ပြီထင်ရပါ၏။

စောစောက ထမင်းစားခန်းထဲတွင်ကော်ဖီသောက် ခြင်းတော့ဟုတ်ဟန်မတူ ဘီယာသောက်ခဲ့ခြင်းပဲဖြစ်ပါလေမည်။

"အဲဒီလောက်အလေးအနက်လည်းမဟုတ်ပါဘူးဖေဖေ ... ကိုစောညိုလွင်က ဒီအိမ်ကို လာလည်ချင်တယ်တဲ့ အဲဒါ ဖေဖေက ခွင့်ပြုမပြု မြခွာညိုက မေးကြည့်ရကောင်းမလား လို့ စဉ်းစားနေတာပါ"

"ဪ ... ဪ"

ဖေဖေသည် စောစောက ပက်လက်ကုလားထိုင် တွင်ပြန်ထိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေထံမှ တစ်စုံတစ်ခု ပြန်ပြောလေမည်လားဟု မြခွာညိုမျှော်လင့်ကာ စောင့်ကြည့်သေးသည်။

ဖေဖေက ဖတ်လက်စသတင်းစာကို ကောက်ကိုင်လိုက်သည်။ မြခွာညိုအနားမှ ထွက်ခွာလိုက်သည်။

မြခွာညိုသည် သူမ၏အိပ်ခန်းတွဲသို့ပင် ပြန်ဝင်လာခဲ့ပါ၏။

ထိုညအဖို့ မြခွာညို ဆက်၍စာမဖတ်ဖြစ်ပါတော့။









## အပိုင်း (၂)



www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၄)

မင်းမောင်နှင့် ညီညီ

ညီညီနှင့်မင်းမောင်။

ကျောက်ဆည်မြို့ဝယ် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ခန့်က ဤအတွဲလေးတတွဲသည် ရှိခဲ့ဘူးပါ၏။

မင်းမောင်က (၁၈)နှစ်။ (၁၀)တန်း

ညီညီက (၁၇)နှစ်။ (၉)တန်း

ဘောဂဝတီရပ်ထဲတွင် မင်းမောင်၏ မိဘအိမ်နှင့် ညီညီ၏မိဘအိမ်သည် ခြံခြင်းကပ်လျှက်ရှိခဲ့ကြသည်။

မင်းမောင်တို့မိဘများက ဆီစက်တစ်လုံးတည်ထား သည်။ နမ်းလှောင်သည်၊ မြေပဲလှောင်သည်။ အကြွယ်အဝချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတော့မဟုတ်စေကာမူ လူတန်းစေ့နေထိုင်နိုင်သည်။

ကျောက်ဆည်မြို့ဝယ် မင်းမောင်၏ မိဘများက ထိပ်ထိပ်ကြွ မဟုတ်သည့်တိုင်အောင် ချောင်လည်သော လူတန်းစားတွင်ပါဝင်၏။

ညိုညိုမိဘများသည် ကျောက်ဆည်တွင် ကြွယ်ရှိ ကြွယ်ဝလူတန်းစားဖြစ်သည်။ လော်ရီထရပ်ကားကြီး (၃)စီးပိုင် ဆိုင်းသည်။

ရှမ်းပြည်မှ ကုန်တွေရော အထက်ကုန်အောက်ကုန် တွေရော ကိုယ့်အရင်းအနှီးနှင့်ကိုယ် သယ်ပို့ရောင်းချသည်။ ကျောက်ဆည်မြို့၏ ထိပ်ထိပ်ကြွလူတန်းစားထဲတွင် ပါဝင်ခဲ့ကြ သည်။

မင်းမောင်နှင့် ညိုညိုက ငယ်ငယ်ကလေးကတည်း က အိမ်နီးချင်း ကစားဖော် ကစားဘက် ကျောင်းသွားအတူ ကျောင်းပြန်အတူ ကလေးဘဝ မူလတန်းဘဝတည်းက ကလေး တွေပဲ အိမ်နီးနားချင်းတွေပဲဆိုပြီး မိဘတွေကလည်း ကလေးနှစ် ယောက် အပေါင်းအဖော်ပြုနေကြသည်ကို ခွင့်လွှတ်ထားကြသည်။





လူကြီးချင်းကလည်း ခုဇ်မင်ကြသူတွေပဲဖြစ်သည်။

မင်းမောင်က ငယ်ငယ်ကလေးကတည်းက ညိုညို ကို မညိုဟုသာခေါ်လေ့ရှိသည်။

အခြားသောလူများခေါ်သလို ညိုညိုဟုမင်းမောင် ခေါ်။

ညိုညိုသည် အစကတော့ မင်းမောင်က သူမထက် အသက်လည်းကြီးသည် ပြီးတော့ သူမတွင် ညီအစ်ကိုမောင်နှမ လည်းမရှိသဖြင့် အစ်ကိုတစ်ယောက်ကိုခေါ်သလို "ကိုကိုမောင်"ဟု ခေါ်ခဲ့ပါလေသည်။

ကြာတော့လည်း ခေါ်နေကျတွင် သူ့လိုလို ကို တစ်လုံးပြုတ်သွားကာ "ကိုမောင်"ဟုခေါ်တော့သည်။

ကလေးတုန်းက ကလေးလိုခင်မင်ခဲ့သည်မှာ အတ္တာစိတ်၏ မျိုးစေ့ကလေးတွေ ပျိုးထားခဲ့မိကြခြင်းဖြစ်၏။

မညိုရှစ်တန်းအောင်သည့်နှစ်ကျတော့ သူတို့နှစ်ဦး သည် "ငယ်ချစ်မှ" ကြီးချစ်သို့ ပြောင်းလဲသွားကြတော့သည်။

ကိုမောင်နှင့်မညို ချစ်သွားပုံကိုလည်း ကြည့်ပါဦး ရယ်စရာလေးလိုလို ကြည်နူးစရာလေးလိုလို။



www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ။

အဲဒီနေ့က နွေကျောင်းပိတ်ရက်ရှည်ကြီးပိတ်ထား ပြီးမှ ပြန်ဖွင့်သောနေ့ဖြစ်သည်။

အထက်တန်းကျောင်း၏ စာမေးပွဲအောင်သူတွေ နောက်ထပ်တက်ရသော အတန်းသစ်သို့ ပြောင်းကြရသည်မို့ ပျော် ရွှင်မဆုံးသောနေ့ဖြစ်ပါလေသည်။

မညိုက ရှစ်တန်းအောင်၍ ကိုးတန်းတက်ရသည်။ ကိုမောင်က ကိုးတန်အောင်၍ ဆယ်တန်းတက်ရသည်။

မင်္ဂလာရှိသောအထိမ်းအမှတ်ဖြင့် ကျောင်းအုပ်ကြီး ဆရာတွေ ဆရာမတွေကိုယ်တိုင်က ထိုနေ့ညနေပိုင်း ကျောင်းတွင် ပျော်ပွဲရွှင်ပွဲလေးတွေ ပြုလုပ်ပေးသည်။

ဤပွဲမျိုးဆိုလျှင် ကိုမောင်တစ်ယောက် မပါလျှင် မနေရပါ။ အထက်တန်းကျောင်းများဖြစ်စေ တက္ကသိုလ်အသင်း မှာဖြစ်စေ ဆိုတတ်၊ တီးတတ်၊ ကတတ်သူများသည် စန်းပွင့်ကြစမြဲ ပင်။

ကိုမောင်က စန္ဒရားနှင့် မယ်ဒလင်တို့တွင် ကျွမ်း ကျင်လှသည်။ အဆိုကျတော့လည်း ကိုမောင်ကသိပ်ပိုင်ပြန်သည်





ဒါသည်ကျတော့ ကိုမောင်၏ဖေဖေဘက်မှ မျိုးရိုးကို ဆိုမောင်လိုက်ခြင်းဖြစ်ပါ၏။

ကိုမောင်တို့အိမ်တွင် ကိုမောင်၏ဖေဖေငယ်စဉ်က တီးခဲ့သော ရှေးခေတ်စန္ဒရားကြီးရှိသည်။

ကိုမောင် ခုနစ်တန်းမရောက်မီ မူလတန်းကျောင်း သားဘဝကတည်းက ကိုမောင်ဖေဖေသည် ကိုမောင်ကို စန္ဒရားတီး သင်ပေးသည်။ ကိုမောင်က အနုပညာတွင် ဝါသနာပါလာခဲ့ပြီးဖြစ်ပါ၏။

ကိုမောင် ခုနစ်တန်းနှစ်သို့ ရောက်လာချိန်တွင် တောက်ဆည်မြို့ပေါ်နှင့် ပတ်ဝန်းကျင် ကျေးရွာတို့၏အလှူမင်္ဂလာ ဆောင်စသည်တို့တွင် ကိုမောင်၏စန္ဒရားသံသည် လွင်နေခဲ့ပြီး ကိုမောင်၏အဆိုသည် ပျံ့နှံ့နေခဲ့ပြီးဖြစ်၏။

ကလေးဆိုပေမယ့် လက်ကွက်မကျဲ စိပ်စိပ်ဂလေး ကလေးသာသာဆိုပေမဲ့ အသံက မကြောင် ကလေးသံကလေးက ဝင်းနွဲ့လျသော မိန်းကလေးသံတစ်ခုနှယ် နားထောင်၍ကောင်းလှ သည်။

ကိုမောင်အသက်ဆယ့်ငါးနှစ်ကျော်စတွင် ကလေး သံဝမှတစ်ဆင့် ကြီးကောင်ဝင်ချင်သလိုလိုဖြစ်လာခဲ့သည်။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကိုမောင်သည် ဆံပင်ညှပ်ဆိုင်ထိုင်တတ်လာသည်။

အဲဒီခေတ်တုန်းကတော့ နယ်မြို့မှ လူပျိုလူရွယ်လေးတွေသည် ယေဘုယျအားဖြင့် ဆံပင်ညှပ်ဆိုင်တို့ လက်ဖက်ရည်ဆိုင်တို့တွင် စုဝေးတတ်ကြသည့်အလေ့အထလေးရှိခဲ့ပါ၏။

ဟေးလား ဝါးလားစုဝေးကြပေမဲ့ ထိုစဉ်က နံပါတ်ဖိုးဆိုသည်မှာ မကြားခဲ့ဘူးကြ။ အရက်ဝိုင်းဖဲဝိုင်းဖွဲ့ဖို့ စိတ်ကူးမျှမထည့်တတ်ကြ။

စုဝေးမိလျှင်ဆိုကြမည် တီးကြမည်။

နည်းနည်းလေးညဥ့်နက်လျှင် ကိုချစ်နေမိသော ကောင်မလေး၏အိမ်ရှေ့သို့ လျှောက်ပြန်သံပေးအဖြစ် မယ်ဒလင်လေး တဒေါင်ဒေါင်တီးခက်ကာ ဆိုသူဆို စည်းလိုက်သူလိုက်ဖြင့် ကောင်မလေးကို အသံပေး၍ ချစ်နေမိကြောင်း အသိပေးကြသည်။

သူတို့ချစ်သော ကောင်မလေးကို "ဂေါ်"ကြသည်ပေါ့။

အဲ ... ဒီနေရာ "ဂေါ်"ဆိုသည့် ဘန်းစကားလေးကို ရှင်းပြဖို့ လိုအပ်လာပါမည်။ ကိုမောင်တို့ ငယ်စဉ်က မိန်းကလေးတစ်ယောက်ကိုချစ်၍ ပိုးပန်းပြီဆိုလျှင် "ဂေါ်"မည်ဟူသော ဘန်း





စကားကိုသုံးကြပါသည်။ ဒီဘက်ခေတ်မှာ ရှိတ်သည် ကြွေပြသည်ဆိုသော ၁ ဘန်းစကားနှင့် ထပ်တူထပ်မျှဖြစ်သည်။

ဤမှာပင် ...

ကိုမောင်သည် စန္ဒရားအတီးကျွမ်းနေသည့်ကြားမှ မယ်ဒလင်ကိုပါ တီးတတ်လေ့ကျင့်တော့သည်။

မယ်ဒိုလင်ဟူသော ဂျာမန်တူရိယာသည် မြန်မာပြည်သို့ရောက်လာချိန်မှစပြီး မယ်ဒလင်အဖြစ် ယနေ့တိုင် တီးခတ်နေသူရှိဆဲတူရိယာပင်ဖြစ်သည်။

ကိုမောင်တွင် ဘူဖေဖေ၏ မျိုးရိုးဗီဇပါရှိလာသည်။ ကိုမောင်ကိုယ်တိုင်ကလည်း သုခုမအနုပညာတွင် ဆိုတီးဘက်၌ ပါရမီပြည့်ကာ ထူးချွန်နေခဲ့၏။

စန္ဒရားတီးကတည်းက ဂီတသံစဉ်အမျိုးမျိုး အထွေထွေတို့ကို ကိုမောင်၏ဦးနှောက်က မှတ်သားပြီးသားရှိနေပု ရသည်။

သုခုမအနုပညာနှင့် ပတ်သက်လာလျှင် ကိုမောင်၏ ဉာဏ်ထက်လွန်းသဖြင့် မယ်ဒလင်ကို တစ်နှစ်အတွင်း သူ ကျင်ကျင်လည်လည် ကိုမောင် တီးခတ်နိုင်ခဲ့သည်။

ကျောင်းမှပြုလုပ်သော ပျော်ပွဲရွှင်ပွဲတွေဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာဆရာမတွေက ကိုမောင့်ကိုသာ ဦးစီးခေါင်းဆောင်စေသည်။

ယခုပွဲတွင်လည်း ကိုမောင့်ကိုပင် ဦးစီးစေပြန်သည်။

ထို့မှမက ဆရာ၊ ဆရာမတွေက ကိုမောင့်စန္ဒရားလက်သံနှင့်အတူ သင်းသင်းဆွေဆိုသည့် ကျောင်းသူသစ်ကလေးကို ကိုမောင့်စန္ဒရားလက်သံနှင့် တွဲဖက်ကဖို့ စီစဉ်တော့သည်။

သင်းသင်းဆွေ၏ ဖခင်သည် အရေးပိုင်မင်းဖြစ်သည်။ ကျောင်းတွေပိတ်ထားသည့်အချိန်တွင် ကျောက်ဆည်မြို့သို့ ပြောင်းရွှေ့လာခြင်းဖြစ်ပါ၏။

ထိုခေတ်က ဒီစီခေါ် အရေးပိုင်တို့ ဒီအက်စ်ပီခေါ် ခရိုင်မြို့ မြို့မိမြို့ဖ ရာထူးအကြီးဆုံး မျက်နှာအကြီးဆုံးဖြစ်သည်။

တစ်မြို့လုံးက လေးစားရိုသေကြရသည်။

အထူးသဖြင့် ယခုပြောင်းလာသော အရေးပိုင်သည် ကိုမောင်တို့၏ ကျောင်းအုပ်ဆရာကြီးနှင့် ရန်ကုန် မြို့မကျောင်းကြီးတွင် ကျောင်းအိပ်ကျောင်းစား အတူနေခဲ့သော သူငယ်ချင်းတွေဟုသိရသည်။

ထို့ကြောင့်လည်း ...

ကျောင်းအုပ်ဆရာကြီးသည် မြို့မကျောင်းအစွဲပါ





လာပြီး ယခုမိမိကျောင်းတွင် ကျောင်းသူကျောင်းသားတွေ စိတ်ကြည်နူးပျော်ရွှင်စေဖို့ ပျော်ပွဲရွှင်ပွဲလေးတွေလုပ်ပေးခြင်းဖြစ်သည်။

ထိုခေတ်က မြို့မကျောင်း၏ ကျောင်းအိပ်ကျောင်းစားဘော်ဒါသူ ဘော်ဒါသားများအတွက် ကြာသပတေးညတိုင်းလိုလို Fun Night အဖြစ်သတ်မှတ်ကာ ပျော်ပွဲရွှင်ပွဲလေးတွေ လုပ်ပေးတတ်သည်။

တစ်ခန်းရပ်ပြဇာတ်လေးတွေ မြန်မာရာဇဝင်ကို အခြေခံသော ထိုးဇာတ်လေးတွေ မျက်လှည့်ပြတတ်သောသူက ချက်လှည့်ပွဲတွေနှင့် အကကောင်းသော ကျောင်းသူလေးများအား ကပြစေလေ့ရှိခဲ့သည်။

ဆွတ်ပျံ့အောက်မေ့ဖွယ်ကောင်းလှသောမြို့မကျောင်းတော်ကြီးပါပေ။ မြို့မကျောင်းသူ ကျောင်းသားတွေအားလုံးသည် ဆရာဆရာမတွေကို ရိုသေသည်၊ ချစ်ခင်သည်။

မြို့မကျောင်းဆရာ ဆရာမတွေကလည်း ကျောင်းသူကျောင်းသားအားလုံးကို ရင်းနှီးစွာ ဆက်ဆံသည်။ သားသမီးများသဖွယ် တူ တူမများသဖွယ် သဘောကောင်း၏။

စေတနာဆရာ ဆရာမတွေပဲဖြစ်ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်စိတ်ဓာတ်ထက်သန်သော ဆရာ ဆရာမတွေလည်းဖြစ်သည်။

နိုင်ငံတော်၏ တိုင်းပြည်ခေါင်းဆောင်များထဲတွင်လည်းကောင်း စစ်ဘက်အရာရှိကြီးများနှင့် အင်ဂျင်နီယာကြီးများစသည့် အတတ်ပညာရှင်ကြီးများထဲတွင်လည်းကောင်း မြို့မကျောင်းထွက်တွေ လက်ညှိုးထိုးမလွဲအောင်ရှိပါလေ၏။

ယခုပွဲတွင် ကျောင်းအုပ်ဆရာကြီးက သူငယ်ချင်းအရေးပိုင်၏သမီး သင်းသင်းဆွေကို အကြောင်းနှစ်ချက်နှင့် ပွဲထုတ်ခဲ့ခြင်းဖြစ်သည်။

ပထမအချက်မှာ သင်းသင်းဆွေသည် ယခုနှစ်မှ ဒီကျောင်းသို့ ရောက်ရှိလာသည့် ကျောင်းသူသစ် မျက်နှာစိမ်းမလေးဖြစ်နေသည့်အတွက် ကျောင်းသူကျောင်းသားများအား သင်းသင်းဆွေနှင့် မိတ်ဆက်ပေးသည့် သဘောဖြင့် ကျောင်းသူ ကျောင်းသားအားလုံးသိစိမ့် မြင်စိမ့်သောငှာ စင်ပေါ်တင်ပေးခြင်းပဲဖြစ်သည်။

ဒုတိယအချက်မှာ ...

မြန်မာအကတွင် သင်းသင်းဆွေသည် အလွန်ပင်တော်သည်။ သမီးဖြစ်သူ သင်းသင်းဆွေသည် မြန်မာအကကို ကရာ





တွင် အလွန်တော်လွန်းသူ တတ်လွန်းသူဖြစ်ကြောင်း သူမ၏ ဖေဖေနှင့်မေမေကိုယ်တိုင်က အမွှန်းတင်လွန်းသည်ကြောင့် ပွဲထုတ်ရလေ့ခြင်းပဲဖြစ်ပါ၏။

မှန်၏။

သင်းသင်းဆွေ အကတော်သည်မှာ မျက်မြင်ဒိဋ္ဌဖြစ်တော့၏။

စင်ပေါ်တွင် ကိုမောင်က ပရိသတ်အမြင်ဘေးတိုက်အနေအထားဖြင့် ထိုင်သည်။ စန္ဒရားကလည်း ဘေးတိုက်ပင်ဖြစ်သည်။

သင်းသင်းဆွေ၏အကမှာ လက်ချောင်းလေးတွေကွေးညွှတ်ပုံကပင် တူမကနိုင်ကြောင်း သိရှိရသည်။

ခန္ဓာကိုယ်ကလည်း ပျော့ပျောင်းနွဲ့နှောင်းလိုက်သည့်ဖြစ်ခြင်း နှုတ်ခမ်းကလေးကလည်း ကနေစဉ်တွင် ပြုံးပြထားတတ်သည်။

အောက်မှ ကျောင်းသားကျောင်းသူတွေက အငွေ့လိုပင် သင်းသင်းဆွေကို ပြန်ပြုံးမိသည်အထိ ဆွဲဆောင်မှုရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာအကတွင် ဒူးကွေး ခါးညွတ်ပြီး လက်နှစ်ဖက်မြှောက်ခြင်းဖြင့် ရင်၏အလှကိုတော့ ဖွင့်ထားရာရောက်သည်။ တင်၏အလှကိုလည်း ဖော်လှမ်းပြထားသကဲ့သို့ရှိသည်။

စည်းချက်အလိုက်လည်းကောင်း ကကြိုးကွက်အလိုက်လည်းကောင်း သင်းသင်းဆွေ ဝိုင်းပတ်လှည့်ကလိုက်လျှင် သင်းသင်းဆွေ၏ ရင်အလှ တင်အလှတို့မှာ ပေါ်လွင်လှသည်။

ကျောင်းသားထု၏ လက်ခုပ်သံသည် ကဖြောင်းဖြောင်း ပေါ်လာလေတော့သည်။ သင်းသင်းဆွေသည် ကရင်းမှ စန္ဒရားအနီးသို့ အကြိမ်ပေါင်းများစွာ ရောက်ရှိသွားတတ်သည်။

ရောက်သည်နှင့် သင်းသင်းဆွေက ကိုမောင့်ကို အထူးတလည်းပြုံးပြလေ့ရှိသည်။

ကိုမောင်ကလည်း သင်းသင်းဆွေအား သွားဖြူတန်းနှင့် သွားစွယ်တန်းလေးများ ပေါ်သည်အထိပြုံးရယ်ပြသည်။

ဒါတင်မကသေး သင်းသင်းဆွေသည် ကနေရင်းမှ ကိုမောင့်ကို စကားလှမ်းပြောသေးသည်။ ကိုမောင်က ခေါင်းညိတ်ပြပြီး ကိုမောင်ကပြန်ပြောသည့်အခါ [illegible] ပြန်ပြောသည်။





"ဟင်း ... နှစ်ယောက်သား အကြည်ဆိုက်နေလိုက်ကြတာ"

ဟု ညိုညိုက ကြည့်ရင်းမှတ်ချက်ချတော့သည်။

ညိုညို၏ရင်ထဲတွင် ဘယ်လိုမှန်းမသိသော ဝေဒနာခံစားလာရတော့သည်။ ငိုချင်သလိုလိုလည်းဖြစ်လာသည်။

ခံပြင်းစိတ် မခံချင်စိတ်လေးလည်းဖြစ်လာသည်။ ကိုမောင့်ကို ကုတ်ဖဲ့ဆိတ်ဆွဲပြီး ထုချင်နှက်ချင်စိတ်လေးတွေလည်း ဖြစ်လာသည်။

ညိုညိုနှင့် အတူ ရှေ့နောက်ဝဲယာထိုင်ကြည့်နေကြသော အဖော်ကျောင်းသူတွေကလည်း စင်ပေါ်မှာ ကိုမောင်နှင့် သင်းသင်းဆွေပြုံးပြကြလေတိုင်း စကားပြောလေတိုင်း ညိုညိုအား လှမ်းကြည့်ကြသည်။

အကြောင်းမူ ကိုမောင်နှင့် ညိုညိုတို့ အမြဲတန်း အတွဲတွဲရှိနေသည်ကို ကျောင်းသူကျောင်းသားတွေအားလုံး မြင်တွေ့သိရှိနေသောကြောင့်ဖြစ်ပါ၏။

ကိုမောင်နဲ့ ညိုညိုကသာ ဘာမှမဖြစ်သေးတာ။

ပတ်ဝန်းကျင် ကျောင်းသူကျောင်းသားတွေက



www.burmeseclassic.com

www.burmeseclassic.com



တော့ ချစ်နေကြပြီဟု ထင်နေကြပုံရသည်။

ထို့ကြောင့်လည်း ကျောင်းသားတွေသည် ညိုညိုနှ
လျှင်မစကြ မေတ္တာစကားမဆိုကြ။

သူငယ်ချင်းဖြစ်သည်။ ကိုမောင့်အပေါ်တွင် သစ္စာ
ရှိကြသော သဘောပဲဖြစ်ပါ၏။ ညိုညိုတွင် ကိုမောင်ဆိုသည့် ချစ်
နိုင်စွမ်းရှိသည်ဟုထင်နေကြသည်။

တချို့ ကျောင်းသူတွေဆိုပါကလည်း ကျောင်းတွင်
အဆိုအတီးဘက်မှာရော စာတော်သည့်ဘက်မှာရော အကျင့်
စာရိတ္တကောင်းသည့်ဘက်မှာရော ရုပ်ရည်ချောမောကြည့်ကောင်း
သည့် ဘက်မှာရော အဘက်ဘက်ကပြည့်စုံနေပြီး စန်းပွင့်လှသည့်
ကိုမောင်ကိုရင်ထဲမှ ကျိတ်၍သဘောကျနှစ်ခြိုက်နေမိကြပါလေ
သည်။

သို့တစေ ...

ယင်းကျောင်းသူလေးတွေကပင် ကိုမောင်အား
ညိုညိုချစ်ပိုင်အဖြစ် သတ်မှတ်ကာကိုမောင့်အနီးအပါးသို့ မချဉ်းကပ်
ကြ။

ယခုစင်ပေါ်တွင် ကိုမောင်က သင်းသင်းဆွေနှင့်





အရောတဝင်ဖြစ်နေပုံရသောအခါ ကျောင်းသူတွေက ညိုညိုအား
ကွက်ကြည့်ကွက်ကြည့်လေးတွေကြည့်လာသည်။

ညိုညိုသည် သင်းသင်းဆွေ၏အကနှင့် ကိုမောင်၏
အတီး မပြီးဆုံးခင်မှာပင် ပရိသတ်ကြားမှထွက်လာခဲ့သည်။

ကိုမောင်သည် စန္ဒရားတီးနေရာမှ မညိုဘာ၍ထွက်
သွားသည်ကို လှမ်းမြင်ရပါ၏။

ထိုင်နေကြသော လူအုပ်ကြီးထဲတွင် မတ်တတ်ရပ်
၍ လျှောက်သွားသူကို စင်မြင့်ပေါ်မှ လူကထင်ထင်ရှားရှားမြင်ရပါ
၏။

မညိုသည် ပရိသတ်စုဝေးရာ Asssemblyဟော
ကြီးထဲမှ ထွက်လာခဲ့သည်။ ဘာရယ်မဟုတ် ကျောင်းအောက်မြေ
ပြင်သို့ ဆင်းလာခဲ့သည်။

လူတွေအားလုံးက အပေါ်ထပ်ဟောလ်ထဲ၌သာရှိ
နေသဖြင့် ကျောင်းခြံဝန်း ပရိဝုဏ်ဝယ် လူဆို၍တစ်ဦးတလေမျှမရှိ။

ခါတိုင်းဆိုလျှင် တစ္ဆေသရဲအလွန်ကြောက်တတ်
သော မညိုသည် ယနေ့ကျတော့ ဘာကိုမှကြောက်ရမှန်းမသိ ထိုင်
နေကျ တမာပင်ကြီးအောက် လျှောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟောသလ်ထဲမှ ထွက်လာ၍ အပြင်ရောက်သည်နှင့် မျက်ရည်ပေါက်ကြီးများ ထိန်းအုပ်၍မရတော့ဘဲ ပေါက်ခနဲ ပေါက်ခနဲ အလိုလို ကျဆင်းလာခဲ့တော့သည်။

ပါးပြင်ပေါ်တွင် မျက်ရည်စီးကြောင်းများဖြစ်သွားခဲ့၏။

ထိုင်နေကျ တမာ ပင်မြစ်ဆုံကြီးပေါ်တွင် ထိုင်ချလိုက်သည်နှင့် မညိုသည် တဟင်းဟင်းရှိုက်သံလေးများ ထွက်အောင်ပင် ငိုချလိုက်ပါလေသည်။

အလွန်အမင်း စုံမက် မြတ်နိုးလှသော အရုပ်လှလှလေး ပျောက်ဆုံးသွားသဖြင့် ဝမ်းပန်းတနည်း ငိုကြွေးသောကလေးတစ်ဦးနှယ် မညိုငိုကြွေးမိတော့သည်။

အပေါ်ထပ် ဟောလ်ကြီးထဲမှ လက်ခုပ်တီးသံများကတာဖြောင်းဖြောင်းအသံဖြင့် ပျံ့လွင့်လာသည်ကို မညိုကြားနေရသည်။

လက်သည်းချွန်ချွန်လေးများဖြင့် တမာပင်ကြီး၏ မြစ်ဆုံကို ထိုင်လျက်သား ငိုရှိုက်ရင်း ကုတ်ဖဲ့မိတော့သည်။

စိတ်ထဲမှခံပြင်း၍ ကိုယ်ကုတ်ဖဲ့လိုသူကို မကုတ်ဖဲ့





လေတိုင်း တမာပင်သစ်ဆုံမြစ်ကြီးခမျာ ဓားစာခံဖြစ်ရလေတော့သည်။

ဤတမာပင်ကြီး၏ အမြစ်ဆုံကြီးသည် ကိုမောင်နှင့်ညီတို့ ကျောင်းတက် ကျောင်းဆင်းရာတွင် အိမ်ကကားနှင့်လာကြိုသည် လိုက်ပို့သည်။

ထိုရောအခါ ယခင်ကလို ကိုမောင်နှင့်အတူ ကျောင်းသွား ကျောင်းပြန်အတူတူဆိုသည့် အခွင့်ရေးမရှိပါလေတော့။

ဒီတော့ကျောင်းစောစောရောက်သူသည် ဤတမာပင်ကြီးမြစ်ဆုံတွင်ထိုင်၍ နောက်တစ်ယောက်အလာကိုစောင့်လေ့ရှိကြသည်။ မညိုက စောနေလျှင် ကိုမောင်လာသည်အထိစောင့်။

ကိုမောင်ကစောနေလျှင် ဤတမာပင်မြစ်ဆုံကြီးမှာပင် ထိုင်၍မညိုကိုစောင့်သည်သာ။

ဒါတွေ တွေးမိလေ မညို၏ ငိုရှိုက်မှုသည် ထန်လေသာဖြစ်တော့သည်။ မညိုသည် ဒူးကလေးနှစ်ဘက်ကို လက်နှစ်ဘက်ဖြင့် ဝေ့ဝိုက်ပြီး ဒူးပေါ်တွင် မျက်နှာအပ်ကာ တဟင့်ဟင့်ငိုကြွေးလိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်ရွေ့မည်မျှ အချိန်ကုန်ဆုံးသွားသည်ကို မညို့ဂရု
မပြုမိပါလေ။

"မညို့"

ကိုမောင့်အသံကို မညို့ကြားရသည်၊ မညို့ ခေါင်း
မဖော်။

ထို့နောက် ...

မိမိဘေးသစ်မြစ်ဆုံပေါ်မှာပင် ကုပ်၍ထိုင်လိုက်သော
ကိုမောင်၏ ဘေးချင်းထိုင်အသားချင်းထိတွေ့မှုကို မညို့ ခံစားလိုက်
ရသည်။

"မညို့"

မညို့ ငိုနေဆဲ။

ကိုမောင်၏ လက်နှစ်ဘက်သည် ဘာမပြောညာ
မပြောဖြင့် မညို့၏ကိုယ်လုံးလေးကို မြွေပတ်သလို ရစ်ပတ်လိုက်ပြီး
သူ၏ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"မညို့"

"အို ... သွား ... သွား ကိုမောင်မလာနဲ့ ... မညို့ဆီကို
ကိုမောင် မလာနဲ့နော် ... "





"ကိုမောင်ဘယ်သွားရမှာလဲ ... မညို့ ကိုမောင့်မှာ မညို့က
လွဲပြီး ဘယ်ကိုမှ သွားစရာမှမရှိတာ ... "

"သွား သွား ... အရေးပိုင်သမီးဆီသွား သင်းသင်းဆွေဆီ
ကိုသွားပေါ့"

မညို့ကလက်ပါလာသည်။ကိုမောင့်ကိုထုနှက်သည်။
ကိုမောင်ခံနေရပါလေ၏။ ကိုမောင့်ကို ဆိတ်ဆွဲသည်။ ကိုမောင်ခံ
နေရပြဲဖြစ်ပါလေသည်။

ဒီနောက် မညို့၏ဒေါသအရှိန်ကပိုတတ်လာခဲ့သည်။
ဒေါသအရှိန်မပြေနိုင်သေးဘဲ ကိုမောင်၏မျက်နှာကို ကုတ်ဖွဲ့လိုက်
မိသည်။

"အား ... မညို့ရယ်"

ကိုမောင် တွန့်ခနဲဖြစ်သွားပြီး သူ၏မျက်နှာကို
လက်ဝါးဖြင့်အုပ်လိုက်သည်။ အုပ်ထားသော လက်ကိုတော်တော်
နှင့်ပြန်မခွာ။

"မှန်း ... ဘာ ... ဘာဖြစ်သွားလဲ ကိုမောင်"

မညို့က ကိုမောင့်လက်ဝါးကို အတင်းဆွဲကြည့်
လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း သွေးတွေ ..."

မှန်ပါ၏။ မညို မဆင်မခြင်ကုတ်ဖဲ့ရာတွင် လက်သည်းချွန်တစ်ချောင်းသည် ကိုမောင်၏ပါးပြင်ကို ထိုးခွဲလိုက်မိတော့၏။ ကိုမောင့်ပါးပြင်ဝယ် ဓားရှသလို အနီကြောင်းအစင်းရာထင်ပြီး သွေးများထွက်လာခြင်းဖြစ်တော့သည်။

"အို ... ကိုမောင်ရယ်"

မညိုသည် မျက်ရည်များစိုနေသော သူမ၏လက်ကိုင်ပဝါလေးနှင့် ကိုမောင်၏ပါးပြင်ကို အုပ်ထားလိုက်သည်။

အုပ်ထားရင်းမှ ကိုမောင့်အား သွေးထွက်သည်အထိ ရက်စက်မိပါလားဟူသော ခံစားချက်ဝင်လာသဖြင့် ထပ်မံငိုမိပြန်တော့သည်။

ကိုမောင်က ငိုရှိုက်နေသော မညိုကိုကြည့်လိုက်မိသည်။

ဒီလို မညိုငိုတာမြင်တော့ ရင်ထဲမှာမကောင်းပြန်။

"မငိုပါနဲ့ ... မညို ခြစ်မိတာလေးပဲဟာ ..."

ကိုမောင်က မညိုကို ထပ်မံပွေ့ဖက်ထားပြန်သည်။ ပါးခြင်းအတန်ကြာကပ်ထားမိသည်။ ထို့နောက်မညို၏ နဖူးပြင်





မြင်တို့ကို ကိုမောင် တရစပ်နမ်းတော့သည်။

ဟန်မလုပ်။ မရှန်းမကန် ကိုမောင်၏ကျောပြင်ကို ဘာ မညိုက ပြန်လည်ဖက်ထားမိသည်။

ချစ်ခြင်းမေတ္တာဆိုသည်မှာ ဒါပဲဖြစ်တော့သည်။

ကာလအတန်ကြာ ငယ်စဉ်ကပင် ကိုမောင်သည် ညိုကိုချစ်သည်။ မညိုသည် ကိုမောင့်ကိုချစ်သည်။

ချစ်ခဲ့ကြသည်က အစိုင်နှင့်အခဲနှင့်။

ထုနှင့်ထည်နှင့်။

မဖွင့်ဟကြသေးခင်ကတော့ဟန်ဆောင်နေကြသည်။ ပေါက်ကွဲခင်ကတော့ မီးခိုးငွေ့လေးမထွက်အောင် ထိန်းသိမ်းကြသည်။

မီးတောင်နှင့်ပင် တူလေသေးတော့။

ပေါက်ကွဲပြီဟေ့ဆိုသည်နှင့် ပရမ်းပတာ ပေါက်ကွဲသတော့သည်။ အတွင်း၌မြုံနေသော တေဇောဓာတ်အစိုင်အခဲကြီး ကြီးထွားလာပြီကိုး။

ယခု ကိုမောင်က ချစ်ပါရစေတစ်ခွန်းမပြော ချစ်နေ ဦးဟုတစ်လုံးမဆို။



www.burmeseclassic.com

www.burmeseclassic.com



ဆိုစရာကိုမလိုသောကြောင့်ပါတည်း။

ချစ်နေမှန်း တစ်ဦးနှလုံးသားကို တစ်ဦးသိနေကြသည်မှာ ကြာမှကြာ။

"ကိုမောင်"

"မညို"

"ဟို အရေးပိုင်သမီးနဲ့ ဘာမှမပတ်သက်ပါဘူးနော်"

"ကြံကြံဖန်ဖန်မညိုရယ် ... ကိုမောင့်ဘဝဟာ မညိုပါ ... ကိုမောင့်အသည်းနှလုံးဟာ မညိုပါ ... ကိုမောင့်ရဲ့ရာသက်ပန် မညိုပါ ... မြိုထားတာ ရင်နဲ့တစ်လုံးပြည့် ဖွင့်ပြောလိုက်လို့ မညိုလက်မခံရင် ခုလိုခင်မင်နေတာလေး အရင်းပြုတ်သွားမှာစိုးပြီး မဖွင့်ရဲတာပါ မညို ..."

"ဒါဆို ပြီးရော ..."

"မညိုကရောဟင် ..."

"ဘာကို မညိုကရောဟင်တာလဲ ကိုမောင် ..."

"ဩော် ... ကိုမောင်ကိုချစ်ရဲ့လားလို့ပါ ..."

"ကိုမောင့်ရင်ထဲကအတိုင်းပါပဲ ... မညိုက မိန်းကလေးဆိုတော့ နှလုံးနုတယ် အသည်းနုတယ် ဒါကြောင့် ကိုမောင်ချစ်တာထက် မညိုပိုဦးမယ် ..."





"အို ... မညိုလေးရယ်"

ပွေ့ကြ၊ ဖက်ကြ၊ နမ်းကြသည်မှာ ကြိမ်ဖန်များစွာအနီးအပါးတွင် ဘယ်နှစ်ကြိမ်ဖက်ကြသည်။ ဘယ်နှစ်ကြိမ်နမ်းကြသည်ဟူ၍ တစ်နှစ်သုံးလေးရေတွက်မည့်သူမရှိ။

"ကိုမောင်"

"မညို"

"သင်းသင်းဆွေက ကိုမောင့်ကို ပြုံးပြုံးပြတယ်နော်"

"ကချေသည်တိုင်းဟာ ကနေတုန်းမှာ အမြဲပြုံးထားရတယ် မညို ... ဒါဟာ အကပညာထဲမှာ တစိခုအပါအဝင်ပါ"

"အံမာ ... ကိုမောင်ကခုတို့ ပြန်ပြုံးပြတာပဲ"

"ဒီနေ့မှ ကျောင်းစတက်တဲ့မိတ်ဆွေတစ်ဦးကို ... ပြုံးပြနှုတ်ဆက်တဲ့သဘောပါ ... မညို ယုံပါ"

"မယုံသေးဘူး ... ကိုမောင်တို့ တစ်ယောက်နဲ့တစ်ယောက်စကားတွေလည်း ပြောနေကြသေးတယ်မဟုတ်လား"

"ဩော် ... မညိုလေးရယ် သဝန်တိုတတ်ရန်ကော အဲဒါက ဆိုင်းသမားနဲ့ ကချေသည်ရဲ့ အပေးအယူသဘောပါ မညိုသူနဲ့ ကိုမောင်ကကြိုတင်ဇာတ်တိုက်ပြီးမှ စင်ပေါ်တက်ရ



www.burmeseclassic.com

တာမှမဟုတ်တာ … အဲဒီတော့ သူက ဘယ်ကကြိုးကို ပြောင်းမယ် … ကိုမောင်က ဘယ်တီးကွက်ကိုလိုက်တီးပါဆို တာမျိုး တီးရင်းကရင်း ညှိတဲ့စကားတွေပြောတာပါ မညို"

"အဲဒါ တကယ်နော် … သင်းသင်ဆွေနဲ့ ကိုမောင်ဘာမှ မပတ်သက်တာ ဘုရားစူး မိုးကြိုးပစ်နော် … "

"ရွှေသာလျောင်းကိုယ်တော်မြတ်ကြီးစူးရစေရဲ့ … ကျောက် သေတ္တာကြီး ကိုမောင့်ခေါင်းပေါ်ပြုတ်ကျစေရဲ့ … "

မညို့ထံမှ ကျေနပ်ကြည်နူးသောရယ်သံလေးထွက် လာပါလေတော့သည်။

ဪ … ချစ်ကြပြီကိုး။

အရေးပိုင်၏သမီး သင်းသင်းဆွေကိုပင် ကျေးဇူးတင် ရပေဦးမည်။ မဟုတ်ရင် ဘယ်တော့ပွင့်ကြမည်ဟု မခန့်မှန်းနိုင် အခု တော့ ကိုမောင်နှင့် မညိုချစ်သွားကြပုံလေးက ရယ်စရာလိုလို ကြည် နူးစရာလိုလို။

ညသည် အလွန်တိတ်ဆိတ်နေခဲ့ပါ၏။

ရှိသမျှ လူတွေသည် ဟောလ်ထဲမှ ကပွဲရှင်ပွဲ၌သာ အာရုံစိုက်နေကြသည်။





အရိပ်ကောင်းလှသော တမာပင်ကြီးအောက်ဝယ် ကိုမောင်နှင့် မညိုသည် နှစ်ယောက်တည်းမှ တကယ့်နှစ်ယောက် တည်း။

www.burmeseclassic.com



အိမ်ခြင်းကပ်လျက် ဟိုဘက်ဒီဘက်မို့ လူကြီးတွေလစ်တိုင်း ကိုမောင်နှင့်မညို ချိန်တွေ့တတ်လေ့ရှိတာတော့မှန်သည်။

သို့သော် ...

ကိုမောင်ရော မညိုရော လူကြီးတွေရှေ့တွင် ဟန်ဆောင်ကောင်းလှသည်။

လူကြီးတွေစိုးစဥ်မျှ ယုံမှားသံသယမရှိကြ။

ကျောင်းမှာလည်း ထိုနည်းနှင်နှင်ပင် အနေအထိုင်ပိရိလှသဖြင့် ဆရာတွေဆရာမတွေလည်းမရိပ်မိ။





ကိုမောင်နှင့် မညိုသည် တဦး၏အချစ်ပေါ ၀ယ် တဦးက ခြွင်းချက်မရှိယုံကြည်ကြသည်။ ကမ္ဘာလောကကြီးတစ်ခုလုံး၀ယ် ကိုမောင်နှင့်မညိုတို့ ချစ်သလောက်ဘယ်စုံတွဲကမှ မချစ်နိုင်ဟုပင် သူတို့ကိုယ်သူတို့ ယုံကြည်ကြသည်။

ထို့ကြောင့်လည်း ချိန်းတွေ့သည့်အခါ ချိန်းတွေ့ကြပေမဲ့ မညိုက ကိုးတန်းကျောင်းစာတွေမလစ်ဟင်း။ ကိုမောင်ကလည်း ဆယ်တန်းကျောင်းစာတွေ ပို၍ပင်ကြိုးစားကြတော့သည်။

ကိုမောင်သည် မိဘကျောင်းထားမှုနောက်ကျသဖြင့် အသက်(၁၆)နှစ် ဆယ်တန်းစံချိန်ကိုမမီသော်လည်း မူလတန်းအလယ်တန်းမှစ၍ ယခုဆယ်တန်းရောက်သည်အထိ စာမေးပွဲ တစ်ခါမျှ မကျစဖူးခဲ့။

တစ်နှစ်တစ်တန်း မှန်မှန်အောင်သည်။

အတန်းတိုင်းတွင် လပတ်စာမေးပွဲတွေ အစမ်းစာမေးပွဲတွေမှအစ အတန်းတင်စာမေးပွဲကြီးအထိ ကိုမောင်က ပထမဆင့်၊ ဒုတိယဆင့်၊ တတိယအဆင့်ဆိုသည့် အဆင့်တစ်ဆင့်ဆင့်အားရှေ့တိုးနောက်ဆုတ်ကူးလူးနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူမရှိမီက စာတော်သော ကိုမောင်သည် ချစ်သူထားမှစာညံ့သွားသည်မျိုးလက်မခံ ပို၍ပင်ကြိုးစားသေးပါ၏။

စာမေးပွဲတွေ တစ်တန်းပြီးတစ်တန်းမြန်မြန်အောင်လေ ချစ်သူနှင့် တစ်နေ့တခြားပို၍နီးခွင့်ကြုံနိုင်မည်ဆိုသည့် ခံယူချက်မျိုး ကိုမောင်လက်ခံယူပါလေသည်။

ထိုသို့ဖြင့်ပင် စာမေးပွဲတွေ အချိန်ရောက်လာခဲ့သည်။

မညိုတို့ ကိုးတန်းစာမေးပွဲက အရင်ဖြေရသည်။ ကိုမောင်တို့ဆယ်တန်းက နောက်ကျမှဖြေရသည်။ စာမေးပွဲတွေဖြေဆိုနီးကပ်လာကတည်းက မညိုရော ကိုမောင်ပါချိန်းတွေ့နိုင်သည့်အခွင့်အရေးတွေရစေကာမူ ချိန်းမတွေ့ကြ။ စာမေးပွဲအတွက်သာ အမိကထားကြသည်။

အဲ ... မှတ်မှတ်ရရဆိုလျှင် ...

ကိုမောင် ဆယ်တန်းစာမေးပွဲကို ပထမဆုံးစတင်ဖြေဆိုသည့်ဘာသာမှစ၍ နောက်ဆုံးဖြေဆိုရသည့်ဘာသာအထိ ကျေနပ်အားရစွာ ဖြေဆိုနိုင်ပြီးသည့် နောက်တစ်နေ့ညဝယ် ချိန်း





မတွေ့ကြသည်မှာ အတန်ကြာပြီမို့ နှစ်ဦးသားချိန်းတွေ့ကြသည်။

ဟိုအရင်တစ်ခါ ခဏခဏချိန်းတွေ့စဉ်က ဟိုဘက်ခြံစည်းရိုး ဒီဘက်ခြံစည်းရိုးကြားတွင် တအောင့်တခဏ ချိန်းဆိုတွေ့ပြီး လူကြီးတွေတွေ့မည်စိုးသဖြင့် လှစ်ခနဲပြန်ခဲ့သည်တွေက များခဲ့ကြပါ၏။

လူကြီးတွေအိပ်နေခိုက် ခဏတဖြုတ်ချိန်းတွေ့ရသည်မျိုးပေကိုး။

အဲဒီနေ့ညကတော့ တကယ့်ကိုမှတ်မှတ်ရရဖြစ်တော့သည်။

မှတ်မှတ်ရရဖြစ်စေဖို့ ဖန်တီးလာသည်ကနယ်ပိုင်ဝန်ထောက်လေး ဦးမောင်မောင်လွင်ကျောက်ဆည်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းအစ ဖြစ်တော့သည်။

သင်းသင်းဧ့ဖခင် အရေးပိုင်မင်းကပင် ဦးစီးခေါင်းဆောင်ပြုလုပ်ပြီး နယ်ပိုင်ဝန်ထောက်လေး ဦးမောင်မောင်လွင် ပြောင်းရွှေ့လာရခြင်းအတွက် မြို့မိမြို့ဖလူကုံထံတွေနှင့် မိတ်ဆက်ထမင်းစားပွဲ ကျင်းပပေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မညို၏ ဖေဖေနှင့် မေမေသည် မြို့မျက်နှာဖုံးကြေးရေတတ် လူချမ်းသာမို့ ထိုပွဲသို့ မတက်မနေရ တက်ရောက်ကြရသည်။

အရေးပိုင်မင်း၏ တိုက်အိမ်ခြံကြီးထဲတွင် မီးသီးရောင်စုံဖြင့် မိတ်ဆက်ဒင်နာပွဲဖြစ်သောကြောင့် အရက်ဝိုင်းပါ၏။

မန္တလေးမှ အငြိမ့်တစ်ခုပင်ပါလိုက်သေးသည်။

မညို၏ဖေဖေနှင့် မေမေသည် အရေးပိုင်မင်း၏ ခြံကျယ်ဝန်းကျယ် မိတ်ဆက်ပွဲကြီးတွင် ပျော်ရွှင်ကြည်နူးနေခဲ့ကြ၏။

လူကုံထံတွေ စုဝေးရာအရပ်တွင် ပျော်မွေ့နေခဲ့သည်။ ထို့ကြောင့်လည်း မညိုနှင့် ကိုမောင်တို့ ချိန်းတွေ့ကြသည်မှာ ကြောက်လန့်ရမည့်သူမရှိခိုက်တွင် အချိန်တွေကြာချင်တိုင်းကြာသွားကြတော့သည်။

စိုပြေစိမ်းလန်းပြီး နုဖက်သောမြက်ပင်တို့ပေါက်ရာ အရပ်တစ်ခုကို ချေလေးတွေ သမင်လေးတွေသည် ရှာဖွေတွေ့ကြပြီဆိုပါတော့ ချေနှင့်သမင်လေးတွေသည် နုဖက်သောမြက်ညွန့်ကလေးတွေမစားသေးမီ လည်တိုင်ကြော့ကြော့ ဦးခေါင်းမော့ဖြင့်





တော်ဝန်းကျင်တွင် ကျားရှိနေသလား၊ မုဆိုးရှိနေသလားနှင့် မည်ကအကဲခတ်မည်။

အန္တရာယ်ရှိသည်ဟူသော အရိပ်အယောင်တွေ့ပြီဆိုလျှင် ချေလေးတွေ သမင်လေးတွေက နုဖက်စိုပြည်သောမြက်ခင်းကိုစားလေကြတော့ ပြေးဖို့သာကြိုးစားကြတော့သည်။

အဲ ...

ဝန်းကျင်တွင် ကျားမရှိ မုဆိုးမရှိ အန္တရာယ်မရှိဟုယုံကြည်လျှင်တော့ သူတို့လေးတွေသည် နုဖက်စိုပြည်သောအရသာကိုခံစားလိမ့်မည်သာ။

မညို၏ဖေဖေနှင့် မေမေသည် နယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်လွင်၏ မိတ်ဆက်ပွဲပြီးဆုံး၍ ပြန်လာသောအချိန်သည် ခုနစ်စဉ်ကြယ်ပြောင်အမြီးထောင်သော သန်းခေါင်ယံအချိန်ကာလသို့ ရောက်ပေပြီ။

ကိုမောင်နှင့်မညိုတို့ချစ်လိုက်မိကြပြီဖြစ်သောအရပ်ကလည်း –

အင်း ... ဆိုကြပါစို့။



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ယံဟိုဘက်သို့ ရောက်သွားလေအောင် မိုက်မှောင်သွားခဲ့ပါလေပြီ။





စာမေးပွဲကြီးတွေပြီးတော့လည်း ကျောင်းရက်ရှည် အတိုင်း ပိတ်လိုက်လေပြီ။

ကျောင်းပိတ်ရက်မို့ ကိုမောင်နှင့်မညိုတို့ ကျောင်း တွေ့ဆုံခွင့်မျိုး မကြုံခဲ့ရတော့။

ဤကြားထဲမှာပင် ကိုမောင့်စိတ်ထဲတွင်စနိုးစနောင့် ဖြစ်လာရတော့သည်။

အကြောင်းမှု မညိုတို့အိမ်သို့နယ်ပိုင်ဝန်ထောက်မင်း တင်မောင်လွင်သည် နေ့စဉ်ညနေတိုင်းရောက်လာတတ်သည်။ ၍ ရောက်လာတတ်သည်ကို ခြံခြင်းကပ်မို့ ကိုမောင် မြင်တွေ့ ခြင်းပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နယ်ပိုင်ဝန်ထောက်မင်းဆိုသော ဂုဏ်ပုဒ်ကြောင့်သာ "ဦး"တပ်ခေါ်ရသည်။ တကယ်တော့ ဦးမောင်မောင်လွင်၏ အသက်သည် သုံးဆယ်ပြည့်တတ်ဦးမည်မဟုတ်။

ရုပ်ရည်ကတော့ အသားညိုညို ခပ်ဝိန်ဝိန်ပဲဖြစ်သည်။ ကျောက်ဆည်လို မြို့ငယ်ငယ်ဝယ် အရာရှိသစ်တစ်ဦးပြောင်းရွှေ့လာပြီဆိုလျှင် အရပ်သူအရပ်သားတွေက စိတ်ဝင်တစားရှိတတ်ကြသည်။

"ဝန်ထောက်လေးက လူပျိုတဲ့ဟဲ့ ... "

"အံမာ ... သူ့မိဘကလည်း တော်တော်ချမ်းသာတယ်ဆို ဝန်ထောက်လေးအဖေကလည်း အက်စ်မင်းကြီးတဲ့ ... အ အငြိမ်းစားယူထားတာတဲ့ ... "

ဟုတ်လောက်ပါ၏ ... ။ ဦးမောင်မောင်လွင်သည် ပြောင်းလာသည်မှာလည်း ကိုယ်ပိုင်အော်စတင်ကားသစ်လေး ဖြစ်သည်။

ထိုခေတ်က (အေ-၄၀)အမျိုးအစား အော်စ ကားသစ်မျိုးကို ချမ်းသာသောသူများသာ စီးနိုင်ကြသည်။ နော ပြီး ဦးမောင်မောင်လွင်သည် တစ်ကိုယ်ရေတစ်ကာယ လူပျို





ာက်မို့အိမ်ပင်မငှားဘဲ မြို့တောင်ဘက်စွန်း၌ရှိသော တစ်ထပ် ိုယ်တဲမှာပင်နေသည်။ ထိုစဉ်က ကျောက်ဆည်တွင် အရေးပိုင် ွက် အစိုးရသီးသန့်အိမ်မရှိပေ။

အရေးပိုင်မင်းက သူနှစ်ထပ်တိုက်အိမ်ကျယ်ကြီးမို့ ောင်မောင်လွင်ကို ခေါ်ထားလိုသော်လည်း ပတ်ဝန်းကျင်အမြင် ှင် မသင့်လျော်သဖြင့် မခေါ်ထားဖြစ်ဟုလည်း ကြားရသည်။

အရေးပိုင်နှင့် နယ်ပိုင်တဲဟ်အိမ်တည်း အတူနေခြင်း လုပ်ငန်းသဘောအရလည်း လူမြင်မကောင်း။

ဥပမာ အရေးပိုင်နှင့်မှပြီးမြောက်နိုင်သောကိစ္စကစ်ခု ွက် တစ်စုံတစ်ဦးက တံစိုးလက်ဆောင် အိမ်သွားပေးချင်သည် ိုး

နယ်ပိုင်လေးရှိနေလျှင် ပေး၍မကောင်း၊ ယူ၍လည်း ောင်း။ အဲ ... နယ်ပိုင်လေးနှင့်ပင် ပြီးမြောက်သောကိစ္စဆိုတာ ည်း အရေးပိုင်မင်းရှေ့မှောက်တွင် အလားတူပင်မသင့်လျော်။

နောက်တစ်ချက်က အရေးပိုင်မင်းတွင် အရွယ် ာက်ပြီးဖြစ်နေသည့် သမီးသင်းသင်းဆွေရှိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နယ်ပိုင်လေးကို ခေါ်ထားလိုက်လျှင် အများကဲ့
စရာဖြစ်တော့မည်။

ဤမှာပင် မညို၏ဖေဖေနှင့်မေမေက လောကွတ်
တွေပိုခဲ့သည်။ ဝန်ထောက်လေးဦးမောင်မောင်လွင်ကို သူတို့အိမ်
တွင် ထမင်းလာစားပေးပါဟု ဖိတ်လောကွတ်လုပ်တော့သည်။

ဝန်ထောက်မင်းဦးမောင်မောင်လွင်ကလည်းသဘော
တူပေသည်။ တကယ်တော့လည်း ထမင်းလာစားပေးသည်ဆိုခြင်း
မှာ လူကြားကောင်းရုံသာဖြစ်ပါ၏။

နေ့စဉ် မညို၏မေမေသည် ဝန်ထောက်မင်းအား
ဘုန်းကြီးပွဲရှိုးအောင် ချက်ပြုတ်ကျွေးပေမဲ့ လခတစ်ပြားတစ်ချပ်မျှ
မယူပါလေ။ ဝန်ထောက်မင်း၏ ကျေးဇူးတင်ခြင်းကိုသာ ခံယူခဲ့
၏။

မနက်စာ ထမင်းအတွက် သူတို့အိမ်မှကားနှင့်ပင်
ဝန်ထောက်သည် အော်စတင်ကားလေးနှင့် ရောက်လာတတ်ပြီ
ညစာစားသောက်ပြီးပေမဲ့ မပြန်သေးဘဲ ည(၈)နာရီခန့်လောက်
ပြန်လေ့ရှိသည်။

ရုံးပိတ်ရက်စနေ၊တနင်္ဂနွေနေ့မျိုးဆိုလျှင် ဝန်ထော





င်းကားတစ်စီး မညိုတို့အိမ်မှကားတစ်စီးဖြင့် မန္တလေး၊ မုံရွာ၊
ပ်တိုင်း၊ မေမြို့စသည်တို့သို့ ဘုရားဖူးခွင့် ပျော်ပွဲစားထွက်တတ်ကြ
သေးသည်။

မိဘတွေသွားတော့ မညိုလည်း လိုက်ပါရပါ၏။
ထားပါတော့ ဒါတွေကအရေးမကြီး။

ကိုမောင့်အတွက်အရေးကြီးသည်က မညိုနှင့် ထပ်မံ
တွေ့ဆုံခွင့်မရတော့သည်ပင်ဖြစ်တော့သည်။

မညိုနှင့် မှတ်မှတ်ရရကြီးတွေ့ဆုံခွင့်ရလိုက်ပြီးသော
ည ယနေ့အထိဆိုလျှင် တစ်လပင်ကျော်လေပြီ။

ကိုမောင့်ရင်ထဲတွင် ပူလောင်သောဝေဒနာကိုခံစား
ရ၏။

မညိုသည် သိပ်ကိုလှသည်။ မျက်နှာလေးသည်လှ
သည်။

ကိုယ်ခန္ဓာလေးလည်း လှ၏။ မညိုကိုမြင်ရသည်
ယောကျ်ားပျိုတိုင်း စွဲမက်ကြမည်သာဖြစ်သည်။ ဝန်ထောက်မင်း
မောင်မောင်လွင်သည်ဓော ဘာသားနှင့်ထုထားသူမို့နည်း။

နေ့စဉ်မြင်တွေ့နေရသော မညို၏မက်မောဖွယ်အလှ

www.burmeseclassic.com

www.burmeseclassic.com



ကို မစုံမက်ပဲနေမည်တဲ့လား။ ပြီးတော့ မညိုမိဘတွေက ချမ်းသာနေသူဖြစ်သည်။

မညိုက တဦးတည်းသောသမီး။ တစ်နေ့ကျလျှင် မိဘချမ်းသာသမျှ တစ်ဦးတည်းဆက်ခံရမည်မှာမလွဲ။

ရှိသေးသည်။

မညိုမိဘတွေ၏ သဘောပဲဖြစ်သည်။

သူတို့သမီးလေးမညိုကို ဆင်စီးစေချင်မည်။ မြင်းစီးစေချင်ကာ ကတော်တစ်ပါးဖြစ်စေချင်မည်။

ဦးမောင်မောင်လွင်သည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရပြီးသား။ လက်ရှိနယ်ပိုင်ဝန်ထောက် အသက်(၃၀)ကျော်သေး။ မိဘကလည်းအငြိမ်းစားမင်းကြီးဖြစ်ရုံမက ငွေကြေးချမ်းသာသေးသည်။

ဖြစ်မြောက်သွားလျှင် နေနှင့်လ၊ ရွှေနှင့်မြ။

ကိုမောင့်ရင်ထဲဝယ် ပူပါတယ် ဘယ်နေကကဲ့ပြင်းတော့သည်။

ကိုမောင်တွင် အမိကအားထားစရာတစ်ချက်တည်းသာရှိ၏။ မညို၏ မေတ္တာတစ်ခုတည်းသာ။





ကိုမောင်နှင့်မညိုတို့သည် အခြားအပျိုလူပျိုတို့ကဲ့သို့ နှမြင်ခုချစ်မျိုးမဟုတ်။

ငယ်စဉ်ကလေးဘဝတည်းကပင် ကလေးလိုချစ်ခဲ့ကြသည်။ ယင်းအချစ်တွေက နှစ်ဦးစလုံး၏ အသည်းနှလုံးကျောက်တပ်၊ ကလီစာတွေထဲတွင် အမြစ်တွယ်ထားပြီးဖြစ်သည်။

အရွယ်ရောက်၍ချစ်လိုက်ကြပြီဆိုတော့လည်း အစိုင်အခဲထုတွေနှင့် ချစ်မိသည်မှာ ဆံတစ်ခြည်မျှင်ယုံမှားစရာမရှိလေ။

ထိုထက်မှာမူ ဝန်ထောက်မင်း ညှိခံပွဲညက မညိုနှင့်ကိုမောင်သည် အဆုံးစွန်းချစ်ပြီးကြလေပြီ။ ဒီအစွဲဒီအချစ်သည် ဖျက်ပြယ်စရာလမ်းမရှိ။

မညိုသည် တစ်နည်းနည်းဖြင့် မိမိကိုတွေ့ဆုံခွင့်ပေးမည်မှာ မုချဟု ကိုမောင်မှာ မညို၏မေတ္တာတစ်ခုတည်း အားထားပြီး စိတ်တင်းရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... မင်းမောင် သတင်းစာ"

သတင်းစာပို့သောဦးစံကြီးက မင်းမောင်ကိုသတင်းစာပေးရင်း ဟိုကြည့်ဒီကြည့် လှည့်ကြည့်သေးသည်။

"သတင်းစာထဲမှာ စာပါတယ် ... မင်းမောင်ဟိုဘက်အိမ်က ညိုညိုက ငါ့ကိုပေးခိုင်းလိုက်တာ ... "

"အံမာမင်း ... ကျေးဇူးတင်လိုက်တာ ဦးစံကြီးရာ"

"အေး ... ကျေးဇူးတင်ချင်လဲတင် ... ညိုညိုက ငါ့ကိုလယ်ဆောင်ပေးပြီးသွားပြီ ငွေပေးတယ်ပေါ့ကွာ ... ငါ့အဖို့နေ့တွက်စည်သွားပြီကွ ... ငါသွားမယ်"

ဦးစံကြီးထွက်သွားသည်နှင့် မင်းမောင် အိမ်ထဲသို့





ဝင်လာသည်။

သတင်းစာကိုလှန်လှောရာ အထဲမှ စာရွက်အပြာခေါက်လေးတွေထွက်ကျလာခဲ့သည်။

သတင်းစာကို ဖုတ်ခနဲပစ်ချထားခဲ့ပြီး စာရွက်ပြာလေးကိုယူကာ မင်းမောင်သည် သူ့အခန်းထဲပြေးဝင်လာကာ အခန်းတံခါးပိတ်ပြီးမှ စာရွက်ပြာလေးကိုဖြန့်၍ဖတ်လိုက်ပါ၏။

**ကိုမောင်**

**မချောင်ဘူး ကိုမောင်ရေ ...**

**မေမေနဲ့မေမေက မညိုကို အတင်းကြပ်မတ်နေပြီတယ်။**

**ဝန်ထောက်ညှော်စံပွဲညက ညှော်နံပွဲမှာ အရေးပိုင်သမီးက မေမေကိုပြောလိုက်တယ်တဲ့။**

**ကိုမောင်နဲ့ မညိုတို့ မရိုးကြဘူးထင်တယ်လို့တဲ့လေ။ အဲဒီကတည်းက မေမေကမညိုကို မျက်စိအောက်ကအပျောက်မခံတော့ဘူး ကိုမောင်။**

**နောက်ပြီး ဝန်ထောက်နဲ့ မညိုကိုနေ့တိုင်းမေမေ နားချနေတယ်။**



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဟုတ်ပါ့မလဲနော် ကိုမောင်။

ဒီဘဝ ဒီတစ်သက်မှာ မညိုသိပ်ချစ်တာက ကိုမောင်တစ်ယောက်တည်းကိုပဲမဟုတ်လား။

ကိုမောင်။

မညိုနဲ့ အခြေအနေက ကိုမောင်နဲ့ပေါင်းရမှာကို ဖြစ်မှာသိလား။

ကိုမောင် လမ်းဆုံလက်ဖက်ရည်ဆိုင်ကို ဒီနေ့ကစပြီး ညနေတိုင်းစောင့်ပါ။ ဝန်ထောက်ကို ထမင်းကျွေးတဲ့အချိန် ဖေဖေရော မေမေရော ဝန်ထောက်နဲ့အတူတူထမင်းဝင်စားတတ်တယ်။ အဲဒီအချိန်မျိုးမှာ လစ်တာနဲ့ မညိုဆင်းပြေးလာခဲ့မယ်။

ဝေးရာကို ပြေးကြစို့ကိုမောင်။ မညိုရဲ့အချစ်ကို ကိုမောင်တစ်ယောက်တည်း ထာဝရပိုင်ထားသလို မညိုရဲ့ ခန္ဓာကိုယ်ကိုလည်း ကိုမောင်တစ်ယောက်တည်းသာ ထာဝရပိုင်ဆိုင်စေချင်တယ်။ ကိုမောင်ရယ်။

သိပ်ချစ်တဲ့မညို





"ဗုဒ္ဓေါ မြတ်စွာဘုရား ဝမ်းသာလိုက်တာ ... "ဟု မင်းမောင် ဘုရားတမိသည်။

မင်းမောင်ထင်ထားသည့်အတိုင်းပင်။

မင်းမောင်ဘက်တွင် ဘာဆိုဘာမျှမရှိ။ ပညာဘွဲ့မရှိသေး ရာထူးမရှိသေး။ မိဘကလည်း မချမ်းသာ။

မညိုနှင့်နီးစပ်ဖို့တွင် ကိုမောင်အားထားရာမှာ မညို၏တစ်ခုတည်းသော မေတ္တာတစ်ခုတည်းသာလျှင် ဖြစ်သည်ဟု မျှော်လင့်ထားသည့်အတိုင်း ယခု မညိုက သူမ၏မှန်သောမေတ္တာမှစ၍ လမ်းဆုံလက်ဖက်ရည်ဆိုင်တွင် ထိုင်တော့သည်။

ကိုမောင်တွင် မလွယ်ကြောတွေ အများကြီးရှိနေခဲ့သည်။

ကဲ ... မညိုလာပြီဆိုပါစို့။

ဘယ်ကိုထွက်ပြေးကြမည်နည်း။

ကျောက်ဆည်မြို့ပေါ်မှာပင် သူငယ်ချင်းတွေ၏အိမ်တွေရှိသည်။ သူငယ်ချင်းတစ်ဦးဦးအိမ်ကို ခိုးပြေးသွားရတော့မည်လား။ ဒါလည်းသိပ်တော့ဟန်မကျပေ။

မလွယ်ပါလားဟုပဲ အဖြေထွက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှု မိမိသူငယ်ချင်းက မိမိအပေါ်တွင် ကြည်ဖြူသည် သစ္စာရှိသည်ထားဦး။

သူငယ်ချင်း၏ မိဘတွေအနေနှင့် လက်ခံရဲလေမည် မထင်။ မညို၏မိဘတွေသည် ကျောက်ဆည်မြို့ပေါ်၌ ဩဇာတိက္ကမ ရှိလှလေသည်။

ယခုလောလောဆယ်ဆိုလျှင် မညို၏မိဘတွေသည် အရေးပိုင်မင်း ဝန်ထောက်မင်တို့နှင့် သိပ်ရင်းနှီးနေကြသည်။ ပို၍ ပင်မျက်နှာကြီးနေပါ၏။

မိသွားလျှင်သက်သာနိုင်စရာမရှိ။ ဒီအကြီလက် လျှော့ရလေမည်။

နောက်တစ်ချက်ရှိသေးသည်။

ကျောက်ဆည်ကိုဖြတ်သွားဖြတ်လာကားတွေရှိသည်။

မန္တလေး မြင်းခြံ မတ္ထီလာ စသည်ဖြင့်ရှိကြသော် လည်း ညနေငါးနာရီ ခြောက်နာရီခန့်ဆိုလျှင် လိုင်းပြေးကားတွေ တစ်စီးမျှမရှိပါလေတော့။

မညိုထွက်လာမည့်အချိန်က မှောင်ရီပျိုးမှထွက်လာ မည့်သဏ္ဌာန်ရှိသည်။ ယင်းအချိန်မျိုးတွင် ကားမလွယ်။





မီးရထားကတော့ အစုန်တွေ အဆန်တွေရှိပါ၏။

သို့သော် ...

ကျောက်ဆည်ဘူတာတွင် အစုန်အဆန် ်းရထား တစ်စီးကိုစောင့်ရင်း ပြန်မိသွားနိုင်စရာရှိပြန်သည်။

မီးရထားဆိုသည်က စီးမည့်သူက နာရီဝက်တစ်နာရီ ဘူတာမှ ကြိုတင်စောင့်ကာ စီးရသည်မှာ ထုံးစံတစ်ခုဖြစ်နေသည်။

ဒါဆိုလျှင် အငှားကားတစ်စီးစီး ငှားပြီးထွက်ပြေး ကြမည်ဆိုလျှင် ပို၍မလွယ်။ သွားငှားလိုက်သည်နှင့် မညိုမိဘထံသို့ အားပိုင်ရှင်သည် ချက်ချင်းသတင်းပို့မည်မှာ သေချာလှပါလေသည်။

မင်းမောင်တို့က မျက်နှာငယ်သူမဟုတ်လား။

နောက်ဆုံး မင်းမောင်သည် တစ်ခုတည်းသော ဆုံး ဖြတ်ချက်ကိုသာချရတော့သည်။

မင်းမောင် စဘူးဖောက်လိုက်သဖြင့် လက်ထဲတွင် ငွေတစ်ရာကျော်ရှိနေသည်။ ပြီး မင်းမောင်တွင် ရာလေးစက်ဘီး အကောင်းစားတစ်စီးရှိသည်။

မင်းမောင် ဆုံးဖြတ်သည်မှာ မညိုကို စက်ဘီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တင်၍ မြစ်သားဘက်သွားရာ ကတ္တရာလမ်းအတိုင်း နင်းခေါ်သွားမည်။ လမ်းတွင်တွေ့သည့် လော်လီကားတစ်စီးစီးကိုတားမည်။

မန္တလေးသွားသွား၊ မြင်ခြံ၊ မိတ္ထီလာသွားသွား ဘယ်လိုဖြစ်စေ လိုက်သွားမည်။ ကျောက်ဆည်ခရိုင်က လွတ်သွားလျှင် တစ်စိတ်တစ်ဝက်စိတ်အေးရပြီ။

ရာလေးစက်ဘီးရောင်းရငွေနှင့် မိမိတွင်ရှိသည့်ငွေစုပေါင်းကာ ဈေးစားရင်း အလုပ်တစ်ခုခု မင်းမောင်ရှာလုပ်မည်။ လက်ရှိကိုးတန်းအောင်ပြီးသား လက်မှတ်ရှိထားသည်။

ဆယ်တန်းဖြေထားသည်ကလည်း အောင်မည်မှန်း မင်းမောင်သေချာပေါက် ကိုယ့်ဟာကိုယ် ယုံကြည်ထား၏။

ဆယ်တန်းအောင်စာရင်းထွက်ဖို့ကလည်း ယခုရက်ပိုင်းအတွင်းဖြစ်တော့သည်။ မတ်(၁၂)ရက်တွင်ဖြေသောဆယ်တန်းစာမေးပွဲအောင်စာရင်းသည် မေလကုန် ဇွန်လဆန်းတွင် ထွက်လေ့ရှိသည်မဟုတ်လား။

သတင်းစာပို့ ဦးစံကြီးမှတာ၆ဆင့် စာပေးပြီးသည့်နေ့ကစပြီး ထွက်မလာပေ။





နောက်နှစ်ရက်ကြာမှ ညခုနစ်နာရီလောက်တွင် ...ဖို့က ထွက်ပြေးလာခဲ့သည်။

မင်းမောင်သည် မညိုကို စက်ဘီးရှေ့ဘားတန်းတွင် ...ိုင်စေကာ တအားကြိုးကိုနင်းထွက်ခဲ့သည်။

ဘောဂဝတီရပ်ကိုကျော်ပြီးနောက် ကျောက်ဆည်၏ ...နီစပါယ်ရီယာအစွန်းအဖျားသို့ ရောက်လာခဲ့သည်။

မင်းမောင် တအားနင်းဆဲဖြစ်သည်။

လော်လီကားကလည်း ရှေ့ကဖြစ်စေ နောက်က ...စေ တစ်စီးတလေမျှလာသည်ကိုမတွေ့ရ။

ပြည်ပန်းရှာကို ကျော်ဖြတ်နင်းလာခဲ့ပြန်ပြီ။

ဟံမြင်းဗိုလ်ရောက်သည့်အထိမှ လော်လီကားကြုံ ...စီးတလေမျှမတွေ့လျှင် သံရွာဘက်သို့ ချိုးကွေ့မည်ဟု စက်ဘီး ...င်းရင်း မင်းမောင်အကြံရလာခဲ့သည်။

သံရွာတွင် မင်းမောင်၏သူငယ်ချင်း အောင်ကွန့်ရှိ ...ည်ကို ယခုမှ မင်းမောင်သတိရလာခဲ့မိပါလေသည်။

အောင်ကွန့်သည် ကျောက်ဆည်(အထက)တွင် ကိုး



www.burmeseclassic.com

www.burmeseclassic.com



တန်းအထိ မင်းမောင်နှင့်အတူနေခဲ့သည်။ ကိုတန်းနှစ်မှာပင် အောင်ကွန့်၏ ဖခင်ကြီး သေဆုံးသွားသဖြင့် အောင်ကွန့် ကျောင်းဆက်မနေဘဲ ကျောင်းထွက်ခဲ့ခြင်းဖြစ်သည်။

ယခု အောင်ကွန့်က ကျောက်ဆည်နှင့်သံရွာဘတ်စ်ကားတွင် လစာစားဒရိုင်ဘာအဖြစ်နှင့် မိခင်မုဆိုးမကြီးကို လုပ်ကျွေးနေသူဖြစ်သည်။

အောင်ကွန့်တို့အိမ်တွင် ဒီတစ်ညအိပ်ပြီးနောက်တစ်နေ့ မြို့ကြီးဘက်သွားမည်။

မြို့ကြီးသည် တောင်ကြီးခရိုင်နယ်စပ်ဖြစ်ပေသည်။

ထိုမှတစ်ဆင့် တောင်ကြီးသို့ လမ်းကြုံသလိုသွားမည်ဟု မင်းမောင်အကြံရလာသည်။

ထိုစဉ်မှာပင် ...

သူတို့စက်ဘီးနောက်မှ ထင်းခနဲကားမီးရောင်တခု ထိုးလာသည်။

"ကိုမောင် နောက်က ကားမီးထိုးလာပြီ ... "

"ကောင်းတယ်မညို ... အဲဒီကား ဘယ်ကိုသွားသွား ...





ကိုမောင်တို့ တောင်းပန်ပြီးလိုက်သွားကြမယ် ... "

သို့တစေ ...

အထင်နှင့်အမြင်ပါ စင်အောင်လွဲတော့သည်။ မင်းမောင်က စက်ဘီးကိုရပ်၍ဆင်းပြီး မော်တော်ကားကို လက်တားသည်။ မော်တော်ကားသည် အလိုက်သင့်ထိုးရပ်သွားပါ၏။

(အေ-၄၀)အမျိုးအစား အော်စတင်ကားအသစ်အသဖြစ်နေလေသည်။ နယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်လွင်ကားဖြစ်နေပါလေသည်။

ကားပေါ်တွင် မညို၏မေမေ၊ မောင်မောင်လွင်နှင့်အတူ အခြားဗလကောင်းကောင်း လူတစ်ယောက်ပါလာသည်။

ဘာမပြောညာမပြောပင် ဗလကောင်းကောင်းလူသည် မင်းမောင်အားနှစ်ချက်ဆင့်ကာ ထိုးလိုက်တော့သည်။

"မလုပ်ပါနဲ့ ကိုမောင့်ကိုမလုပ်ပါနဲ့ ... "

ဟုမညို၏တားမြစ်သံ မင်းမောင်ကြားရသည်။

ထိုစဉ်မှာပင် ...

ဗလကောင်းကောင်းလူသည် မင်းမောင်၏ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာနှင့်ထုလိုက်မှန်းမသိ။ မင်းမောင်မျက်စိထဲတွင် မီးပန်းမီးပွားမီးပွင့်တွေ ဖြာခနဲမြင်လိုက်ရပြီး တစ်ဒင်္ဂအတွင်းမှာပင် တစ်လောကလုံးမှောင်မိုက်သွားတော့သည်။

စက်ဘီးရောလူရော လမ်းဘေးတွင် လဲကျန်ရစ်ခဲ့ပြီး မင်းမောင် သတိလစ်သွားခြင်းဖြစ်ပါတော့၏။

မင်းမောင် သတိပြန်ရလာသောအချိန်သည် ည (၁၁)နာရီခန့်ရှိနေပြီ။ လမ်းဘေး ထနောင်းပင်အောက်တွင် မင်းမောင် သတိလစ်လဲကျနေခြင်းဖြစ်ပါ၏။

မင်းမောင်၏ဘေးတွင် ရာလေးစက်ဘီးလေးလည်း ရှိနေသေးသည်။

သို့တစေ ... မညိုမရှိလေတော့ပြီ။

မညိုကို မင်းမောင် ဆုံးရှုံးရလေတော့ပြီ။

မင်းမောင်ကို သတိလစ်ရုံလေး ရိုက်သွားပြီးသူမှာ လက်ယဉ်လှပါ၏။ ဆီးဖြူသီးခန့် ချိုစောင်းတွင် အလုံးတစ်လုံး တက်လာသည်ကလွဲပြီး ခေါင်းမကွဲ သွေးမထွက်။

ရင်ထဲတွင် အလွန်အမင်း ပူလောင်သော ဝေဒနာခံစားရင်း မင်းမောင်သည် ဒယီးဒယိုင်ထကာ စက်ဘီးကိုပြန်ထောင်သည်။

ဖြည်းလေးစွာပင် ကျောက်ဆည်ဘက်သို့ ပြန်နင်းသွားခဲ့တော့သည်။



၃၀







www.burmeseclassic.com

www.burmeseclassic.com



ယင်းကိစ္စတွင် ...

မညိုကလည်း အမှားတစ်ကွက်ပြုမိသည်။

ကိုမောင်ကလည်း မှားသွားသည်ပဲဖြစ်တော့သည်

မညိုက အိမ်တွင်စာတစ်စောင်ရေးထားပြီး သူမ အခန်းထဲရှိ စာကြည့်စားပွဲပေါ်တွင် ထိုစာကိုတင်ထားခဲ့သည်မှာ အမှားဖြစ်ပါ၏။

စာမှာ ... သမီးမိုက်၏အပြစ်ကိုခွင့်လွှတ်ပါရန် မိဘ တွေကိုတောင်းပန်စာ ဖြစ်ပါ၏။

ကိုမောင်နှင့်ငယ်စဉ်ကပင် သံယောဇဉ်တွယ်ခဲ့သူ ချစ်သူနောက်ကို လိုက်ပါသွားကြောင်းတွေ ဖြစ်တော့သည်။





မညိုလစ်ထွက်ခဲ့စဉ်က ဖေဖေရော မေမေရော မောင်မောင်လွင်နှင့်အတူ ထမင်းဝိုင်းဖွဲ့နေစဉ်ဖြစ်သည်။

ထမင်းစားသည်မှာ ဘာမျှားကြာအံ့နည်း။

နာရီဝက်မိနစ်(၄၀)အတွင်း ထမင်းစားပြီးသည်နှင့် မေမေက ညိုညိုအား အချိုပွဲပြင်ခဲ့ရန်လှမ်းပြောသည်။

သမီးညိုညိုအသံ မကြားရလေတော့။

ချက်ချင်းပင် မေမေသည် ညိုညို့အခန်းထဲဝင်ရှာခဲ့ ပြီး

ညိုညိုရေးခဲ့သောစာကို တွေ့ရသည်။

စာကိုတွေ့သည်နှင့် အချိန်မနှောင်းသောကြောင့် ဖေဖေရောမေမေရော မောင်မောင်လွင်ပါ နားလည်လိုက်ကြသည်။

ဖေဖေနှင့်တပည့်နှစ်ယောက်က အိမ်ကကားဖြင့် မှူလေးလမ်းဘက်သို့ လိုက်ကြသည်။

မောင်မောင်လွင်၏ကားဖြင့် ဖေဖေ၏လက်သပ် မွေးတပည့်တစ်ယောက် ခေါ်တင်ကာ မေမေကကူမဲမြစ်သားလမ်း အတိုင်းလိုက်သည်။

ကျောက်ဆည်မြို့ပေါ်မှာတော့ မင်းမောင်ကိုလက်



www.burmeseclassic.com

www.burmeseclassic.com



ခရဲသူမရှိမှန်း ဖေဖေက ဒက်ခနဲတွေးမိသည်။ မိမိအရှိန်အဝါကို မိမိသိရှိထားသည့်သဘောပေပေါ့။

ကျောက်ဆည်ကိုဗဟိုပြုလျှင် ဤလမ်းနှစ်မှလွဲ၍ ဘယ်များသွားနိုင်ပါမည်နည်း။

မင်းမောင်၏အမှားမှာ ကိုယ့်ဘက်က ဖြစ်မြောက်ရေးကိစ္စသာ အဓိကတွေးပြီး မြစ်ကိုအလျားလိုက်ကူးသလို ကတ္တရာလမ်းမကြီးပေါ်တွင် စက်ဘီးနင်းပြီး ကားကြုံရှာသည့်အမှားဖြစ်တော့သည်။

တကယ်ဆိုလျှင် ကျောက်ဆည်မြို့စွန်တွင် သရက်တောတွေရှိသည်။ အနေမြသာစည်ဘက်သို့ ချိုးကွေ့လိုက်လျှင် ဝါးခေါင်ကြီးတွေရှိသည်။

ယုတ်စွအဆုံး ပြည်ပန်းရွာထဲရှိသည့်ဘုန်းကြီးကျောင်းဇရပ်တစ်ခုခုတွင် ခိုနားနေဦးတော့ ရှာသူတွေအဖို့ ရှာရခက်ခဲမည်။

မိန်းမခိုးသည်ဆိုခြင်းမှာ ခိုးသွားသည့်ပထမဆုံးညသည် လုံခြုံဖို့အရေးကြီးဆုံးဖြစ်သည်။

ထိုတစ်ညလွန်မြောက်သွားလျှင် ကိုယ့်ဘက်ကနိုင်ငါးဆယ်ရာခိုင်နှုန်းသေချာပြီဖြစ်ပါ၏။





ဩော် ... ချစ်တာတစ်ခုတည်းသာသိပြီး တခြားအာရုံများမလည်သေးသည့် ညိုညို(၁၇)နှစ် မင်းမောင်(၁၈)နှစ် ကျောင်းသားကျောင်းသူကလေးတွေကိုး။

တကယ်တော့ မင်းမောင်ကို သတိမေ့ရုံလုပ်ခဲ့သည်မှာ ထိုညအဖို့ နာရီပိုင်းမျှ အချိန်ယူစဉ်းစားနိုင်ရန်အတွက်သာဖြစ်ပါ၏။

ညိုညို၏ဖေဖေနှင့် တိုင်ပင်နှီးနှောချိန်ရယူရန် ဖြစ်သည်။

အကယ်၍ ...

မင်းမောင်ကိုဖမ်းချုပ်ထောင်ချနိုင်ရန်လည်း ဥပဒေစွင့်ပြုထားသည်။ ညိုညိုကအသက်မပြည့်သေးသူမို့ မင်းမောင်အပေါ်တွင် ဖြားယောင်းသွေးဆောင်မှု ရာဇဝတ်ကြောင်းဝင်သွားသည်။

ထိုမျှမကသေး ညိုညိုတွင် လက်ဝတ်လက်စားပါသည်ဆိုလျှင် အပူပိုကြီးဦးမည်။ တယ်နှစ်ထောင်ဖိုးပါသွားပါသည်ဆိုလျှင် အပူပိုကြီးဦးမည်။

မင်းမောင်အဖို့ ထောင်ခြောက်လမှ နှစ်တွေချီပြီးကျသွားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ထိုသို့ သူတို့မလုပ်ခဲ့။

မင်းမောင်ထောင်ကျသည်ကအရေးမကြီး။ အမှုဖွင့်သည်နှင့် သမီးလေးညိုညို အရှက်ကွဲမည်။

ဟိုးလေးတကျော်ဖြစ်တော့မည်။

သို့ထက်မှာမူ ...

နယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်လွင်သည် ညိုညိုအား မှဲ့တစ်ပေါက်မစွန်းမီပြန်မိသည်မို့ သံသယရှင်းရုံမက မြန်မြန်လက်ထပ်လိုက်မှ ဒီကိစ္စအေးမည်ဟု မောင်မောင်လွင်ကဝင်တိုက်တွန်းစကားဆိုခဲ့သည်တဲ့။

သူတို့အစီအစဉ်က ...

အကယ်၍သာ မောင်မောင်လွင်က ဤသို့ဆန္ဒမရှိဘဲ၊ ညိုညိုကိုသံသယတွေဖြင့် ခွာမည်ဆိုလျှင် ထနောင်းပင်အောက်တွင် မှေ့လဲနေသော မင်းမောင်ဆီသို့ပြန်လာမည်။

ယခုတော့ မောင်မောင်လွင်ကလည်း ညိုညိုကိုအသည်းစွဲ တန်းတန်းစွဲပဲဖြစ်သည်။

သူ့မျက်စိအောက်မှာပင် လမ်းပေါ်စက်ဘီးပေါ်၌ သာမိသဖြင့် သံသယကင်းစွာ လက်ထပ်မည်။





ကျောင်းသားကျောင်းသူဘဝ ချစ်ကြကြိုက်ကြသည်မှာ မဆန်းပါ။ ညိုညိုအနေနဲ့ အစိမ်းအရိုင်း အသက်ငယ်သူလေးမို့ သူနှင့်လက်ထပ်ပြီးလျှင် သူ့ကိုယ်ပင်ချစ်မြတ်နိုးလာမည်ဟု မောင်မောင်လွင် စိတ်ချယုံကြည်သည်။

အင်း ... သူက အတွေးအခေါ်ရင့်ကျက်ပြီးဖြစ်သော အသက်သုံးဆယ်ခန့် နယ်ပိုင်ဝန်ထောက်တစ်ယောက်ပေကိုး။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ဒီနောက်တော့ ...

လိုက်ပြေးသည့်ည၏ နောက်တစ်နေ့မနက်မှာပင် ညိုညိုသည် ကျောက်ဆည်မြို့တွင်မရှိပါလေတော့။

မင်းမောင်၏စက်ကွင်းလွတ်ရာ အမည်မသိနေရာသို့ ပို့လိုက်ပြီဟု သိရတော့သည်။

သူတို့အစိုးရိမ်လွန်ခြင်းသာဖြစ်တော့သည်။

မင်းမောင်လို အသက်(၁၈)နှစ်ဆယ်တန်းကျောင်းသားလေးသည် သူတို့ကို ဘာများအန်တုနိုင်မည်နည်း။ အန်တုလိုက်လျှင်ဖားတု ခရုစုန်သည့်ကိန်းမျိုးဆိုက်သွားမည်သာပင်။





မညိုကို မင်းမောင်သိပ်ချစ်ပါသည်။

အရမ်းကြီးကိုချစ်ပါသည်။

သို့သော် ...

ဘယ်ရောက်သွားမှန်းပင်မသိလိုက်သော မညို၏နောက်သို့ မင်းမောင် ဘယ်လိုလိုက်မည်နည်း။

ထိုစဉ်က ...

မင်းမောင်၏ရင်ထဲတွင် လိပ်ခဲတည်းလည်းဖြင့် အင်မတိအင်မတန် နာကြည်းသော ခံစားချက်တစ်ခုတည်းသာ ရှိသည်။

ယင်းနာကြည်းချက်မှာ မိမိကိုယ်ရှိက်တွင်လည်းကောင်း၊ မိမိ၏ဖေဖေ မေမေတို့တွင်လည်းကောင်း၊ ကိုယ်ပိုင်ကားလေးတစ်စီးမျှလောက် မရှိလေသောကြောင့် မညိုကိုဆုံးရှုံးရပါလေသည်လားဟူသော နာကြည်းချက်ပင်။

ထိုစဉ်က ...

ကိုယ်ပိုင်ကားလေးတစ်စီးသာရှိခဲ့လျှင် လွတ်အောင်ပြေးခွင့်ရကြမည်။

စက်ဘီးနင်းနေစဉ် ... နောက်က(အေ-၄၀)အောင် ကားလေးက မီလာသည်မျိုး မရှိလေနိုင်။



www.burmeseclassic.com

ဒါဆိုလျှင် ...

ကိုမောင်နှင့် မညိုတို့၏ ဇာတ်လမ်းသည် ပေါင်းကြလေသတည်း၊ ညားကြလေသတည်း ဖြစ်သွားပါလေမည်ပဲဖြစ်ပါလေ၏။

ခုတော့ ...



## အပိုင်း (၃)

www.burmeseclassic.com









## အခန်း(၆)

မာစီဒီးကားကြီးခြောက်မိုင်ခွဲအိမ်၏ခြံထဲသို့ ဝင်လာ[illegible]အချိန်တွင် ဖေဖေဦးမင်းမောင်သည် သစ်ခွနှင့်သဇင်တွေကြား[illegible] စွပ်ကျယ်လက်ပြတ် ပုဆိုးတိုတိုနှင့်ရောက်ရှိနေသည်။

မြခွာညိုအနေနှင့် လေးနာရီခွဲကျောင်းဆင်း၍ အိမ်[illegible] ငါးနာရီခွန့် ပြန်ရောက်ပြီးကတည်းက ရေမိုးချိုး အဝတ်အစား[illegible]လဲထားသည်။

ခါတိုင်းနေ့တွေဆိုလျှင် မြခွာညိုသည် ကျောင်းမှ[illegible]လာပြီး ရေမိုးချိုးပါ၏။

သနပ်ခါးကျဲလေးတစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



လိမ်းကျံပါ၏။ ဒီအချိန်ဆိုလျှင် မြခွာညို့ပေါင်ဒါတွေ မိတ်ကပ်တွေ လုံးဝမသုံးပါလေတော့ သနပ်ခါးက အသားအေးသည်။

တစ်ကိုယ်လုံး သနပ်ခါးလိမ်းပြီးသည်နှင့် တပတ်ရစ် ထဘီလောက်သာဝတ်ဆင်ကာ ဖေဖေဦးမင်းမောင်နှင့်အတူ ညစာ စားဖို့ စောင့်နေခဲ့သည်။

ဖေဖေဦးမင်းမောင်က ညနေတိုင်း သစ်ခွနှင့်သဇင် တွေကြား ထဲဝင်ပြီးလျှင် ရေချိုးသည် ရေချိုးပြီးဘီယာလေးသောက် သည့်နေ့တွင်သောက်သည်။ မသောက်သည့်နေ့တွင်မသောက်။

သားအဖနှစ်ယောက် ထမင်းစားခန်းဝင်လာပြီး ဒေါ်စုဇော်ပြင်ချက်ဖြင့် ညစာအတွက် အားလုံးအဆင်သင့်ဖြစ်တော့ သည်။

စားသောက်ပြီးလျှင် ဖေဖေဦးမင်းမောင်သည် ဧည့် ခန်းထောင့် သံဂေါက်ပက်လက်ကုလားထိုင်တွင် သတင်းစာဖတ် သည်။ သို့မဟုတ် စာအုပ်တစ်အုပ်ဖတ်တော့သည်။

မြခွာညို့က စာနေသေးလျှင် ကက်ဆက်ဖွင့်ကာ သီချင်းနားထောင်သည်။ ရေဒီယိုဖွင့်နားထောင်သည်။





ပြီးလျှင် မြခွာညို့သည် အိပ်ခန်းဝင်ကာ ကျောင်းစာ ကျက်ဖတ်မှတ်ပြုသည်။ ဒါတွေသည်ပင်လျှင် မြခွာညို့တို့ အိမ် နေ့စဉ် လုပ်နေကျအလုပ်တခုဖြစ်တော့သည်။

ဒီနေ့တော ...

မြခွာညို့တစ်ယောက် နည်းနည်းပါးပါး ထူးခြား သည်ဟုဆိုရမည်။

ကျောင်းမှပြန်ရောက်လာ ခဏနား ရေမိုးချိုးသည် အခါတိုင်းနေ့တွေကအတိုင်းဖြစ်သည်မှာမှန်၏။ သနပ်ခါးရေ ည်းသက်သက်မဟုတ်တော့ပဲ မျက်နှာတွင် မိတ်ကပ်ပါးပါး တင်လိုက်သည်။

တပတ်ရစ်ထဘီ တပတ်ရစ်ဘလောက်စ်ဆိုပေမဲ့ ခါ လို လမ်းထွက်လျှင်မဝတ်တော့သော တပတ်ရစ်မျိုးမဟုတ် တော်လတ်သေးသော အသစ်နီးပါး ထဘီနှင့် ဘလောက်စ် တ်ဆင်သည်။

ဖြီးလိမ်းဝတ်စားပြီးသောခါ အိမ်ထဲမှနေ၍ ခြံတံခါး ကို လှမ်းမြင်နေရသော ပြတင်းပေါက်အနီးတွင်ရပ်ကာ လမ်း သို့ မြခွာညို့ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ကျောင်းမတက်မီကို စောညိုလွှင်နှင့်တွေ့ခဲ့သည်။ ဒီနေ့ရယ်မဟုတ်ပါဘူးလေ နေ့စဉ်ဆိုသလို ကိုစောညိုလွှင်က မြခွာညိုကျောင်းလာတတ်သည့်အချိန်ကို စောင့်နေတတ်ပြီး နေ့တိုင်းလိုလိုတွေ့ကြခြင်းဖြစ်နေပြီပဲ။

သူငယ်ချင်း ခင်ပပ ဟိုတုန်းကလို ကျောင်းဝထိုင်ပြီးမစောင့်ပါလေတော့။

ကိုစောညိုလွှင်လာစောင့်နေတတ်မှန်းသိကတည်းက ခင်ပပသည် ရှောင်ပေးသည့်သဘောဖြင့် စာသင်ခန်းထဲမှာဝင်သွားထိုင်နေသည်။ ကျောင်းတက်မှပင် စာသင်ခန်း၌ ခင်ပပနှင့်ပြန်လည်ဆုံတွေ့ရပါ၏။

ခင်ပပနှင့် တခြားသူငယ်ချင်းတွေ အမြင်မှာတော့ ကိုစောညိုလွှင်နှင့် မြခွာညိုတို့ ချိတ်မိကြပြီဟုထင်မြင်ကြသည်။

ထင်ကြမြင်ကြမည်ဆိုတာကလည်း ထင်စရာမြင်စရာပဲဖြစ်ပါလေ၏။

နေ့စဉ်ကျောင်းမတက်မီ နာရီဝက်လောက်အထိတော့ စောညိုလွှင်နှင့် မြခွာညိုသည် တွဲ၍လျှောက်ကြသည်။





ပြောမကုန်နိုင်သော စကားတွေပြောကြသည်။

လွန်ခဲ့သော(၂)ရက်က ကိုစောညိုလွှင်သည် မြခွာညိုအား တည့်တည့်လင်းလင်းဖွင့်ပြောသည်။

"မြခွာညိုကိုချစ်နေသည်တဲ့"

မြခွာညိုက အင်းမလှုပ်အဲမလှုပ်သေး မြခွာညိုရင်ထဲအသည်းနှလုံးထဲက စောညိုလွှင်ကိုလက်ခံမိပြီအမှန် သို့သော်မြခွာညို့နှုတ်ဖျားကမထွက်လာ။

မြခွာညို့ အခက်အခဲကို စောညိုလွှင်ရိပ်မိသည်။ မြခွာညိုသည် ဖေဖေဦးမင်းမောင်အပေါ်တွင် သံယောဇဉ်သိပ်ကြီးသည်။

အကယ်၍ ...

ဖေဖေဦးမင်းမောင်က စောညိုလွှင်နှင့် သဘောတူဆိုပါလျှင် အဖြေပေးပြီးဆိုပါက ရှေ့တိုးခက် နောက်တိုးခက်ဖြစ်တော့မည်။ ဒီအတွက် မြခွာညို ငိုင်နေမှန်းစောညိုလွှင်ရိပ်မိပါ၏။

ထို့ကြောင့် ဒီနေ့တော့ စောညိုလွှင်က ပြောလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ညနေကျရင် ... ကိုယ် မြခ္ခာညို့တို့အိမ်လာလည်မယ် ... အန်ကယ်(လ်)ဦးမင်းမောင်ရဲ့သဘောထားကိုလည်း အတ ခတ်ရင်းပေါ့နော် မြခ္ခာညို ... "

"ဖြစ်ပါ့မလား ကိုစောညိုလွင် ဟို ... ပထမဆုံး မြခ္ခာညို ဆီကို ကိုစောညိုလွင် ဖုန်းဆက်တုန်းက ဖုန်းလဲပြောလိုက် ပြီးရော မြခ္ခာညိုက ဖေဖေ့ကိုပြောကြည့်သေးတယ်။ အိမ်ကို ကိုစောညိုလွင်လာလည်ချင်တယ်လို့လေ။ အဲဒါ ဖေဖေက နှုတ်ခမ်းပိတ်ပြီး ရယ်တယ် ဒါပေမဲ့ လာပါစေကွယ်လို့လဲ မပြောဘူး မလာပါစေနဲ့လို့လဲမပြောဘူး"

"ဒါပေမဲ့ ကိုယ်ညတိုင်းလိုလို ဖုန်းဆက်တာကျတော့ အန် ကယ်(လ်)က ခွင့်ပြုသားပဲနော် မြခ္ခာညို"

မြခ္ခာညိုက ဖြည်းလေးစွာ ခေါင်းညိတ်ပြသည်။

"အဲဒါကျတော့လဲ ဖေဖေကဘာမှ မပြောပြန်ဘူး ကိုစော ညိုလွင် ဘာမျှမပြောရုံမကဘူး ... ကိုစောညိုလွင်ဆီက ဖုန်းလာလို့ မြခ္ခာညိုဖုန်းကိုင်တာနဲ့ ဖေဖေကတခြားကို ရှောင်ထွက်သွားသေးတယ် ... ခက်ပါတယ်ဖေဖေ့ကို ဘယ် လိုအကဲခတ်ရမှန်းမသိဘူး"





"ဒီနေ့ညနေကိုယ်လာခဲ့မယ် မြခ္ခာညို ကိုယ်တစ်ယော ထဲမလာပါဘူး ... မာမီ့ကိုခေါ်ပြီးလာခဲ့မယ်လေ မာမီနဲ့ တာဆိုတော့ မိသားဖသားရာလည်းရောက်တယ် ... နောက်ပြီး အန်ကယ်(လ်)နဲ့မာမီက ငယ်သူငယ်ချင်းတေ ဆိုတော့ လေးပေးလည်းဖြောင့်ကြတယ်"

ထို့ကြောင့်ပင် မြခ္ခာညိုသည် အတော်အတ နှလေး ...လိမ်းဝတ်ဆင်ထားပြီး ပြတင်းပေါက်မှ ခြံတံခါးသို့ မျှော်ကြည့်မိ ...ပဲဖြစ်သည်။

မျှော်ကြည့်နေသူမို့ မာစီဒီးကားကြီး ခြံထဲဝင်လာ ...ည်ကို မြခ္ခာညိုကပင်ဦးစွာမြင်ရတော့သည်။

ဒုက္ခကိုပဲ မြခ္ခာညိုတမိတော့သည်။

မြခ္ခာညို ဘာလုပ်ရမှန်းမသိတော့။

ဖေဖေက သစ်ခွနှင့်သဇင်ခြံထဲရောက်နေသည်။

မြခ္ခာညိုအနေနှင့် သွားရောက်ပြီး ကြိုဆိုလိုက်လျှင် ...ဖေက ကောင်မလေး တော်တော်သည်းနေပြီကော ဟုသေ ...မြင်မျိုးမြင်သွားမှာကိုလည်း ကြောက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တီ ... တီ"

ဟွန်းသံနှစ်ချက်ဆင့်တီးသံထွက်ခဲ့သည်။

မာစီဒီးကားသံသည် အသံသာပြီး ကျယ်လောင်လှ၏။

မြခွာညို၏ခြေလှမ်းတို့ အလိုလိုရွေ့သွားသည်။

မြခွာညိုအရင်ရောက်နေသော ခြံထဲရှိ ဖေဖေ့ကို သွားခေါ်ပေးမည်ဟု ဆုံးဖြတ်လိုက်သည်။

သို့သော် ...

တိုက်အိမ်လေး၏ ပေါ်တီကိုဝတွင် မြခွာညိုရောက်လာစဉ်မှာပင် ဖေဖေသည် ဟွန်းသံကြားရသည်ထင်သည်။ ခြံထဲမှ ထွက်လာပြီး ခြံအတွင်းကားလမ်းထိပ်မှပင် မာစီဒီးကားကို ဆီးကြိုလိုက်သည်။ ဖေဖေ့အနီးသို့ရောက်သည်နှင့် မာစီဒီးကားကလည်း ရပ်လိုက်ပါ၏။

"ဟိုက် ... ဒေါ်ညိုညိုလွင်ပါလား ... တောင်ထိပ်မှာ ကြာပေါက်ပြီး အနောက်ဘက်က နေများထွက်လေသလား"

ဒေါ်ညိုညိုလွင်က ကားတံခါးဖွင့်ဆင်းပြီး ဦးမင်းမောင်ကို အပြုံးနှင့် နှုတ်ဆက်လိုက်သည်။

ပြီးမှ သားတော်မောင်အား ကားပြတင်းပေါက်မှ ခေါင်းပြူပြီး ပြောလိုက်ပါ၏။

"သား ဟိုပေါ်တီကိုအောက်ရောက်အောင် မောင်းလေ မာမီတို့ လမ်းလျှောက်ခဲ့မယ်"

ပေါ်တီကို သံဆွဲတံခါးဝတွင် မြခွာညိုရပ်ပြီးစောင့်နေသည်ကို ဒေါ်ညိုညိုလွင်သည် လုံးဝတွေ့မြင်ခြင်းမရှိ။

ဦးမင်းမောင်က လမ်းခုလတ်မှရပ်ကာ ထွက်ကြိုခြင်းအတွက် မိမိကတော့ ကားနှင့် ပေါ်တီကိုအောက်အထိ လိုက်သွားပြီး ဦးမင်းမောင်က ခြေကျင်လျှောက်လိုက်လာလျှင် ခန့်လွန်းရာကျမည်စိုး၍ အောက်သို့ဆင်းလိုက်ခြင်းသာဖြစ်တော့သည်။

"တောင်ထိပ်မှာကြာမပေါက်ပါဘူး အနောက်လဲ နေမထွက်ပါဘူး ... သားအညိုလေး ဒီဇင်ဘာကိုသွားလည်းချင်တယ် မာမီလိုက်ခဲ့ပါဆိုပြီး ဇွတ်ပူဆာလွန်းလို့ ဦးမင်းမောင်ဆီလာလည်တာပါ"

"အော် ... အော် ဒါဆိုရင် ဒေါ်ညိုညိုလွင်ရဲ့ ဆန္ဒနဲ့ဆိုရင်







www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီအိမ်ကိုလာမလည်ဖြစ်ဘူးဆိုပါတော့"

ထိုးစကားကို ဒေါ်ညိုညိုလွင်သည် သိပ်အာရုံမထားသလို ခြံပတ်ပတ်လည်တစ်ခုလုံး ဝေ့၍ကြည့်လိုက်သည်။

"ခြံထဲမှာ စုံလို့ပါလားဦးမင်းမောင် ... နှင်းဆီပင်တွေကလည်း လှလိုက်တာ သရက်ပင်တွေ၊ ပိန္နဲပင်တွေ၊ မရမ်းပင်တွေကလည်းအောင်လိုက်တာ တစ်နှစ်တစ်နှစ်ကို သီပ်သီးကြမှာပဲ ပန်းတွေကလည်း သိပ်ပွင့်ကြတာပဲနော်၊ ဒီအသီး ဒီအပွင့်တွေရဲ့ ဝင်ငွေကပဲ ဦးမင်းမောင်မှာ နည်းမှာမဟုတ်ဘူး ..."

"ဆီးပင်တွေသီးကြပါတယ် ... ပန်းပင်တွေပွင့်ကြပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ အသီးအပွင့်ကဝင်ငွေရတယ်လို့ မရှိပါဘူး ဒေါ်ညိုညိုလွင်"

"ဘာလို့လဲဟင်"

"ကျွန်တော်အနေနဲ့ သီးချိန်တန်သီးတဲ့ အသီးတွေ ပွင့်ချိန်ကျမှပွင့်တဲ့ အပွင့်တွေကို ရောင်းမစားရက်လို့ပဲ ဒေါ်ညိုညိုလွင် စဉ်းစားကြည့်စမ်းပါ အသီးတသီး အပွင့်တစ်ပွင့်





ပွင့်လာပြီဆိုတာ လွယ်သလား ကျွန်တော်မရောင်းဘူး ... ကျွန်တော်လေ အသီးလိုချင်သူတွေအားလုံးကို မေတ္တာလက်ဆောင်ပေးလိုက်တယ် ... အပွင့်လိုချင်သူတွေအားလုံးကိုလည်း မေတ္တာလက်ဆောင်ပဲ"

"ဂမုန်းနဲ့ သဇင်တွေရော ပေးပစ်တာပဲလား"

"ဘုရားတင်တယ် စားပွဲအလှတင်ထိုးတယ် ဆိုတာတွေကိုတော့ မေတ္တာလက်ဆောင်ပါပဲ"

"ရက်ရောလိုက်တာ ဂမုန်းနဲ့ သဇင်ဆိုတာက ရှားလည်းရှားတယ် အဖိုးလည်းတန်တယ်လေ"

"ရက်ရောရမယ် ဒေါ်ညိုညိုလွင် ကျွန်တော် ငယ်ငယ်က အဖိုးသိပ်တန်တဲ့ ပန်းတစ်ပွင့်ကို ကျွန်တော်အနေနဲ့ တန်ဖိုးကြီးကြီးပေးနိုင်စွမ်းမရှိခဲ့လို့ လက်လွှတ်လိုက်ရတယ် ... အဲဒီတုန်းက ကျွန်တော် ဝဋ်ခံရသလို နာနာကျင်ကျင်ခံစားခဲ့ရပါတယ် ... ဒါကြောင့် ဒီလို ဝဋ်မျိုးခံစားမနေရအောင် ကျွန်တော့်ဝဋ်ကျေပါစေတော့ဆိုပြီး ... ကိုယ့်ခြံထွက်အသီးတွေ အပွင့်တွေကို ကုသိုလ်ပြုတယ်ဆိုပါတော့ ဒေါ်ညိုညိုလွင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညိုညိုလွင်သည် ဘေးတိုက်ယှဉ်တွဲလျှောက်လာသော ဦးမင်းမောင်ကို ဖျတ်ခနဲ စွေစောင်းကြည့်လိုက်သည်။

ဦးမင်းမောင် စကားပြောလေတိုင်း တခွန်းစနှစ်ခွန်းစသည် ငယ်ငယ်က ကျောက်ဆည်မြို့တွင် ရှိခဲ့ဖူးသော ကိုမောင်နှင့် မညိုဆိုသည့် ချစ်သူနှစ်ဦးဆီသို့ ရည်ညွှန်းသွားတတ်မှန်း ဒေါ်ညိုညိုလွင် ကောင်းစွာရိပ်စားမိပါ၏။

ဒေါ်ညိုညိုလွင်ခမျာ မသိမသာလေးသက်ပြင်းချရပြန်တော့သည်။

မညိုသည် ကိုမောင့်ကိုမချစ်လို့ ပစ်သွားခဲ့ရသည် မဟုတ် မဖြစ်လို့ ခွဲခွာသွားရသည်သာ ဖြစ်ခဲ့သည်ကို ကိုမောင်သိဖို့ကောင်းသည်။ စကားနာတွေထိုးစရာမလို။

ထွေတွေတွေပြောစရာမလို အဲဒီတုန်းက ကိုမောင်နာနာကျင် ခံစားခဲ့ရသလို မညိုသည်လည်း ခံစားရမည်။

ကိုကိုမောင်နားလည်ဖို့ကောင်းသည်။

ဒေါ်ညိုညိုလွင်သည် သက်ပြင်းကို ချမိပြီးနောက် ပေါ်တီကိုအောက်သို့ရောက်လာသည်။





ပေါ်တီကို၏ သံဆွဲတံခါးဝတွင် သားစောညိုလွင်နှင့် မြခွာညိုတို့ ယှဉ်တွဲရပ်နေသည်ကိုတွေ့ရသည်။

သားစောညိုလွင်၏ မျက်လုံးလေးတွေ အရောင်တောက်ပနေသလို မြခွာညို၏မျက်ဝန်းအိမ်ကလေးတွေသည်လည်း[illegible]နှင်းစိုတောက်ပနေကြောင်း ဒေါ်ညိုညိုလွင် သတိထားမိ၏။

ကိုမောင်နှင့် မညိုဘဝတုန်းကလည်း ကိုမောင်၏ မျက်လုံးလေးတွေသည် မညိုကိုတွေ့သည်နှင့် အခုသားလေးစောညိုလွင်လိုပင် အရောင်လေးတွေ တောက်ပနေတတ်သည်ကို ဒေါ်ညိုညိုလွင် မျက်စိထဲပြန်၍ မြင်ယောင်မိသည်။

ဒီအရွယ်ဆိုသည်က ချစ်တာတစ်ခုတည်းကိုသာ နားလည်ကြသည် မဟုတ်လား။

"မြခွာညို အန်တီညိုရော မောင်စောညိုလွင်နဲ့ရော စကားပြောနှင့်ဦး ဖေဖေရေချိုးလိုက်ဦးမယ် ဒေါ်စုကိုတစ်ခုခုလာပို့ဖို့ ဖေဖေပဲပြောလိုက်မယ် ... ကဲ မညို ... အဲလေ ... ဒေါ်ညိုညိုလွင် ထိုင်ပါဦးနော် ... ခဏလေးပါ"

ညွှဲခန်းမှာ ကျယ်ကျယ်ပြန့်ပြန့်ရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်ဆွတ်ဖြူသော ကော်ဇောမွေးပွခင်းထားပြီး နှီနှစ်ရောင်ဆိုဖာတွေချထားသည်။

အခန်းအုတ်နံရံအားလုံးပန်နုရောင်ဖျော့ဖျော့ ပလတ်စတာစ်ဆေးသုတ်ထားသည်။ တကယ့်အလှအပ ဧည့်ခန်းပဲဖြစ်သည်။

"ထိုင်ပါဦးအန်တီညို ... ကိုစောညိုလွင်က ဒီနေ့ညနေလာလည်မယ်လို့တော့ မြနွာညိုကိုပြောထားပါတယ် ... ဒါပေမဲ့ ဖေဖေမသိဘူး ... ဒါကြောင့် ဖေဖေက အန်တီညို့ကိုကြိုဆိုဖို့ အဆင်သင့်မဖြစ်နေတာပါ ... မြနွာညိုမပြောထားမိတာ ခွင့်လွှတ်ပါ အန်တီညို"

"မြနွာညိုက ဖေဖေ့ကိုပြောထားဖို့မေ့သွားတယ်ထင်ပါရဲ့ ဟုတ်လား ... "

မြနွာညိုသည် ဦးခေါင်းလေးကို ဖြည်းညင်းစွာ ခါယမ်းခဲ့သည်။

"မြနွာညိုမညာချင်ဘူး အန်တီညို ... ကျောင်းကပြန်ရောက်ကတည်းက ဖေဖေ့ကို အန်တီညိုတို့ လာလည်မယ်ဆိုတဲ့ အကြောင်းပြောချင်နေတာ ပါးစပ်ကိုယားလို့ပါ ... မေ့မနေ





ပါဘူး ... ဒါပေမဲ့ ဖေဖေ့ကိုမပြောရဲဘူး အန်တီညို ... "

"ဘာဖြစ်လို့လဲဟင် ... "

"ကြောက်လို့ ... "

"ကြောက်လို့ ... "

ဟု ဒေါ်ညိုညိုလွင်က သံပြန်ရွတ်ဆိုလိုက်ပြီး ဦးခေါင်းကိုညိတ်ကာ ညိတ်ကာ ကျေနပ်ကြည်နူးစွာ ပြုံးလိုက်ပါ၏။

"ကောင်းတယ် မြနွာညို ... လောကကြီးမှာ မိဘကို ကြောက်တတ်တဲ့ သားသမီးဟာ နောက်ဆုံးတော့ ကြီးပွားချမ်းသာမှုရသွားတာချည်းပဲ ... မိဘကိုမကြောက်တတ်လို့ မိဘစကားနားမထောင်ဘဲ ကိုယ်ထင်ရာလုပ်သွားတဲ့ သားသမီးတွေဟာ နစ်မွန်းသွားတတ်တယ် ... နေပါဦး မြနွာညို မြနွာညိုက ဦးမင်းမောင်ကို ဒီလောက်ပဲကြောက်သလား မေးမယ်နော် ... မြနွာညိုစိတ်မဆိုးနဲ့ ဦးမင်းမောင်ဟာ မြနွာညိုကို ဒီလောက်ထိကြောက်တတ်အောင်ခြောက်လှန့်ထားသလား မြနွာညို ... "

"အန်တီညို မှားသွားပြန်ပြီ ... မြနွာညိုပြောရရင် အန်တီညို



www.burmeseclassic.com

www.burmeseclassic.com



ယုံမလား … ဒီနေ့ထိ မြခွာညို အရွယ်ရောက်လာတဲ့အထိ ဖေဖေက မြခွာညိုကိုရိုက်ဖို့နေနေသာသာ လက်ကလေးနဲ့ တောင်မရွယ်ခဲ့ပါဘူး အန်တီညို … မြခွာညိုရဲ့မေမေရှိတုန်းကဆိုရင် မေမေက အဲဒီလိုရိုက်မိတိုင်း ဖေဖေနဲ့ မေမေ စကားများကြတယ် … ဖေဖေကရိုက်နှက်ဆုံးမတာကို လုံးဝမကြိုက်ဘူးတဲ့ … ”

“ဒါနဲ့တောင် မြခွာညိုက … ”

“ဟုတ်တယ် အန်တီညို … မြခွာညိုက ဖေဖေကိုကြောက်တယ်ဆိုတဲ့နေရာမှာ ဖေဖေနဲ့ ဆန့်ကျင်ဘက်အလုပ်တစ်ခုခုကိုလုပ်ရမှာ သိပ်ကြောက်လို့ဆိုချင်တာပါ … ဖေဖေလေ မြခွာညိုကို အလိုသိပ်လိုက်တယ် … ဒီတစ်အိမ်လုံးမှာ မြခွာညိုလုပ်သမျှ ဖေဖေက ပြုံးပြုံးကြီးကြည့်နေလေ့ရှိတယ် ဒါပေမဲ့ မြခွာညိုကို သံမဏိစည်းကမ်းတစ်ခုတော့ ချထားတယ် အန်တီ … ကျောင်းနေတဲ့အချိန်ကာလအတွင်းမှာ ယောကျ်ားလေးမိတ်ဆွေတော့ မထားရဘူးတဲ့ … ဒီထက် ပိုပြီး တားမြစ်ချင်တာက ချစ်သူမထားရဘူးတဲ့လေ … အဲဒီ





အချက်က ပြင်းပြင်းထန်ထန်ပါပဲ … မြခွာညို တက္ကသိုလ်တစ်ခုခုက ဘွဲ့ရပြီးပြီဆိုရင်တော့ အာလုံးကို လွှတ်လပ်စွာ ဆုံးဖြတ်နိုင်တယ်လို့ ပြောထားခဲ့ပါတယ် … ”

ဒေါ်ညိုညိုလွင်သည် ကျေနပ်စွာပြုံးလိုက်သည်။

သားတော်မောင် စောညိုလွင်အား မျက်ခုံးပင့်ကာ ကြည့်မိလိုက်၏။

“မာမီပြောတယ် မဟုတ်လား သား … ”

ဆိုသည့်အဓိပ္ပာယ်မျိုး ဒေါ်ညိုညိုလွင်၏အကြည့်တွင် ပါဝင်နေမှန်း စောညိုလွင် သတိပြုမိသည်။

ယခု မြခွာညို အတိအလင်းပြောချလိုက်သောစကားသည် အကယ်၍များ သားအညိုက မြခွာညိုအား မေတ္တာစကား ဆိုထားမိလျှင် ယခုဒေါ်ညိုညိုလွင်၏ရှေ့မှောက်မှာပင် မြခွာညိုက မဖြစ်နိုင်ပါဘူးဆိုသည့် အဖြေမျိုးပေးရာရောက်မနေဘူးလား။

ဒေါ်ညိုညိုလွင်က တွက်ပြီးသား။

ဦးမင်းမောင်သည် သူ့မ၏သားဖြစ်နေသော … စောညိုလွင်နှင့် သူ၏သမီးမြခွာညိုကို ဘယ်နည်းနှင့်မျှ သဘောတူညီမည်မဟုတ်ဟူ၍။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှု ဦးမင်းမောင်သည် ဒေါ်ညိုညိုလွင်၏ အာဒိုင်းအပိုင်းကို စိတ်နာပြီးသားဖြစ်နေမှန်း တခွန်းစနှစ်ခွန်းစပြော ဆိုတက်သော ဦးမင်းမောင်၏စကားတို့က ထွက်လာတတ်သည် ကို ဒေါ်ညိုညိုလွင် သတိထားမိသည်။

"မင်းတို့က လွင်မျိုးတွေပါလား ... "

ဟုပြောစဉ်ကတည်းက ဦးမင်းမောင်သည် ယခုတိုင် နယ်ပိုင်ဝန်ထောက်မင်းဘဝက မောင်မောင်လွင်ကို မကျေနပ်ခဲ့ ကြောင်း ပေါ်လွင်နေသည်။

ခုနကပင် ရေချိုးခန်းမဝင်မီလေးကပဲ ဦးမင်းမောင် သည် ဒီးပင်တွေပန်းပွင့်တွေအကြောင်းကို ပြောပါလေသေးသည်။

"ရက်ရောရမယ် ဒေါ်ညိုညိုလွင် ... ကျွန်တော်ငယ်ငယ်က အဖိုးတန်တဲ့ပန်းခေတ်ပွင့်ကို တန်ဖိုးကြီးကြီးပေးနိုင်စွမ်းမရှိ လို့ လက်လွှတ်ခဲ့ရတယ် ... တန်ဖိုးကြီးကြီးပေးနိုင်တဲ့လူရဲ့ လက်ထဲရောက်သွားခဲ့ရတယ် ... "

ဟု ထိုစကားစုမျိုးကို ပူပူနွေးနွေးပြောခဲ့သေးသည်။

အဓိပ္ပာယ်မှာ ...





ထိုစဉ်က မညိုကို ဆုံးရှုံးခဲ့ရခြင်းမှာ မင်းမောင်၌ ဘာမျှ သရေမရှိ ရာထူးမရှိနှင့် ဘယ်လိုမှ ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ မောင်မောင်လွင်ကို အလျှော့ပေးခဲ့ရခြင်းကိုပင် ဝိပါကဝဋ်တစ်ခု ဟု ဆိုသွားသေးသည်။

ထိုမျှပင်မကသေး။

ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်လွင်၏ နာရေး သတင်းကြော်ငြာကို သူသည်မကြည့်ချင်အဆုံး။ သတင်းစာအသီးသီး၌ ထည့်ခဲ့ရကြောင်းကို နှိုင်းယှဉ်သလို ထေ့သလိုလိုဖြင့် သူ၏စနီးဆုံးပါး ခြင်းမှာ လူမသိ၊ သူမသိ အညတရအသွင်မျိုးလည်း ပြောခဲ့သေး သည်။

မြဲ၍ကြည့်လျှင် ...

ဦးမင်းမောင်သည် အဲ ... ကိုမောင်သည် ငယ်စဉ်က တည်းနှလုံးရင်းကာ ချစ်ခဲ့ရပါသော မညိုအား စိတ်နာနေခဲ့ သည်သာ။

ဒါကြောင့်လည်း ...

ရန်ကုန်တစ်မြို့တည်းတွင် ကိုမောင်က ခြောက်မိုင်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



တွင်နေပြီး မညိုဇာကုက္ကိုင်းလမ်းတွင်နေမှန်းသိပေမဲ့ ကိုမောင်သည် မညိုတို့အိမ်သို့ တစ်ချက်ကလေးမလှည့်လာစဖူးခဲ့။

စိတ်ဆန္ဒက လာချင်သပဆိုလျှင် ကိုယ်ပိုင်ကားရှိ ခဲ့သော ကိုမောင်သည် မညိုတို့အိမ်သို့ ခြောက်မိုင်ခွဲမှ ကုက္ကိုင်းလမ်း သို့ အရောက်လာနိုင်သည်ပဲဖြစ်သည်။

ဘာပဲဖြစ်ဖြစ်။

ယခုလို ဦးမင်းမောင်က သူ့သမီးနှင့် မိမိ၏သား နာကြည်းစိတ်ဖြင့် သဘောမတူနိုင်သည့် အရိပ်အယောင်ရှိနေသည် ကို ဒေါ်ညိုညိုလွင် သဘောကျမိသည်။

အကြောင်းမူ ...

ဒေါ်ညိုညိုလွင်ကိုယ်တိုင်ကပင် သားဖြစ်သူ မောင် မောင်လွင်နှင့် ဦးမင်းမောင်၏သမီး မြခွာညိုတို့ ချစ်ကြိုက်ခြေ သော ဆန္ဒလုံးဝမရှိသောကြောင့်ဖြစ်တော့သည်။

ဒေါ်ညိုညိုလွင်သည် သားစောညိုလွင်နှင့် မြခွာညို ကိုလုံး၀ သဘောမတူနိုင်ပါ။

လတ်တလောတွင် ဤအိမ်သို့ရောက်လာခြင်းမှာ





ဖြစ်သူ ဖွတ်ပူဆာသည်ကို လိုက်လျောရခြင်းမှာ သားနှင့်ပတ် ပြီး ဦးမင်းမောင်၏သဘောထားကိုသိလို၍ပဲဖြစ်သည်။

ထို့အတူ မြခွာညို၏သဘောထားကိုလည်း သိမြင် ခြင်းပဲဖြစ်ပါလေသည်။

သားကို တဖြည်းဖြည်းနှင့် ဖျောင်းဖျမည်ဟုကြိုးရည် ညှိလှန့်လိုသည့် သဘောဖြင့်လည်ကောင်း လိုက်၍လျှာရခြင်းဖြစ် လေသည်။

"အပျင်းဖြေ အယ်လ်ဘမ်ကြည့်ပါလား အန်တီညို"

မြခွာညိုလှမ်းပေးသော အယ်လ်ဘမ်ကိုယူရင်း သား ညိုလွင်အား ဒေါ်ညိုညိုလွင်က မသိမသာအကဲခတ်လိုက်တော့ သည်။

စောညိုလွင်သည် ဤအိမ်သို့လာလည်ချင်လှချည်ရဲ့ ပူဆာ၍ရောက်ရှိလာသော်လည်း မြခွာညိုကို တွေ့ရာတွင် စကားတစ်လုံးမျှမပြောသေးဘဲ မြခွာညိုကိုသာ စိုက်ကြည့်နေသည် ကို ဒေါ်ညိုညိုလွင် မြင်တွေ့ရပါ၏။

ခုနက မြခွာညိုပြောလိုက်သောစကားထဲတွင် သူမ မှာ ဒေကာသူမအား သံမဏိစည်းကမ်းထားရှိသည်ဆိုသော ပြင်း

www.burmeseclassic.com



ပယ်သယောင်ယောင်စကားကြောင့် သားတော်မောင် အတွေးကျွေ
နေခြင်းများလား မပြောတတ်။

ဒေါ်ညိုညိုလွင်သည် အယ်(လ်)ဘမ်အဖုံးကိုဖွင့်လိုက်
သည်။ ကိုမောင်နှင့်သိပ်လှသော မိန်းကလေးတစ်ဦး ယှဉ်တွဲရိုက်
ထားသောပုံကို ပထမဆုံးတွေ့ရသည်။

ဟုတ်ပါ၏။

ကိုမောင်၏ပုံသည် လွန်ခဲ့သောအနှစ်နှစ်ဆယ်က
ပုံဖြစ်သည်။

မညိုသိပ်ချစ်ခဲ့ဘူးသော ကျောက်ဆည်ကကိုမောင်
ပါ။ အနှစ်(၂၀)ကြာပြီးမှ ယခုအကြိမ်သည် ကြိမ်ဖန်များစွာ သူ့မျက်စိ
ထဲ မှန်းကြည့်ခဲ့ရသည်မှာ ယခုဓာတ်ပုံကို ဝိုးဝိုးပြင်ပြင်တွေ့ရခြင်းဖြစ်
တော့၏။

ကိုမောင်သည် အပေါ်ဖုံးအကျီ ချိတ်လုံချည်စသည်
တို့ဖြင့် သတို့သားဝတ်စုံဝတ်ထားသည်။

ကိုမောင်နှင့်ယှဉ်တွဲရပ်နေသောအမျိုးသမီးကလည်း
ဘီးစထုံး ပဝါရှိဖြင့် သတို့သမီးဝတ်စုံဝတ်ဆင်ထားသည်ပဲဖြစ်ပါ
လေသည်။





သူတို့မင်္ဂလာဆောင်စဉ်က ရိုက်ထားသောဓာတ်ပုံ
ဖြစ်ပါလေသတည်း။

သတို့သမီးကိုဒေါ်ညိုညိုလွင်သေချာကြည့်မိသည်။
အတို့သမီးကိုကြည့်လိုက်ပြီးသည်နှင့် ဒေါ်ညိုညိုလွင်၏မျက်လုံး
အိသည် အလိုအလျောက်ပင် မြခွာညိုဆီသို့ လှမ်းကြည့်မိတော့
သည်။

အကယ်၍ မြခွာညိုအားဓာတ်ပုံထဲကအတိုင်း သတို့
သမီးဝတ်စုံဝတ်ပေးလိုက်လျှင် မြခွာညိုနှင့် ဤဓာတ်ပုံထဲမှ အမျိုး
သမီးသည် အတူတူတစ်ယောက်တည်းပါဟူ၍ ပြောနိုင်လောက်
အောင်မျက်နှာချင်း တူညီသောအလှတွေရှိကြသည်။

ဒေါ်ညိုညိုလွင် ရှေးဦးစွာက တွေးထားသည့်
အတိုင်းပင် မြခွာညိုသည် အမေတူသမီးဖြစ်နေပါ၏။

သေချာကြည့်လေမှ အနည်းအကျဉ်းကွာခြားချက်ကို
တွေ့ရသည်။ မြခွာညိုက မျက်နှာလေးပိုနုပြီး ကိုယ်လုံးကိုယ်ထည်
သေးသွယ်ပြီး အချိုးကျသည်။

ဓာတ်ပုံထဲကအမျိုးသမီးခန္ဓာကိုယ်သည် သွယ်လျလျ
နှင့် တစ်ဖြောင့်တည်းလိုရှိနေသည်သာ ကွာခြားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏတ်ပုံမှတစ်ဆင့် မြခွာညိုကိုလှမ်းကြည့်ပြီးနောက် ဒေါ်ညိုညိုလွင်သည် အယ်လ်ဘမ်အဖုံးကို ပြန်ပိတ်လိုက်သည်။ ဆက်မကြည့်ဖြစ်တော့။

အကြောင်းဆိုသော် မြခွာညိုကိုလှမ်းကြည့်လိုက်စဉ် မြခွာညိုသည် တခြားသို့ဘေးစောင်းမျက်နှာလွှဲထားသည်ကိုတွေ့လိုက်ရသည်။

မြခွာညို၏မျက်ဝန်းအိမ်လေးထဲတွင် ရစ်ဝဲနေသော မျက်ရည်ကြည်လေးတွေ ရှိနေသည်ကို ဒေါ်ညိုညိုလွင်တွေ့နေရသည်။

ကလေးနှစ်ယောက်၏ အဖြစ်မှာ သူတို့ချင်းချင်းရင်ထဲက တုံ့ပြန်မေတ္တာလေးတွေ ကိုယ်စီရှိပါလျက် လူကြီးတွေ၏ အဟန့်အတားကြောင့် မျက်ရည်ကလေးတွေဝဲချင်နေသည်ပဲ ဖြစ်တန်ရာသည်။

"ဟေး ... ကြည့်စမ်း ... ညွှိသည်ဝိုင်းကလည်း ငြိမ်နေလိုက်ကြတာ ... သမီး မြခွာညိုက အန်တီညိုတို့ကို ညွှိခံစကားလေး ဘာလေး မပြောဘူးလား သမီးရဲ့"





ဦးမင်းမောင်ထွက်လာသည်နှင့် အသံပြဲအသံလွင်ဖြင့် ရယ်ကာပြုံးကာပြောရင်း ညွှိခန်းဆီသို့လျှောက်လာခဲ့သည်။

"အန်တီညို့ကို ... အယ်လ်ဘမ်ပေးထားတယ် ဖေဖေ ... အန်တီညို အယ်လ်ဘမ်ကြည့်နေလို့ပါ ... "

ဦးမင်းမောင်က ဒေါ်ညိုညိုလွင်၏ပေါင်ပေါ်တွင် ထန့်လန့်တင်ထားသော အယ်လ်ဘမ်အုပ်ကိုကြည့်လိုက်သည်။

"သြော် ... သြော် ... ဒါဆိုရင် ဒေါ်ညိုညိုလွင်အနေနဲ့ သူဇာ့ကို ပထမဆုံးအကြိမ် မြင်ဖူးသွားပြီပေါ့ဟုတ်လား ... ဒေါ်ညိုညိုလွင်"

ဒေါ်ညိုညိုလွင်က ဦးမင်းမောင်ကို မော့ကြည့်သည်။

"သူဇာ ... သူဇာဆိုတာက ... "

"သူဇာဆိုတာ အဲဒီအယ်လ်ဘမ်မှာ ပထမဆုံးကပ်ထားတဲ့ အမျိုးသမီးလေ ဒေါ်ညိုညိုလွင်၊ မြခွာညိုရဲ့အမေ ကျွန်တော့်ဇနီး ..."

"ဟင်း ... ဟင်း ... ဟုတ်သပေါ့ ဒေါ်ညိုညိုလွင် လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်ကဆိုရင် သူဇာဆိုတဲ့နာမည်ရေးက



www.burmeseclassic.com

www.burmeseclassic.com



လှသလိုလိုချစ်စရာလိုလိုပေါ့ ... ဒါပေမဲ့ ခုခေတ် ဒေါ်ညိုညို
လွင်ဆိုတဲ့ နာမည်မျိုးလိုတော့ ခေတ်မီသွားမလား ... ငိုပြီး
ခန့်ငြားထည်ဝါသွားမလားတော့ မသိဘူး ... ဟဲ ... ဟဲ
ဘာလို့လဲဆိုတော့ ကျွန်တော့်နာမည်ထဲက မင်းတစ်လုံး
ဖြုတ်ပြီး သူ့ဓာနောက်ကိုထည့်လိုက်ရင်လို့ ပြောတာပါ"

"ဦးမင်းမောင် ကလေးတွေရှေ့မှာ ... "

ဒေါ်ညိုညိုက အထူးသဖြင့် သူ့မဏ်သားစောညိုလွင်ကို ဖျတ်ခနဲလှည့်ကြည့်ရင်း ဦးမင်းမောင်၏စကားကို ဖိတ်ပင်တားလိုက်သည်။

ဦးမင်းမောင်က သူ့ပခုံးကျယ်ကြီးကိုတွန့်လိုက်ပါလေသတည်း။ ဦးမင်းမောင်၏အပြုအမူမှာ ကြည့်ကောင်းပါ၏။

တတယ်တော့ ဦးမင်းမောင်အသက်မှာ ယခုမှ(၄၅)နှစ်ခန့်သာရှိသေးသည်။ ရောဂါဘယကင်းစင်၍ ကျန်းမာသန်စွမ်းသော ယောကျ်ားတစ်ဦးအဖို့ ဤမျှသောအသက်သည် အိုမင်းပြီဟု မဆိုသာ။ အရွယ်ကောင်းတုန်းဟု ဆိုနိုင်ပါသည်။

ဦးမင်းမောင်သည် ယခုအရွယ်အထိ သခင်နှင့်သစ်ခွကြားတွင် ကိုယ်တိုင် ဉယျာဉ်ခြံကိုဝင်လုပ်လောက်အောင် ကျန်းမာသန်စွမ်းသူ ကျန်းမာသူဖြစ်သည်။





အရွယ်ကြောင့်ပါဝါမျက်မှန်တပ်ထားခြင်းနှင့် နက်မှောင်သောဆံပင်တွင် တချို့နေရာ၌ ငွေဖြူရောင်ကလေးများ တွက်သန်းနေခြင်းကလွဲလျှင် မျက်နှာတွင်ဇရာအရေးအကြောင်းကလေးများ မပေါ်တတ်သေး။

လည်တိုင်တင်းမာပြည့်ဖြိုးပြီး အတွန့်အရစ်တွေ မတွေ့ရသေးပေ။ ပခုံးကျယ်ကျယ်ရင် အုပ်မို့မို့ လက်မောင်းအိုးတုတ်တုတ် ပေါင်တံကျစ်ကျစ်တို့ဖြင့် ယောကျ်ားပီသသော အလှတွေရှိနေဆဲဖြစ်ပါ၏။

"ကဲ ... ခြံထဲသွားစို့ ဒေါ်ညိုညိုလွင် ... ဒီအချိန်ဆို ခြံထဲမှာ
လေကောင်းလေသန့်ရတယ် ... ပွင့်တဲ့ပန်းတွေဆီကပန်းရနံ့
လေးသင်းနေတယ် ... "

ဦးမင်းမောင် ရှေ့ဆောင်ခေါ်သွားရာနောက်သို့ ဒေါ်ညိုညိုလွင်မှအစ မြခွာညိုနှင့် စောညိုလွင်တို့ပါလိုက်ခဲ့ကြသည်။

ကျယ်ပြောသော ဧည့်ခန်းကြီးထဲမှမထွက်မီ ထောင့်တစ်နေရာ၌ ဦးမင်းမောင်က ရပ်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်သောနေရာတွင် ခေတ်ဟောင်းပုံရိုးစန္ဒရားကြီးတစ်လုံးရှိနေပေသည်။

ခေတ်ဟောင်းပုံစန္ဒရားကြီးဆိုပေမဲ့ သပြေသီးရောင်ပါလစ်တို့ဖြင့် တောက်ပြောင်နေသည်။ ဖုန်မှုန့်လေးတစ်မှုန့်ပင်မရှိအောင်လည်း နေ့စဉ် ကြက်မွေးဖြင့် လှဲကျင်းသန့်စင်ထားပုံလည်းရသည်။

ဦးမင်းမောင်သည် စန္ဒရားအဖုံးကို ညင်သာစွာ ဖွင့်လိုက်သည်။

ထို့နောက် မည်းမည်းဖြူဖြူခလုတ်လေးများပေါ်သို့ ဘယ်လက်ငါးချောင်းဖြင့် အသံတစ်ခုကိုစမ်းလိုက်သလိုနှိပ်ကာ တို့ကာထိတွေ့လိုက်သည်။

စန္ဒရားကြီးမှ ဒေါင်ဒေါင်တဒင်ဒင်အသံများ ပေါ်ထွက်လာခဲ့ပါလေသည်။

"မှတ်မိလား ဒေါ်ညိုညိုလွင် ... ကျောက်ဆည်တုန်းက ကျွန်တော်အမြဲတီးလေ့ရှိတဲ့ စန္ဒရားလေ ... ဖေဖေလူပျိုကတည်းက တီးခဲ့တာပေါ့ ... ဖေဖေရဲ့အမွေဆိုလို့ ဒီတစ်ခုပဲကျန်ခဲ့တာ"





"စန္ဒရားက အသစ်လိုပဲနော် ... ကြိုးသံတွေလည်း သံမှန်တွေပဲ ... ခလုတ်လေးတွေတောင် အပျက်အစီးမရှိဘူး ... ဦးမင်းမောင် လက်သံမပြတ်ခဲ့ဘူးထင်ပါရဲ့ ... "

ဦးမင်းမောင်သည် စန္ဒရားအဖုံးကို ညင်သာစွာပြန်ပိတ်လိုက်သည်။

ထို့နောက် ဦးမင်းမောင်ကမရယ်ချင်ဘဲလျက်တမင်ရယ်ပြသော ရယ်သံမျိုးကိုပြုလိုက်သည်။

"မအစ်ပါနဲ့ ဒေါ်ညိုညိုလွင် ... ဟိုတုန်းက လွန်ခဲ့တဲ့တစ်လလောက်က မိုလ်ကြီးစောဖြူရဲ့မင်္ဂလာဆောင်မှာ ကျွန်တော်ဒေါ်ညိုညိုလွင့်ကိုပြောခဲ့ပါတယ် ... မောင်စောညိုလွင့်အဆိုအတီး ဝါသနာကြီးပုံနဲ့ စကားစပ်မိလို့ပေါ့လေ"

စကားပြောရင်းကပင် ဧည့်ခန်းတံခါးဝမှ ထွက်ခဲ့ကြသည်။

ဦးမင်းမောင်က စကားပြောသူ ဒေါ်ညိုညိုလွင်ကနားထောင်သူမို့ ဧည့်ခန်းမှ အထွက်ဘေးချင်း ယှဉ်လျှောက်မိလျက်သားဖြစ်သွားသည်။



www.burmeseclassic.com

အလားတူပင် ရှေ့မှ မိနှင့်ဖက ယှဉ်လျှောက်သည်မို့ စောညိုလွင်နှင့် မြခွာညိုသည်လည်း အလိုလိုယှဉ်လျှောက်မိလျက်သားဖြစ်သွားသည်။

"ကျွန်တော် စန္ဒရား မယ်ဒလင်တို့ပြန်ပြီးမကိုင်တာ အနှစ်နှစ်ဆယ်ကျော်ရှိပြီလို့ ကျွန်တော်ပြောခဲ့ပါတယ် ... တကယ်လည်းမတီးဘူး မကိုင်ဘူး အို ... ရေချိုးခန်းထဲမှာတောင် သီချင်းမဆိုမိတာ အနှစ်နှစ်ဆယ်ကျော်ပါပြီ ဒေါ်ညိုညိုလွင် ဒီစန္ဒရားကြီးသစ်နေတာက အမြဲတမ်း ကျွန်တော် တယုတယထားတယ် ... ပါလစ်မှိန်သွားရင် ပါလစ်သုတ်တဲ့သူခေါ်ပြီး ပြန်သုတ်နိုင်းတယ် ... ကြိုးတွေအသံအမြဲ မှန်နေအောင် စန္ဒရားပြင်ဆရာကို အမြဲချက်အင်လုပ်နိုင်းထားတယ်"

ညှိခန်းမှထွက်ပြီနောက် ခြံရှေ့စပ်သို့ရောက်လာခဲ့ပြီးဖြစ်ကြပါ၏။

"ဒီမှာ ဒေါ်ညိုညိုလွင် ... သံနဲ့သစ်သားဟာ လေလုံမိုးလုံမှာ သာ တယုတယသိမ်းထားပြီး ကော်ဖတ်မပြုတ် ဆေးမပြုတ်ဆိုရင် နှစ်ပေါင်းများစွာ သံချေးလည်းမတက်ဘူး ...





ဆွေလည်းမဆွေးဘူး ... လောကကြီးမှာ တယု တထ အမြတ်တနိုး သိမ်းဆည်းထားလို့ ခွေးမြည်းသွားတာတာ မျိုးတွေ ရှိတတ်ပါတယ် ... နှစ်တွေကြာညောင်းခဲ့ပေမဲ့ ပကတိအသစ်တိုင်ရှိနေတာမျိုးတွေ ရှိတတ်ကြပါတယ်" ...

ဦးမင်းမောင်က သူ၏စန္ဒရားသစ်လွင်နေသေးသည်ကိုအကြောင်းပြုရင်း ကျယ်ဝန်းနက်ရှိုင်းသော စကားတွေကိုဆိုနေပြီနှမ်း ဒေါ်ညိုညိုလွင်ရိပ်စားမိ၏။

သို့တစေ ...

ဒေါ်ညိုညိုလွင်ဟာ ဘာဆိုဘာမှ ပြန်မပြောပါလေသော့။

တိတ်ဆိတ်စွာပဲ ရှိနေခဲ့သည်။

ဤနေရာတွင် နှင်းဆီဇတွေချည်းပဲ သက်သက်ပန်းခြံပြုတွေနှင့် စိုက်ထားသည်။ ရေ နေ လေတို့ အချိုးကျမှန်မှန်ရျှေက ပိုးမွှားကင်းစင်အောင် စနစ်တကျ စိုက်တတ်၍လားမသိ။ အိုးတိုင်းရှိ နှင်းဆီပင်တို့တွင် ဖြူဖြူဝါဝါ နီနီ ပန်းရောင်ပွင့်တွေ ပွင့်သားလျှက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာဦးစံကြီးက သံဘောင်တွင်ပလတ်စတစ်ကြိုး လေးတွေ ထိုးထားသော ကျောမှီနှင့် ကုလားထိုင်လေးတွေချထား ပြီးဖြစ်ပါ၏။

သူတို့လေးဦးရောက်လာသည်နှင့် ဒေါ်ဒေါ်စုသည် လင်ပန်းတစ်ချပ်တွင် သံပရာရည်လေးခွက်ယူလာပြီး စားပွဲပေါ်တွင် ချပေးသွားသည်။

"အခု ရင်ချောင်သွားအောင် ... သံပရာရည်သောက်ကြမယ် ဒေါ်ညိုညိုလွင် တအောင့်နေမှ ညစာစားရအောင်"

"အို မဟုတ်တာ ဦးမင်းမောင်ရယ် ... ဒီမှာ ညစာစားဖို့ အစီအစဉ်မှ မရှိခဲ့တာ ... "

"ထိုင်ပါ ဒေါ်ညိုညိုလွင် ... မြခွာညိုနဲ့ မောင်စောညိုလွင်တို့ ထိုင်ကြ ... သံပရာရည်သောက်ထားနှင့်ကြကွာ"

ဦးမင်းမောင်က စတင်ထိုင်သည်။ ဦးစီးအိမ်ရှင်မှ စတင်ထိုင်၍ အားလုံးထိုင်လိုက်ကြသည်။

ဦးမင်းမောင်က ရယ်လိုက်ပြန်ပါသည်။

"ဒေါ်ညိုညိုလွင်က အစီအစဉ်စကားသိပ်ပြောတာပဲ၊ အစီ အစဉ်ဆိုတာ လူတွေလုပ်ယူကြတာပဲမဟုတ်လား ... ညစာ





အတွက် အိမ်မှာ ဒေါ်စုက ဝက်သားနဲ့ ပုန်းရည်ချက်တယ် ဘူးရွက်နုနုဟင်းချို၊ ငါးခူငါးပိကောင်နဲ့ ငရုတ်သီးကြော်ထား တယ်၊ သရက်သီးပိုးတီကို ဆီနဲ့ ကြက်သွန်နဲ့ သုပ်ထားတယ် သခွားသီးတို့မယ် ငံပြာရည်ချက်ပါမယ် ... "

"အား မာမီ အန်ကယ်လ်ပြောတာနဲ့ သားတောင် သွားရည် ကျလာပြီ ဝက်သားပုန်းရည်ကြီးချက်နဲ့ ငရုတ်သီးကြော် ဆိုရင်သားအကြိုက်ပဲမဟုတ်လား"

"ဟုတ်လား မင်းနဲ့ အန်ကယ်လ်နဲ့ အကြိုက်ချင်းတူတယ် ကွ၊ အန်ကယ်လ်က အညာသားဆိုတော့ ငယ်ငယ်တည်းက ပုန်းရည်ကြီးကြိုက်ခဲ့တာလေ"

ဒေါ်ညိုညိုလွင်သည် ဦးမင်းမောင်နှင့် သားစော ညိုလွင်တို့ လေပေးလေယူဖြောင့်ပြီး အကြိုက်ချင်းတူညီကြောင်း ပြောနေကြသည်ကို ငေးကြည့်နေမိသည်။

"သား ... အိမ်တစ်အိမ်မှာ ထမင်းဟင်းချက်တယ်ဆိုတာ ကိုယ့်အိမ်သားနဲ့ ကိုယ်တိုင်ချက်တာချည်းပဲ ... "

"မပူပါနဲ့ ဒေါ်ညိုညိုလွင် ... ဒီအိမ်မှာ ထမင်းအတူစားဖို့



www.burmeseclassic.com

www.burmeseclassic.com



လူလေးယောက်ပဲရှိတယ် ဦးစံဝရယ် ဒေါ်စုရယ် ကျွန်တော်နဲ့ မြခွာညိုရယ်ပေါ့လေ အခုဒေါ်စုကို ငါးသေတ္တာတစ်လုံး ဖောက်ခိုင်းတယ် ဝက်အူချောင်းကြော်ခိုင်းတယ် … အဲဒါနဲ့ပဲ ဦးစံဝနဲ့ ဒေါ်စုတို့စားကြဖို့ပြောပြီးပြီ … ကျွန်တော်တို့ သားအဖနဲ့ ဒေါ်ညိုညိုလွင်တို့သားအမိ၊ လေးယောက်က ပုန်းရည်ကြီးဝက်သားပိုင်းပဲ … ”

ဒေါ်ညိုညိုလွင်သည် ဘာမျှထပ်မပြောတော့ဘဲ စိတ်မရှည်သော အပြုံးလေးတစ်မျိုးဖြင့် သားတော်မောင်ကို လှမ်းကြည့်ကော့သည်။

သားတော်မောင်ကိုယ်တိုင်က ပြောလေသမျှ သူ့အန်ကယ်(လ်)ဦးမင်းမောင်ဘက်မှ လိုက်ပြောနေမှတော့ မိမိအနေနှင့် မငြင်းသာပါလေတော့။

“သမီး မြခွာညို … သံပရာရည်သောက်ပြီးရင် ဖေဖေရဲ့ သစ်ဂွနဲ့ သဇင်တွေ စောညိုလွင်ကို လိုက်ပြပေးလိုက်ပါ … အနညာင်းပြေနဲ့ ထမင်းစားကောင်းအောင် လျှောက်ကြည့်တဲ့ သဘောပေါ့ ဟုတ်လား … ”





မြခွာညိုက သူမ၏ဖခင်အား ဦးခေါင်းညိတ်ပြပြီး မြူးတူးကြောင်တောင်လေး ငေးကြည့်ရှာသည်။

သို့တစေ …

ဖေဖေဦးမင်းမောင် ပြောသည့်အတိုင်းပင် မြခွာညို လိုက်ဆောင်ခဲ့သည်။ သံပရာရည်သောက်ပြီးသည်နှင့် “လာ … သစ်ခွနဲ့ သဇင်ခြံထဲသွားကြည့်ကြစို့” ဟု စောညိုလွင်ကို ခေါ်သွားခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ ဘာမှမမေးတော့ဘူးလို့ စိတ်ထဲမှာသဘောထားမိတယ် ... ဒါပေမဲ့ ဟိုတုန်းကတီးခဲ့တဲ့ စန္ဒရားကြီးကို မြင်မိတော့ ဦးလေးနဲ့ဒေါ်လေးတို့ကြောလို့ သတိတရမေးချင်လာတယ် ဦးမင်းမောင် ... "

ဒေါ်ညိုညိုလွင်ပြောလိုက်သော ဦးလေးနှင့်ဒေါ်လေးဆိုသူများမှာ ဦးမင်းမောင်၏မိဘနှစ်ပါးကို ရည်ညွှန်းခြင်းဖြစ်ပါ၏။

ဦးမင်းမောင်၏မျက်နှာသည် ရယ်ပြုံးနေရာမှ တည်တည်ခင့်ခန့်အသွင်သို့ ပြောင်းသွားခဲ့သည်။

"ကျွန်တော့်အကြောင်းကိုကော မမေးမိတော့ဘူးလား





ဒေါ်ညိုညိုလွင် ... ဥပမာ ရန်ကုန်စထရင်းဟိုတယ်ကြီးမှာ လက်ဖဝ်သွားပြီးတဲ့နောက် ကျွန်တော် ဘာဖြစ်သွားသလဲ၊ မသူဇာနဲ့ ဘယ်လိုညားကြသလဲ ... အခု ကျွန်တော် ဘယ်လို ဒီအခြေအနေရောက်လာသလဲ ဆိုတာတွေ ... မညို တကယ် မမေးချင်ဘူးလား ... တကယ်မသိချင်ဘူးလား ဟင် ... "

"ပြီးခဲ့တာတွေ ပြီးပါစေတော့လား ... ကိုမင်းမောင်"

စကားပြောလာကြရင်းက ဦးမင်းမောင်သည် ...ရှေ့သမီးရှေ့ မဟုတ်လေသဖြင့် ပြောရင်းပြောရင်း ဒေါ်ညိုညို ...ဟုခေါ်ပြောနေရာက 'မညို'ဟု ဖြစ်လာသည်။ ဒေါ်ညိုညို ...ကလည်း ဦးမင်းမောင်ဟုခေါ်နေရာမှ ကိုမင်းမောင်ဟုအလိုလို ...မှထွက်သွားမိတော့သည်။

"ပြောပါရစေ မညို ... ရင်ထဲမှာ အနှစ်နှစ်ဆယ်လောက် မြိုသားရတာတွေ ပြောစမ်းပါရစေ ... ကျွန်တော့်အကြောင်း ပြောရင်းနဲ့ မညိုမေးလိုက်တဲ့၊ဖေဖေနဲ့မေမေတို့အကြောင်း တွေလည်း ပါလာမှာပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ကိုမင်းမောင် …"

"ဆယ်တန်းစာမေးပွဲအောင်စာရင်းထွက်တဲ့နေ့ရဲ့ သတင်းစာထဲမှာပဲ မညိုနဲ့ ဦးမောင်မောင်လွင် လက်ထပ်ပြီးစီးတဲ့ သတင်းပါလာတယ် … ကျွန်တော် ဆယ်တန်းကို ဂုဏ်ထူး သုံးဘာသာနဲ့အောင်ပါတယ် မညို … ဖေဖေနဲ့မေမေက ကျွန်တော့်ကို ရန်ကုန်တက္ကသိုလ်ဆက်ပို့တယ် … မညိုရဲ့ မင်္ဂလာသတင်းဖတ်ပြီး ကျွန်တော့်ရင်တွေ ဘယ်လောက် ပူရသလဲဆိုတာ မညို သိသလား …"

"အဲဒါတွေ မပြောပါနဲ့တော့ ကိုမင်းမောင် … တရုတ်လက်သမားနှစ်ယောက် အိမ်ဆောက်ရင်း အိမ်ပြိုကျလို့ တစ်ယောက်သေတယ် … တစ်ယောက်က ဒဏ်ရာပြင်းပြင်းထန်ထန်ရခဲ့တယ် … မသေတဲ့လူက သေတဲ့လူကို နင်ကတော့ သေတယ် … ငါလောက်မနာဘူးလို့ ပြောသလိုဖြစ်နေမှာပဲ … အဲဒီအချိန်၊ အဲဒီအခြေအနေတုန်းက ကိုမင်းမောင်ဟာ ဒဏ်ရာပြင်းတယ်ဆိုရင် မညိုက အဲလေ … ကျွန်မက သေတဲ့လူပါ ကိုမင်းမောင် …"





ဒေါ်ညိုညိုလွင်ပြောလိုက်သောစကားများအတွက် ဦးမင်းမောင်၏မျက်လုံးတို့တွင် မျှော်လင့်ချက်ရောင်ခြည်တွေ တောက်ပလာသည်ဟု ထင်ရသည်။

ဆိုလိုသည်မှာ …

ထိုစဉ်က မင်းမောင် ခံစားရသည်ထက် ပိုပြီး မညိုသည် ခံစားရပါသည်ဟု ဆိုလိုခြင်းပင် မဟုတ်လား။

ဒဏ်ရာပြင်းထန်ရုံမျှ အသက်မသေ။ အသက်သေသူမှာ ဒဏ်ရာပြင်းထန်လွန်းသည်ကို ကျော်လွန်လေမှသေခြင်းသို့ ရောက်ရသည် မဟုတ်လား။

"မညို …"

"အဲဒီလိုခေါ်ပြီး အဲဒီလို အညိုကိုမကြည့်ပါနဲ့ ကိုမင်းမောင်၊ ကိုမင်းမောင် ပြောချင်တာတွေကိုသာ ဆက်ပြောပါ … ကျွန်မ နားထောင်ပါ့မယ် … ဟိုတုန်းက အဖြစ်တွေနဲ့ ဟိုတုန်းက ခံစားချက်တွေဟာ တစ်ခေတ်တစ်ချိန်က ပုံပြင်တစ်ခုလို့သာအောက်မေ့ပါ … အခုလက်ရှိ အခြေအနေဟာ ကျွန်မအနေနဲ့ ကွယ်လွန်သူဦးမောင်မောင်လွင်ရဲ့ဇနီးပါ …"



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းမောင်အနေနဲ့လည်း ကွယ်လွန်သူဒေါ်သူဇာရဲ့ခင်ပွန်းပါ ... ”

ဦးမင်းမောင်သည် သူ၏ပေါင်ပေါ်သို့ လက်ဝါးနှစ်ဘက်ကို ဖြန့်ခနဲ အသံထွက်အောင်ပင် ပုတ်လိုက်ပါ၏။

“မညို ဆိုလိုတာက လူကြီးသိက္ခာတွေ ရှိနေကြပြီလို့ ဆိုလိုတာပေါ့ ဟုတ်လား ... ကောင်းပြီလေ ... ကျွန်တော်က သိပ်ပြောချင်နေတဲ့ ကျွန်တော့်အကြောင်း ဆက်ပြောရုံပဲပေါ့”

“ကျွန်မနားထောင်ပါ့မယ် ကိုမင်းမောင် ဆက်ပြောပါ”

“ကျွန်တော် ရန်ကုန်တက္ကသိုလ်မှာ အိုင်အက်စီဆက်တက်တက် ... ရန်ကုန်တက္ကသိုလ်ဆက်တက်တဲ့ ရည်ရွယ်ချက်က ရန်ကုန်စထရင်းဟိုတယ်မှာ ထိမ်းမြန်းသွားတဲ့ မညိုကို ရန်ကုန်မှာလိုက်တွေ့ဖို့ အဓိကရည်ရွယ်တာလေ ... အဲဒီတုန်းက ကျွန်တော်ငရွှေးမို့ မညိုကိုတွေ့ပြီး ဆုံနိုင်ဖို့ မိဘပိုက်ဆံဖြုန်းပြီး ရန်ကုန်တက္ကသိုလ်တက်ခဲ့တာပဲ ... အဲ ... တကယ်လို့ မညိုကို ရန်ကုန်မှာ ကျွန်တော် တွေ့ပါပြီဆိုတော့ ...





တွေ့တာဟာ တွေ့ရုံပဲရှိမယ် ... နယ်ပိုင်ဝန်ထောက်မင်းရဲ့ တရားဝင်လက်ထပ်ဇနီး ညိုညိုလွင်ကို တွေ့တော့ကော ကျွန်တော် ဘာတွေ ဆက်ပြီး မျှော်လင့်နိုင်တာမှတ်လို့”

“ကျွန်မတို့ ရန်ကုန်မှာ လက်ထပ်ရုံ လက်ထပ်တာပါ ... ဦးမောင်မောင်လွင်က ကျောက်ဆည်ကနေပြီး ပုသိမ်ကို ပြောင်းရတာ ... လက်ထပ်ပြီးတဲ့နောက် ကျွန်မတို့ ပုသိမ်ကိုရောက်သွားတာပဲ ကိုမင်းမောင် ... ”

“ဒါကြောင့် ကျွန်တော် ရန်ကုန်မှာ ရှာမတွေ့တာပဲ ... အိုင်အက်စ်စီ ဒုတိယနှစ်အောင်ပြီးတဲ့ နှစ်မှာပဲ ကျောက်ဆည်က ဖေဖေတို့ဆီစက် မီးလောင်တယ်လေ ... ဆီစက်တင်မကဘူး ဂိုဒေါင်ထဲမှာ လှောင်ထားတဲ့ နှမ်းအိတ်တွေ၊ မြေပဲအိတ်တွေ မီးထဲအကုန်ပါသွားတယ် ... မီးလောင်တာနဲ့ ကျွန်တော်တို့ တစ်ချီတည်းမွဲတာပဲ ... ဘာကြာလို့လဲ မီးလောင်ပြီး မွဲမွဲတေတေနဲ့ လေးလပဲ ကြာတယ် မေမေ ဆုံးသွားတယ် ... ”

“ဖြစ်မှဖြစ်ရလေ ... ဒါဆို ဒေါ်လေးဆုံးတာကြာပြီပေါ့ ... ဦးလေးကကော ... ”



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့မှာ နဂိုကတည်းက နှလုံးရောဂါရှိနေကာပဲ ... စက်မီးလောင်ပြီးမွဲသွားတော့ နှလုံးရောဂါသမား ကြွသွားတာပေါ့ ... အိမ်နဲ့ဝိုင်းကို နှစ်သောင်းခွဲနဲ့ ရောင်းပစ်လိုက်တယ်၊ ဖေဖေက ငါးထောင်ယူပြီး စစ်ကိုင်းဘက်ကူးသွားတယ် ... သာသနာ့ဘောင်ကို အပြတ်ဝင်လိုက်တယ် ... ကျွန်တော့်ကို ငွေနှစ်သောင်းပေးခဲ့တယ် ... ပညာဆက်သင်တဲ့"

"ဒါပေမဲ့ ... ကျွန်တော် ဆက်မတက်တော့ဘူး ... ငွေနှစ်သောင်းပိုက်ပြီး ကျောက်ဆည်က အပြီးထွက်ခဲ့တယ် ... မိုးကုတ်ကို ကျွန်တော်တက်သွားတယ် ... ဖြစ်ချင်ရာဖြစ် သူဌေးဖြစ်ချေးဖြစ် ကျောက်တူးတော့တာပဲ ..."

"အဲဒီမှာကျောက်အောင်ပြီး သူဌေးဖြစ်လာတယ်ဆိုပါတော့ ကိုမင်းမောင် ..."

"ဝေးပါသေးရဲ့ ... ကျောက်တူးတဲ့လုပ်ငန်းက လွယ်တာမှတ်လို့ ... ကံလုပ်ငန်းသက်သက်ပဲ ... ကျွန်တော်က အင်မတန်ကံခေတဲ့ကောင်ပဲ ... လေးလအတွင်းမှာ အညံ့ပန်းကျောက်ကလေးတွေသာရပြီး ... လူ့ဘွားစရိတ်နဲ့ ဘာနဲ့ ငွေနှစ်သောင်းပြုတ်သွားတယ်လေ ..."





"ဒီတော့ ..."

"ဒီတော့ဆိုရင် အဲဒီအချိန်မှာ မသူဇာနဲ့ တွေ့ကြတယ်ဆိုပါတော့ မညို ... မသူဇာရဲ့မိဘတွေကလည်း ကျောက်သမားတွေပဲ ... ကျွန်တော် ချွတ်ခြုံကျပြီး ငွေနှစ်သောင်းပြုတ်ပြီး မျောက်သစ်ကိုင်းလွတ် ဖြစ်နေတဲ့အချိန်မှာ မသူဇာတို့က သိန်းကျောက်တွေ အောင်သွားတယ် ... တစ်ချိတည်း ချမ်းသာသွားကြတယ် ... တိုတိုပြောရရင် မသူဇာရဲ့မိဘတွေက ကျွန်တော့်ကို သဘောကျနေကြတယ် ... ဘီအက်စ်(က)တန်းတက်နိုင်တဲ့ အရည်အချင်းရှိတယ် ... အလုပ်ကြိုးစားတယ် ... အသောက်အစား ကင်းတယ် ... ရိုးသားတယ် ... ကံမလိုက်လို့ ကုန်သွားပေမဲ့ ကျွန်တော့်ကို မသူဇာရဲ့မိဘတွေက လိုလားကြတယ် ... ဟဲ ဟဲ မညိုမိဘတွေက နယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်လွင်ကို သဘောကျတဲ့ အတိုင်းပဲပေါ့လေ ... မသူဇာနဲ့ ကျွန်တော်ကို ကမ်းလှမ်းပြီး တစ်လအတွင်းမှာ လက်ထပ်ပေးလိုက်ပါတယ်၊ နေ့ချင်းညချင်း ကျွန်တော်သူဌေးသမက် ဖြစ်သွားတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ကျောက်တူးတဲ့လုပ်ငန်းကို စိတ်မဝင်စားတော့ဘူး ... ဒါကြောင့် ရန်ကုန်ဆင်းပြီး ဆီစက်တည်တယ်၊ ဆန်စက်တည်တယ် ... မသူဇာရဲ့မိဘတွေက ဒီသမီးလေးတစ်ဦးတည်းရှိတော့ သူတို့ချမ်းသာသမျှ ကျွန်တော်တို့ကို ပုံပေးတယ် ... မသူဇာနဲ့ လက်ထပ်ပြီးမှ ကံလိုက်လာတယ်ဆိုရမလားဘဲ ... ဆန်စက်ဆီစက်က ကျွန်တော် အခုအခြေအနေ ရောက်လာတဲ့အထိ အကျိုးပေးခဲ့တာပဲ မညို ... "

"အဲ ... နောက်တစ်ခု ပြောပြဖို့ ကျန်သေးတာက ရန်ကုန်ရောက်ပြီးနောက်မှာ သက်ကြီးတက္ကသိုလ်ဆက်တက်တယ်၊ သိပ္ပံနဲ့တော့ မရဘူးပေါ့ ... ဒါကြောင့် ဝိဇ္ဇာတွဲပြောင်းယူရတယ် ... ဘီအေတွဲ့ရတဲ့အချိန်မှာ ကျွန်တော့်လုပ်ငန်းတွေကလည်း ဝင်ငွေကောင်းနေပြီလေ ... နောက် ဘီအယ်လ်ဆက်တက်တယ် ... အဲဒီတုန်းက ဂျပ်ဆင်မှာ ဘီအယ်လ်၊ ကလပ်(စ်)အတွက် မနက်ခုနစ်နာရီကနေ ကိုးနာရီ ပို့ချပေးတာကိုး ... အဲဒီတော့ မညိုနဲ့ ကျွန်တော် ခွဲခွာလိုက်ပြီး လေးငါးခြောက်နှစ်အတွင်းမှာပဲ မင်းမောင် ဘီအေ ဘီ





အယ်လ်ဖြစ်သွားတော့တာပေါ့ မညို ... "

ဒေါ်ညိုညိုလွင်က ဦးမင်းမောင်အားတက်သရော ပြောနေသည်ကို မဲ့ပြုံးလိုက်သည်။

"အခု ကိုမင်းမောင်ပြောသွားတဲ့ ကိုမင်းမောင်ရဲ့သမိုင်း ဟာ ကျွန်မအပေါ် ကိုယ်ရည်သွေးချင်လို့ တမင်ပြောနေတာ တော့ မဟုတ်တန်ကောင်းပါဘူးနော် ... "

"ဟဲ ... ဟဲ ... ဟဲ ... "

ဦးမင်းမောင်က သွားဖြူတန်းနှင့် သွားစွယ်တန်း နှစ်ချောင်းပေါ်လာသည်အထိ ရယ်လိုက်သည်။

ထို့နောက် ရယ်မောခြင်းကို တိခနဲပစ်ရပ်လိုက်ကာ မျက်နှာထားတည်တံ့သွားခဲ့ပါ၏။

အတည်အမာ မျက်နှာထားနှင့်ပင် ဦးမင်းမောင်၏ [illegible]က်များမှ ဒေါ်ညိုညိုလွင် တုန်လှုပ်စေသော မေးခွန်းတစ်ခုထွက် လာပါလေ၏။

"မညို နောက်ထပ်အိမ်ထောင်ပြုမယ်လို့ စဉ်းစားသလား ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"အို … မဟုတ်တာ … "

"လွယ်လွယ်မပြောပါနဲ့ မညို … မညိုရဲ့အသက်ဟာ အခု မှ လေးဆယ်ဝန်းကျင်ပဲ ရှိပါသေးတယ် … နောက်ပြီး မညို ရဲ့ အလှအပတွေက ဖျိုမြစ်နေဆဲပါ … ငယ်စဉ်တုန်းက သီးကင်းလေးလို လှခဲ့တဲ့ မညိုဟာ အခုလည်း သီးမှည့်လို ဝင်းဝင်းဝါဝါနဲ့ လှနေဆဲပါ … "

"ကိုမင်းမောင် ဘာတွေပြောနေတာလဲ … ဒီအချိန်မှာ ဒီ စကားမျိုးတွေ ပြောနေကြတာဟာ နားရှက်စရာကောင်း မနေဘူးလား … "

"ကျွန်တော့်သမိုင်းကို ပြောတဲ့နေရာမှာ မညိုအပေါ်ကိုယ် ရည်သွေးချင်တဲ့စိတ်မျိုး စိုးစဉ်းမျှ ကျွန်တော့်မှာ မရှိပါဘူး မညို … ကျွန်တော့်မှာ အဲဒီအရည်အချင်းတွေ ပြည့်စုံတဲ့ သဘောကို ရှင်းပြချင်တာပါ … ကျောက်ဆည်တုန်းက ဆယ်တန်းကျောင်းသားဘဝနဲ့ အရည်အချင်းတွေ မပြည့်စုံ လွန်းလို့ ကတ္တရာလမ်းဘေးက ထနောင်းပင်အောက်မှာ မေ့လဲကျန်ခဲ့ရင်း မညိုကို လွတ်ထွက်သွားခဲ့ရဘူးပါတယ်



အခုတစ်ခါ မညိုနဲ့ ကျွန်တော် ပြန်လည်ပြီး ဆုံစည်းရခြင်း ပါ … တကယ်လို့များ မညိုအနေနဲ့ အိမ်ထောင်သစ်ထူမယ် ဆိုရင် ကျွန်တော် နောက်မကျရအောင် ကျွန်တော့်အရည် အသွေးကို ဖော်ပြပြီး လျှောက်လွှာတင်ချင်တဲ့သဘောနဲ့ ကိုယ်ရည်ကိုယ်သွေးကို ပြောပြမိတာပါ … "

ဒေါ်ညိုညိုလွင်သည် သစ်ခွနှင့် သဇင်ရှိရာ စိုက်ပျိုး …ခြံသီသို့ ငေးကြည့်လိုက်မိသည်။ ယခု ဦးမင်းမောင် ပြောသော …စကားတွေကို သားစောညိုလွင် ကြားသွားနိုင်လောက်သလားဟူ …သော စိုးရိမ်စိတ်မျိုးနှင့် လှမ်းကြည့်မိခြင်း ဖြစ်ပါ၏။

"ကျွန်မ အခုလာတာဟာ အလည်လာတာပါ ကိုမင်းမောင်၊ အလည်လာတာတောင် ကျွန်မဆန္ဒ မပါပါဘူး … သားညို ညိုက ဒီအိမ်ကိုလည်ချင်လွန်းပြီး မာမီလိုက်ခဲ့မှဖြစ်မှာလို့ ခွတ်ပြောလွန်းလို့ လာလည်ရတဲ့သဘောပါ … "

"မညို ဆိုလိုတာက ကျွန်တော့်အနေနဲ့ ကြုံတုန်းကြုံခိုက်ဖွင့် ပြောတာလို့ ယူဆလိုက်သလား မညို … အဲဒီလို မယူဆ ပါနဲ့ … မညိုနဲ့ ကျွန်တော်က ငယ်စဉ်က မေတ္တာဟာ ဘယ်



ဓေတနာ ၁ ၀ ၁ ၀ ၄ ပ

www.burmeseclassic.com

www.burmeseclassic.com



လောက်ထုထည်ကြီးမားတယ်ဆိုတာ ကိုယ့်လိပ်ပြာ ကိုယ်အသိကြဆုံးပါ ... ဘုရားစူးစေ့ မညို ... ကျွန်တော့်ဇနီးမသူဇာ ဆုံးသွားတာတော့ ကြာပါပြီ ... မသူဇာ ဆုံးပြီးတဲ့နောက် နောက်ထပ်အိမ်ထောင်ပြုမယ်ဆိုတဲ့ စိတ်ကူးမျိုးလည်း ကျွန်တော် လုံးဝစိတ်မကူးတော့ပါဘူး ... ဒါပေမဲ့ပြီးခဲ့တဲ့နှစ်ထဲမှာ ဦးမောင်မောင်လွင် ဆုံးသွားတော့ မညိုကို ကျွန်တော် ပြန်ပြီးမျှော်လင့်မိပါတယ် ... ဒါပေမဲ့ မဖွယ်ရာဘူးပေါ့ ... လင်သေပြီးတာနဲ့ ... ကျွန်တော်က မညိုဆီဒိုင်းရနဲ့ ရောက်လာတယ်ဆိုရင် မဖွယ်ရာဖွဘူးပေါ့ ... ဒါကြောင့် ကျွန်တော် သန္နိဋ္ဌာန်တစ်ခု ချလိုက်တယ် ... မညိုရဲ့ ကုသိုလ်ကောင်းလမ်းက အိမ်ကြီးမှာ သွားပြီးတော့ တွေ့တဲ့အထိမျိုးတော့ မတွေ့ဘူး ... အချိန်ကြာချင် ကြာပါလေ့စေ တစ်နေရာရာမှာ မညိုနဲ့ အမှတ်မထင်တွေ့ကြပြီးမှ မညိုကို ကျွန်တော် ပြန်ပြီး ဆက်သွယ်မယ်လို့လေ ... ”

“အဲ ... ဗိုလ်ချုပ်ဈေးမှာ ပြန်တွေ့ကြတယ် ... ဗိုလ်ကြီးစောဖြူမင်္ဂလာပွဲမှာ တွေ့ကြပြန်တယ် ... အဲဒီလိုတွေ့ပြီး





တာနဲ့ မညိုရဲ့အိမ်ကို ကျွန်တော် ပြေးလာမလို့ပဲ ... ဒီအကြောင်းတွေ ဖွင့်ပြောဖို့ပါပဲ ... အဲဒီ အခြေအနေမှာပဲ သမီးမြခွာညိုနဲ့ စောညိုလွင်တို့ဟာ အကဲခတ်ရမဲ့အခြေအနေကို ထပ်ရောက်လာတယ် မညို ... ”

ရှည်လျားစွာပင် တစ်ချိန်က ကိုမောင်သည် သူချစ်ခဲ့မိရလေဘူးသော မညိုကို သူ့ဘဝအတွေ့ကြုံတိုင်ရိပ်များကို တစိမ့်စိမ့်ပြန်လည်မြင်ယောင်လာကာ ပြောကြားခဲ့မိပါလေသည်။

ဒေါ်ညိုညိုလွင်(ခေါ်)မညိုသည် မပွင့်တပွင့်လေးပဲပြုံးပါလေ၏။

“ဟုတ်တယ် ... ကိုမင်းမောင်”

ဒေါ်ညိုညိုလွင်သည် သူမ၏သားနှင့် မြခွာညိုအကြောင်း ဦးမင်းမောင်က ထည့်ပြောလာသည်နှင့် တစ်ချိန်လုံးရီဝေနေသော မျက်ဝန်းတို့သည် တစ်ချက်တည်း တောက်ပလာတော့သည်။

သူမသည် ဒေါ်ညိုညိုလွင်ဘဝကို မေ့ထားလိုက်ပစ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပစ္စုပ္ပန်သည် မေ့မရသော ကာလပဲဖြစ်လေသည် မဟုတ်ပါလား။ မညို စကားဆက်၏။

"သား ညိုညိုနဲ့ မြနွာညိုဟာ အကဲခတ်ရမဲ့အခြေအနေမျိုးရောက်နေတယ်... သားဟာ ဟိုတုန်းကလည်း မိန်းကလေးသူငယ်ချင်းတွေပါတွေ ထားတတ်ခဲ့ပါတယ် ... ဒါပေမဲ့ အကဲမရ မဖြစ်ခဲ့ဘူး ... အခု မြနွာညိုနဲ့ကျတော့ ကိုယ့်သားအကြောင်း ကိုယ်သိတယ် ကိုမင်းမောင် ... သားဟာ မူတော်တော်ပျက်နေတယ် ... "

"ကိုယ့်သမီးအကြောင်းလည်း ကိုယ်သိတယ် မညို ... မညိုရဲ့သားကမှ ဟိုတုန်းက မိန်းကလေးသူငယ်ချင်းတွေ ဘာတွေ ထားတယ်လို့ မညိုက ပြောနိုင်သေးတယ် ... ကျွန်တော့်သမီး မြနွာညိုဟာ အခုအချိန်အထိ ယောကျ်ားလေးသူငယ်ချင်းတောင် မထားသေးဘူး မညို ... တချို့ကောင်လေးတွေ အိမ်ကို ဖုန်းဆက်တာမျိုးတော့ ရှိတယ်ပေါ့ ... ဒါပေမဲ့ မြနွာညိုက အဲဒီကောင်လေးတွေနဲ့ ပြောစရာစကားမရှိဘူးတဲ့လေ ... အဲ မညိုရဲ့သား စောညိုလွင်နဲ့ကျတော့





မြနွာညိုရဲ့မျက်လုံးတွေ တောက်ပချင်လာတယ် ... လိုလိုလားလားပဲ စကားပြောချင်ပုံရတယ် ... မြနွာညို မူပျက်လာတယ်ပေါ့လေ ... "

"ဒါပေမဲ့ မြနွာညိုဟာ ဖအေကို သိပ်ချစ်ရှာတဲ့ ကလေးပဲ... ဖအေ စိတ်ဆင်းရဲမယ့်ကိစ္စမျိုးတို့ ... ဖအေရဲ့ သဘောနဲ့ ဆန့်ကျင်ဘက် ဖြစ်မှာမျိုးတို့ လုပ်မယ့်မိန်းကလေး မဟုတ်ပါဘူး ... "

ဦးမင်းမောင်က ပြုံးလိုက်ပါ၏။

"ကျွန်တော်လည်း မြနွာညိုကို ဒီလိုပဲ ယုံကြည်ထားပါတယ် မညို ... "

"ဒါဆိုရင် ... ဒါဖြင့် ... "

ဒေါ်ညိုညိုလွင်သည် စိတ်အားထက်သန်လွန်းသော ... ဖြင့် ပြောရာမှ စကားထစ်နေသေးသည်။

အတန်ငယ်အကြာမှပင် မပြောနိုင်သေးဘဲ တုံ့ဆိုင်း ... သေးသည်။

"ပြောပါ မညို ... စိတ်ထဲရှိတဲ့အတိုင်း ပြောပါ ... မညိုက



www.burmeseclassic.com

www.burmeseclassic.com



သားရှင်ပဲ … ယောက်ျားလေးရှင်ပဲ …”

“အို … တကယ်လို့ သားညီညိုက မြခွာညိုကို မေတ္တာ
နေပြီလို့ ဆိုလာရင် ကိုမင်းမောင်က မြခွာညိုနဲ့ သားညီညို
ကို သဘောမတူဘူးလို့ပဲ ပြောချလိုက်မှာ မဟုတ်လားဟင်”

“မညိုက ကျွန်တော် အဲဒီလို ပြောချလိုက်မယ်လို့ ဘာဖြ
လို့များ ထင်မြင်ယူဆထားပါသလဲ ခင်ဗျာ …”

ဒေါ်ညိုညိုလွင်က သက်ပြင်းချလိုက်သည်။

ပြီးမှ စကားပြန်၏။

“အခုအလှည့်က ကိုမင်းမောင်အလှည့်ရောက်နေပြီ မဟုတ်
လား … အခု ကိုမင်းမောင်က သမီးရှင်ဖြစ်နေပြီလေ …
တစ်ချိန်တုန်းက လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်မှာ သမီး
ရှင်တစ်ဦးရဲ့ မိဘတွေ တင်းမာမှု ခွဲထုတ်မှုကြောင့် ကိုမင်း
မောင်ရင်ထဲမှာ နာနာကျင်ကျင် ခံစားခဲ့ရဘူးတယ် မဟုတ်
လား … ရှင်းရှင်းပြောမယ် ကိုမင်းမောင် … အခု ကိုမင်း
မောင် လုပ်နေတဲ့ အရာတွေက အတိတ်ကြွေးဆပ်ချင်
ကလဲ့စားခေတ်ခင်းနေတာပဲ မဟုတ်လားဟင် …”





“မဟုတ်လားတွေ များလှချည်လား မညို … အခု မညိုရဲ့
မဟုတ်လားတွေကို ကျွန်တော် ဘာမှ နားမလည်ပါလား
ကဲ … ဆက်ပြောစမ်းပါဦး … ကျွန်တော်က ဘယ်လိုကလဲ့
စားခေတ်တွေ ခင်းချင်နေတယ်ဆိုတာ …”

“အို … ရှင်းရှင်းလေးပါ … သားအညိုက မြခွာညိုကို
သဘောကျနေတယ် … စီးပွားရေးတက္ကသိုလ်မှာ ကွင်း(န်)
ဖြစ်နေတဲ့ မြခွာညိုနဲ့ သားက ကိုမင်းမောင်နဲ့ ကျွန်မတို့
ဗိုလ်ချုပ်ဈေးမှာ မဆုံစည်းမိခင် အချိန်ကတည်းက မြင်ဖူး
တွေ့ဖူးပြီး သဘောကျနေရှာတယ် … ဒါပေမဲ့ ဖအေကို
သိပ်ချစ်ရှာတဲ့ မြခွာညိုဟာ ဖအေ့စကားတစ်ခွန်းဆိုရင်
ဗျာဒိတ်တော်လို့ မှတ်ယူပြီး တစ်သဝေမတိမ်းလိုက်နာတယ်၊
ဖအေက ယောက်ျားလေး သူငယ်ချင်းထားတာ မကြိုက်
ဘူး … မြခွာညိုက မထားဘူးထဲကပဲ … ဖအေက ကျောင်း
နောက်ချစ်သူထားတာမျိုး မလိုလားဘူး … မြခွာညိုက
ဘယ်ယောက်ျားလေးမှ အကပ်မခံဘူးထဲကပဲ … အဲဒီအခြေ
အနေမျိုးမှာ ဗိုလ်ကြီးဓာဖြူ မင်္ဂလာဆောင်ကို အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဗိုလ်ချုပ်ဈေးမှာ ကျွန်မရယ် … ကိုမင်းမောင်ရယ် သားအညိုရယ် … မြခွာညိုရယ် လေးပွင့်ဆိုင်တွေ့ဆုံလိုက်ကြတယ် … ”

“ဟုတ်တယ် … လေးပွင့်ဆိုင်တွေ့လိုက်ကြတာ အမှန်ပဲ အဲဒီတော့ ဘာဖြစ်သလဲ မညို … ”

“မိဘအချင်းချင်း ခင်မင်ရင်းနှီးတာကို အကြောင်းပြုပြီး … သားဟာ မြခွာညိုကို ချဉ်းကပ်နိုင်ဖို့ အခွင့်အရေးရသွားတယ် … ကိုမင်းမောင်ကလည်း သားညိုညိုကို လိုလားတဲ့ အရိပ်အရောင်တွေ လက်ခံတဲ့ အရိပ်အရောင်တွေ ပြတယ်”

“မှန်တယ် … ကျွန်တော်က မောင်စောညိုလွင်နဲ့ မြခွာညို ခင်မင်မှုကို ဟန့်တားမှု မပြုခဲ့ဘူး … ”

“ဒါပဲပေါ့ ကိုမင်းမောင် … အခု သားညိုညိုက မြခွာညိုကို တန်းတန်းစွဲ ဖြစ်နေပြီ … အဲဒီတော့မှ ကိုမင်းမောင်က မြခွာညိုကို အမိန့်ပေးမယ် မဟုတ်လား … ဒေါ်ညိုညိုလွင်ရဲ့သား စောညိုလွင်နဲ့ သဘောမတူနိုင်ဘူးလို့ … ”

“ကျွန်တော်က အဲဒီလို ဘာလို့ အမိန့်ပေးမှာတဲ့လဲ … ”





“သားညိုညို အသည်းကွဲအောင်လို့လေ … ကျော်ဘာဆည်က မာရီဆိုတဲ့ မိန်းမတစ်ယောက်က မွေးထုတ်ပေးတဲ့ သားစောညိုလွင် ဆိုတဲ့ချာတိတ် အသည်းကွဲအောင် သူ့ ရင်ထဲမှာ နာကျင်တဲ့ချစ်ဝေဒနာတွေ ခံစားရအောင်ပေါ့ … ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတုန်းက မညိုကြောင့် ကိုမင်းမောင် အသည်းကွဲခဲ့ရတယ် … ရင်ထဲမှာ နာနာကျင်ကျင် ခံစားရတယ် … ဒီအတွက် မညိုကမွေးတဲ့သားကို ရာဇဝင်ကြွေး အတိတ်ကြွေး ပြန်ဆပ်မယ်ဆိုတဲ့ ကလဲ့စားစာတ်ကို ကိုမင်းမောင် ခင်းလိုက်တာပဲ မဟုတ်လား”

“မဟုတ်လိုက်တာ မညိုရယ် … မညိုရဲ့အတွေးအခေါ်တွေက နုလှချည်လားဗျာ … ”



www.burmeseclassic.com

www.burmeseclassic.com



သစ်ခွတွေကတော့ ပွင့်သူပွင့်နေကြသည်။

သဇင်က မပွင့်တတ်သေး။

သစ်ခွကို စိုက်ပျိုးရာ၌ စနစ်တကျ စိုက်ပျိုးထားခြင်း ဖြစ်သည်။ လေးထောင့်စပ်စပ် တိုင်ထူထုပ်တန်း အခိုင်အမာတွေ ခင်းပြီး အိုးအသီးသီးကို ကြေးနန်းကြိုးချည်ကာ ထုပ်တန်းတွင် ချိတ်ဆွဲထားသည်မှာလည်း တစ်သီတစ်တန်းကြီး။

မြေပြင်တွင် သံတန်းခုံရှည်ကြီးတွေ တည်ဆောက်ကာ သံတန်းကြီးတစ်လျှောက် လေးဘက်လေးတန်တွင် ကြီးမားသော ပန်းအိုးကြီးတွေ တန်းစီစိုက်ထားသည်ကလည်း တမျှော်တခေါ်ကြီး။





၁၂ရာသီ အချိန်မရွေး ပွင့်တတ်သော သစ်ခွတစ်မျိုးဆီမှ အပြာလေးတွေ၊ ခရမ်းရောင်လေးတွေ၊ အဝါလေးတွေ စသည်ဖြင့် သစ်ခွမျိုးစုံ အရောင်မျိုးစုံတို့ ပွင့်နေကြလေပြီ။

လှလိုက်သည့်ဖြစ်ခြင်း။

သဇင်တွေကျတော့ ၇ပေ၊ ၈ပေခန့် တိုင်တွေ စီတန်းစိုက်ထားပြန်သည်။ တိုင်များတွင် အုန်းဆံကြိုးပွပွကို တစ်ရစ်ခြင်း တစ်ပတ်ခြင်း ရစ်ပတ်ပြီး တစ်ရစ်တိုင်း၏ ကြားပတ်လည်၌ သဇင်ဥတွေကို ညှပ်ထားသည်။

တစ်ခုကို ပင်အပ်လေးတစ်ချောင်းစီ စိုက်ထားသေးသည်။ ဒါမှ ရေပိုက်ဖြင့် ပက်ဖြန်းရေလောင်းရာတွင် သဇင်ဥလေးတွေ ရေဒဏ်ဖြင့် ပြုတ်မကျနိုင်အောင် ဖြစ်ပါ၏။

ယခုအခြေအနေတွင် သဇင်ဥလေးတွေသည် ပြုတ်ကျနိုင်တော့ပြီ။

အုန်းဆံတွင် အမြစ်တွယ်ရုံမက စိမ်းဖန့်သော အရွက်လေးတွေပင် ထိုးထိုးထောင်ထောင် ရှိနေကြလေပြီ။ ဆောင်းဦးမှာင် သူတို့ပွင့်ကြဖို့ အရှိန်ယူနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လ်က တကယ့်ကို စနစ်တကျစိုက်ထားတာပဲ နော် ... အန်ကယ်လ်ကို အံ့ဩရမလား ချီးမွမ်းရမလား တောင် မသိတော့ဘူး ... "

"ဘာလို့ ဖေဖေ့ကို အံ့ဩတာလဲ ... ချီးမွမ်းချင်တာလဲ ... ကိုစောညိုလွင်"

"ဩော် ... ပန်းတွေကိုသာ စနစ်တကျ တယုတယစိုက်ပြီး မင်းတို့ ပွင့်ချိန်ကျမှ ပွင့်လို့ စေစားနိုင်ရုံမကဘူး ... သူမွေး ထားတဲ့ သမီးလေး မြခွာညိုကိုလည်း ပွင့်ဆိုမှ ပွင့် ... မပွင့် နဲ့ဆို မပွင့်နဲ့လို့ စွမ်းဆောင်နိုင်တဲ့ အာနိသင်တွေ ရှိနေလို့ ပေါ့ ... "

မြခွာညိုသည် ခေါင်းငုံ့ထားမိသည်။

ဘာပြန်ပြောရမှန်းမသိ။

"မြခွာညို ... "

"ပြောပါ ... "

"မြခွာညိုကို ကိုယ်သိပ်ချစ်နေမိပြီ မြခွာညို ... "

"အဲဒါ ဟိုတစ်နေ့ကတည်းက ကိုစောညိုလွင် ပြောခဲ့တဲ့ စကားပဲ မဟုတ်လား ... "

"ဒါပေမဲ့ မြခွာညိုက ဘာမှအဖြေမပေးသေးဘူးလေ ... အဲဒီ အဖြေကိုပဲ ကိုယ် သိပ်လိုချင်နေမှန်း မြခွာညိုသိပါတယ်"

"ဖေဖေ ရှိသေးတယ်လေ ... "

"ချစ်တာက လူငယ်ချင်းပါ မြခွာညို ... "

"ဘယ်ဟုတ်မလဲ၊ ဖေဖေ့စိတ်ချမ်းသာမှာပေါ့"

စောညိုလွင်မှာ သက်ပြင်းချရပြန်၏။ သက်ပြင်းကို မှုတ်ထုတ်ရင်းကပင် စောညိုလွင်၏ခေါင်းထဲသို့ ဖျတ်ခနဲ ဆက် စပ်စပ်အကြောင်းအရာတစ်ခုဝင်ရောက်လာခဲ့သည်။

"မြခွာညို ... "

"ဟင် ... "

"အန်ကယ်(လ်)နဲ့မာမီတို့နှစ်ယောက်ကို မြခွာညိုဘယ်လို အကဲခတ်မိလဲဟင်"

"ဘာကိုဘယ်လိုအကဲခတ်မိရမှာလဲ ... "

"နေဦး မြခွာညို၊ ကိုယ်ပြောပြမယ် ... ပထမတော့ ကိုယ့် အာရုံတစ်ခုလုံးဟာ မြခွာညိုဆီမှာသာရောက်နေလို့



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်(လ်)နဲ့မာမီ့ကို အမှတ်တမဲ့ဖြစ်နေတယ်၊ အခု မြခွာညို့အနေနဲ့ အန်ကယ်(လ်)က ကျေနပ်မှုဖြစ်နိုင်မယ့် သဘောတွေ ပိုမိုပြီးထင်ရှားလာလို့ အန်ကယ်(လ်)ကို အတွေးနက်နက်နဲ့စဉ်းစားတော့ မာမီနဲ့အန်ကယ်(လ်)ဆက်ဆံရေးတွေကို ကိုယ်အကဲခတ်မိလာတယ်”

“ဘယ်လိုအကဲခတ်မိတာလဲ ကိုစောညိုလွင်”

“အန်ကယ်(လ်)နဲ့မာမီက မရိုးဘူး မြခွာညို”

သူတို့နှစ်ဦးအနီးတွင် ဆေးရောင်သုတ်ထားသော ခုံတန်းရှည်လေးတစ်ခုရှိနေခဲ့သည်။ ပန်းခြံတစ်ခြံလုံးတွင် ထိုကဲ့သို့သော ခုံကလေးတွေ ဟိုနေရာတစ်ခု၊ ဒီနေရာတစ်ခုရှိနေတတ်ပါ၏။

“ထိုင်စို့ မြခွာညို ... ကိုယ်အကဲခတ်မြင်တာတွေအားလုံး ပြောမယ် ... ”

နှစ်ဦးသားထိုင်ကြသည်။ ဘေးတိုက်ယှဉ်တွဲထိုင်ခြင်းမျိုးဖြစ်သည်။ မြခွာညိုက တစ်ထွာခန့်ကွာ၍ ထိုင်ပါ၏။

“ဖေဖေ့မှာ အဲဒီလိုစိတ်မျိုးမရှိဘူးထင်တယ် ... မေမေဆုံးသွားပြီး လေးငါးခြောက်လလောက်မှာပဲ ဖေဖေ့ကို နောက်





အိမ်ထောင်ပြုဖို့ တိုက်တွန်းတဲ့အပေါင်းအသင်းတွေ စပ်ပေးတဲ့အောင်သွယ်တွေ တစ်ပုံကြီးပဲ၊ ဖေဖေက ဆောင်းရီးပဲဗျာတဲ့၊ ဒီတစ်သက်မှာ ကျုပ်အတွက် နောက်အိမ်ထောင်ဆိုတာ ဘယ်တော့မှ ရှိမှာမဟုတ်ပါဘူးတဲ့၊ ဖေဖေက မြခွာညို့ကို သိပ်ငဲ့လို့ဖြစ်မှာပေါ့ ... ”

“နေဦး မြခွာညို ... မြခွာညို့ဖေဖေနောက်အိမ်ထောင်သစ်တစ်သက်လုံးမယူဘူးလို့ ကြွေးကြော်တာဟာ ကိုယ်တို့ဖေဖေ ဦးမောင်မောင်လွင် မဆုံးခင်ဖြစ်နိုင်တယ်”

“ဘာတွေပြောနေတာလဲ ကိုစောညိုလွင် ... ”

“အန်ကယ်(လ်)နဲ့မာမီဟာ မူလတန်းကတည်းက ငယ်သူငယ်ချင်းတွေလို့ပြောခဲ့တယ်နော် ... ကလေးဘဝကကွဲသွားတဲ့ သူငယ်ချင်းမျိုးမဟုတ်နိုင်ဘူး၊ ဗိုလ်ချုပ်ဈေးမှာ မြခွာညို့က အလှပြင်နေတုန်း ကိုယ်နဲ့မာမီရောက်လာပြီး မာမီက ကားပေါ်ကအရင်ဆင်းတော့ ဘောက်(စ်)ဝက်ဂွန်းကားကိုမှီပြီးရပ်နေတဲ့ အန်ကယ်(လ်)နဲ့ ပက်ပင်းကြီးသွားတိုးတယ်၊ ကိုယ်က ကိုယ့်ကားတံခါးမှန်တွေပိတ်နေတုန်း



www.burmeseclassic.com

နောက်လှည့်အကြည့်မှာ အန်ကယ်လ်နဲ့မာမီတွေ့လိုက်တာနဲ့ စိုက်ကြည့်နေပုံတွေ၊ သူတို့မျက်နှာအမူအရာတွေဟာ ဖြန်းခနဲဝမ်းသာသွားတာတွေ၊ ရယ်မလိုငိုမလိုတွေဖြစ်ပြီးမှ နှစ်ယောက်စလုံး မျက်နှာပိုးသတ်လိုက်တာတွေ ကိုယ်အားလုံးအစုမှ မျက်စိထဲပြန်မြင်မိတယ် ... ”

“ဟုတ်လား ... ”

“ဟုတ်တယ် ... သူတို့မရိုးဘူး ... မူလတန်းကလေးဘဝတည်းကကွဲသွားတာဆိုရင် တစ်ယောက်ကိုတစ်ယောက်ဘယ်မှတ်မိကြမလဲ၊ နောက်ပြီး သူတို့ကွဲသွားတာ အနှစ်နှစ်ဆယ်လောက်ရှိပြီလို့လည်း ပြောတယ်၊ နှုတ်ကြည့်စမ်း။ မြခွာညို့ရဲ့ဖေဖေအခု အသက်ဘယ်လောက်ရှိပြီလဲ ... ”

“လေးဆယ်သာသာလောက်ရှိပြီကိုစောညိုလွင် ... ”

“ကဲ ... လေးဆယ်ထဲက နှစ်ဆယ်နှုတ်ကြည့်ဦး အဲဒီတုန်းက အန်ကယ်(လ်)အသက်နှစ်ဆယ်ကျော်နေပြီ၊ မာမီအသက် အစုသုံးဆယ့်ကိုးရှိပြီ ... နှစ်ဆယ်နှုတ်ကြည့်ရင် အဲဒီတုန်းက မာမီ့အသက်ဆယ့်ကိုးနှစ်အရွယ် ... ဟုတ်ရဲ့လား





မြခွာညို ... ”

“အဲဒီအရွယ်လောက်ကွဲသွားကြတယ်ဆိုတော့ အပျိုလူပျို အရွယ်နော်၊ မူလတန်းကလေးဘဝကတည်းက ခင်မင်လာပြီး အသက်ဆယ့်ကိုးနှစ် နှစ်ဆယ်ကျမှကွဲသွားကြတာဆိုတော့ မာမီနဲ့အန်ကယ်(လ်)ဟာ အဲဒီတုန်းက ချစ်ဖူးကြိုက်ဖူးမယ်၊ ကိုယ့်အဖေဦးမောင်မောင်လွင်ဟာ မာမီ့ထက်အသက်ဆယ့်နှစ်နှစ်လောက်ပိုကြီးတယ်၊ တွက်ကြည့်ကြစို့ မြခွာညို၊ မာမီ့ထက် အသက်အများကြီးကြီးတဲ့ ဖေဖေဦးမောင်မောင်လွင်နဲ့လူကြီးတွေကပေးစားလို့အန်ကယ်(လ်)နဲ့မာမီ ကွဲသွားတာ လို့ စဉ်းစားရင်မရဘူးလား ... ”

“သိပ်ရတာပေါ့ ... ဟုတ်နိုင်လောက်တယ်ကိုစောညိုလွင်၊ ဖေဖေဟာ အန်တီနဲ့ ဗိုလ်ချုပ်ဈေးမှာတွေ့တဲ့အချိန်ကစပြီး မူပြောင်းသလိုပဲ၊ အရင်တုန်းကဆို မေမေရှိကတည်းက မင်္ဂလာဆောင်တွေဘာတွေကို ဖေဖေဘယ်တော့မှမသွားဘူး၊ အန်တီညိုနဲ့တွေ့တဲ့နေ့ကပဲ ဗိုလ်ကြီးစောဖြူရဲ့မင်္ဂလာဆောင်ကို ဖေဖေလိုက်မယ်ဆိုပြီး လိုက်လာတယ်၊ အန်တီ

www.burmeseclassic.com



ညိုလည်း ဒီမင်္ဂလာဆောင်ကိုလာမယ်မှန်းသိလို့ ဖေဖေ
လိုက်လာတာပဲဖြစ်ရမယ် ... ”

စဉ်းစားမိဟန်ဖြင့် မြနှာညိုသည် တွေးတွေးဆဆ
ပြောပါလေ၏။

“နောက်ဆက်တွဲဆက်ပြီးစဉ်းစားကြည့်ဦး မြနှာညို ...
အန်ကယ်(လ်)ဟာ ဘယ်ယောကျ်ားလေးနဲ့မှ မြနှာညို
အပေါင်းအသင်းလုပ်တာကိုမကြိုက်ခဲ့ဘူးမဟုတ်လား ...”

“အင်း ... ဟုတ်တယ် ... ကိုစောညိုလွင် ... ”

စောညိုလွင်က သူစဉ်းစားမိသမျှ ဆက်ပြောပြန်၏

“ကိုယ်နဲ့ကျတော့ ကိုယ်ဟာ မာမီ့သားဆိုပြီး မြနှာညိုနဲ့
အပေါင်းအသင်းဖြစ်တာကို လက်ခံတယ် ... တယ်လီဖုန်း
ပြောတာကိုလည်း မကန့်ကွက်ဘူး၊ အခုဆိုကြည့်ပါလား
မာမီနဲ့အန်ကယ်(လ်)နဲ့နှစ်ယောက်တည်း ခြံထဲစားပွဲဝိုင်းမှာ
ကျန်ခဲ့ပြီး ... မြနှာညိုကို သစ်ခွနဲ့သစ်ပင်တွေပြလိုက်ပါဦး
ကိုယ်နဲ့မြနှာညိုနှစ်ယောက်တည်း သွားခွင့်ပြုပေးလိုက်
သဘောပဲမဟုတ်လား မြနှာညို ... ”





မြနှာညိုသည် ခေါင်းမညိတ်ခေါင်းမခါဘဲ တွေတွေ
...ငေးလေးပင်ကြည့်မိကြည့်ရာသို့ ကြည့်နေမိသည်။

သို့သော် ...

ဖေဖေဦးမင်းမောင်အပြုအမူတို့သည် အန်တီညို၏
... ကိုစောညိုလွင်နှင့်ကျတော့ မကန့်ကွက်ရုံမက ဖေဖေကိုယ်
...အ လိုက်လျောနေသလားဟု မြနှာညိုစိတ်ထဲတွင် တွေးတော
...သာရတော့သည်။

“မြနှာညို ... ”

စောညိုလွင်ကခေါ်သည်။ မြနှာညိုပြန်မထူးမိ။

“အန်ကယ်(လ်)ဟာ မြနှာညိုနဲ့ ကိုယ့်ကိုသဘောတူတယ်လို့
ယူဆနိုင်တယ် မြနှာညို ... ဒါဆိုရင် မြနှာညိုအဖြေပေးတတ်
နှိုကောင်းပါပြီ ... ”

မြနှာညိုသည် ငြိမ်ငြိမ်လေးပင် ထိုင်နေမြဲထိုင်နေ
...

စောညိုလွင်အား မည်သို့သောအဖြေကိုမှမပေး
...သေး။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ဟုတ်ချင်မှဟုတ်မှာ ... "

"တခြား ဘယ်လိုဖြစ်နိုင်သေးလို့လဲ မြခွာညို"

"အန်တီညိုနဲ့ ဖေဖေက နှစ်ယောက်ထဲစကားပြောချင်လို့ ကိုစောညိုလွင်နဲ့ မြခွာညိုကို သစ်ခွခြံထဲပို့ထုတ်တာမျိုး ကော မဖြစ်နိုင်ဘူးလား ... "

"မာမီနဲ့နှစ်ယောက်တည်း ပြောချင်ပါတယ်ဆိုကတည်းက အခု မြခွာညိုနဲ့ကိုယ်ပြောတဲ့စကားမျိုးတွေပဲ သူတို့ပြော ကြမှာပေါ့မြခွာညို ... သူတို့လူကြီးအချင်းချင်း ပြေလည်မှ တော့ ကိုယ်နဲ့မြခွာညိုတို့ ဘာကန့်ကွက်စရာရှိတော့မှာတဲ့ လဲ ... မဟုတ်ဘူးလားဟင် ... "

စောညိုလွင်သည် မြခွာညို၏လက်ကလေးကို စကားပြောရင်းမှ မချင့်မရဲဖြစ်ကာ ကိုင်လိုက်မိပါ၏။

မြခွာညိုက ရှန်ဖယ်ခြင်းပြေလေသောအခါ မြခွာညိုပခုံးကိုသိုင်းဖက်ပြီး ...

ဖြေလိုက်စမ်းပါ မြခွာညို ... ကိုယ့်ကို မြခွာညိုချစ်ပါတယ် ဆိုလေ ... "





စောညိုလွင်က တုန်ယင်သောအသံဖြင့် ပြောရင်း သူ၏ပါးပြင်နှင့် မြခွာညို၏ပါးပြင်ကိုကပ်ထားလိုက်သည်။

အပျိုမလေး မြခွာညိုဝန်ခံခဲ့ပါပြီ။

စောညိုလွင်အား ကြည့်လိုက်သောအကြည့်တွေက ညှို့ရှိန်းမြမြ။

"ကိုစောညိုလွင်ကို မြခွာညိုချစ်ပါတယ် ... ဒါပေမဲ့ ခြွင်းချက် တော့ထားပေးပါ ကိုစောညိုလွင် ... "

"ဘာများဈေးဆစ်ဦးမလို့လဲ မြခွာညိုရဲ့ယ်"

"တကယ်လို့ပေါ့လေ ဖေဖေက ... ဖွမပြောကောင်းပြော ကောင်း ကိုစောညိုလွင်နဲ့ သဘောမတူဘူးဆိုရင်တော့"

"အိုး ... သဘောတူမှာသေချာပါတယ် ... ကိုယ်က အန်ကယ်(လ်)ရဲ့ မအေပေးလေးပဲဟာ ... "

မြခွာညိုနားမရှင်းဘဲမေးလိုက်မိသည်။

"ဘာရယ် ... ဘာမအေပေးလေးလဲ ... "

"ကိုယ့်မာမီတစ်ယောက်လုံးတောင် ကိုယ်က အန်ကယ် (လ်)ကိုပေးထားတာပဲ ... ဒီမအေပေးကိုမှ အန်ကယ်(လ်)



www.burmeseclassic.com

www.burmeseclassic.com



က မြခ္ခာညိုနဲ့သဘောမတူဘဲနေမှာတဲ့လား ... "

နှစ်ဦးသား ကြည်နူးစွာပင် ရယ်မောမိကြပါလေသည်၊ ဇော်ညိုလွင်၏ရင်ခွင်ထဲသို့ မြခ္ခာညိုလေး ရောက်သွားခဲ့ပါတော့၏။

သူတို့နှစ်ဦးအချစ်ကို နှလုံးသားထက်မှာရေးထိုးမိခဲ့ကြပြီ။





## အခန်း(၇)

"မညို အပယ္ဟအဆမှားနေပြီ ... မညိုရဲ့အတွေးအခေါ်တွေ နုနေလွန်းပါတယ်မညို ... "

"ဘာမှားတာလဲ ဘာနုတာလဲ ကိုမင်းမောင်"

ဦးမင်းမောဝ်သည် ကုလားထိုင်မှထရပ်လိုက်ပြီး ဒေါ်ညိုညိုလွင်ရှိရာ ကုလားထိုင်ဆီသို့ တစ်လှမ်းခြင်းရွေ့လျားလာပြီး ဒေါ်ညိုညိုလွင်၏ရှေ့တွင် မားမားကြီးရပ်လိုက်ပါတော့သည်။

"မညို ... "

ဒေါ်ညိုညိုလွင်က မော်ကြည့်သည်။

"ဟိုတုန်းလူငယ်ဘဝက ပြောသလိုပဲ ပြောပါရစေ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင် မညိုကိုတကယ်ချစ်တာပါ ... မညိုရဲ့ရင်ထဲနှလုံးသားထဲမှာလည်း ကိုမောင့်ကိုချစ်နေမှာပါပဲ မညို၊ ဟိုတုန်းကပြောဖူးပါတယ် ... မညိုရဲ့အချစ်ဟာ ကိုမောင့်ထက်တောင်သာသေးတယ်လို့လေ၊ ဒီမှာကြည့်စမ်းပါမညို"

ဒေါ်ညိုညိုလွင်က မော်ကြည့်နေဆဲပင်ဖြစ်ပါ၏။ ဦးမင်းမောင်သည် သူ၏ရှပ်အင်္ကျီအိတ်ထဲမှ မိန်းမကိုင်လက်ကိုင်ပဝါလေးတစ်ထည် ထုတ်ယူလိုက်သည်။

လက်ကိုင်ပဝါလေးမှာ ဟောင်းနွမ်းနေပြီဖြစ်သော်လည်း အကောင်းစား ပီရမစ်တံဆိပ်၊ အဖြူခံတွင် အနားပတ်လည် အပြာစင်းလေးတွေနှင့်ဖြစ်ပါ၏။ လေးဘက်ချိုးခေါက်ထားသည်လည်းဖြစ်သည်။

"မှတ်မိလား မညို ... ဒီလက်ကိုင်ပဝါလေးကို မှတ်မိသေးလား ... ဒါ မညိုရဲ့လက်ကိုင်ပဝါလေးလေ ကျောက်ဆည်အထက်တန်းကျောင်းမှာ မညိုရှစ်တန်းအောင်ပြီးကိုးတန်းတက်ခဲ့တုန်းက ပျော်ပွဲရွှင်ပွဲတွေလုပ်ခဲ့ကြတဲ့ပွဲကို မညိုဘယ်တော့မှမမေ့မှာမဟုတ်ပါဘူး၊ အဲဒီညက ကိုမောင်နဲ့မညိုရဲ့





အသည်းနှလုံးတွေပွင့်ထွက်ခဲ့ကြတယ်လေ၊ အရေးပိုင်ရဲ့သမီးသင်းသင်းဆွေနဲ့ ကိုမောင့်ကိုအထင်မှားပြီး ငိုခဲ့လို့ ကျခဲ့တဲ့ မညိုရဲ့မျက်ရည်တွေဟာ ဒီလက်ကိုင်ပဝါလေးထဲမှာရှိနေတယ် ...

နောက်ပြီး မညိုဒေါသမထိန်းနိုင်ဘဲ ကိုမောင့်ကို ကုတ်ခြစ်လို့ ကိုမောင့်ရဲ့ပါးမြင်က သွေးတွေကို ဒီလက်ကိုင်ပဝါနဲ့ပဲ မညိုကိုယ်တိုင်သုတ်ပေးခဲ့တယ်၊ ဒါလေးဟာ မှတ်တိုင်ပါ၊ ကိုမောင်နဲ့ မညိုတို့ရဲ့ တစ်သက်မပြိုကွဲနိုင်တဲ့ အချစ်မှတ်တိုင်ပါ ... မညိုရဲ့မျက်ရည်နဲ့ ကိုမောင့်ရဲ့သွေးတွေရောစပ်ပေးထားတဲ့ အချစ်မှတ်တိုင်လေးပါ"

ဦးမင်းမောင်သည် လေးဘက်လေးတန် ချိုးခေါက်ထားသော လက်ကိုင်ပဝါကိုတစ်ခေါက်ခြင်း၊ တစ်လွှာခြင်းပြန့်သွားအောင် ဖြေပြလိုက်ပါ၏။

ဟုတ်ပါ၏။

လက်ကိုင်ပဝါ၏အဖြူခံအောက်ပိုင်းမှာ နှစ်ပေါင်းကြာဆယ်ရှိသွား၍ပေလား၊ သို့မဟုတ် မညို၏မျက်ရည်တွေနှင့်စို၍



www.burmeseclassic.com

www.burmeseclassic.com



လားမသိ။ အဖြူရောင်မရှိတော့တဲ့ အောက်ခံဝါကြွင့်ကြွင့်လေးသာ ရှိနေတော့သည်။

ထင်ရှားသည်မှာ ...

ဖြူသလိုလို၊ ဝါကြွင့်ကြွင့်လိုလိုအောက်ခံတွင် ဟို နေရာတစ်ကွက် ဒီနေရာတစ်ကွက် နီညိုရောင်သန်းသော အကွက် နှစ်ကွက်သုံးကွက်တို့ပဲဖြစ်တော့သည်။

ဟို လွန်ခဲ့သော အနှစ်(၂၀)လောက်ကတော့ ဤ လက်ကိုင်ပဝါလေးတွင် စွန်းထင်းသောအကွက်တို့မှာ ကိုမောင်၏ ပါးပြင်ကို မညိုကုတ်ဖဲ့မိသဖြင့် ထွက်လာလေသော နီညိုရောင်သွေး စတို့ပဲဖြစ်ပါလေသည်။

နှစ်ပေါင်းကြာ၍ နီတာရဲသွေးစတို့မှာ နီညိုရောင် မှိုင်းသွားခဲ့ခြင်းဖြစ်ပေလိမ့်မည်။

ဒေါ်ညိုညိုလွင်သည် လက်ကိုင်ပဝါလေးကို ကြည့်ရင်း မျက်ရည်များရစ်ဝဲလာရပါလေ၏။

မော့ထားသောဦးခေါင်းကို ငုံ့ချလိုက်မိ၏။

"ဒီမှာကြည့်ပါဦးမညို ... သတင်းစာပို့တဲ့လူကရေးပေးလိုက် တဲ့ စာလေးလေ ..."





စာရွက်သည် နဂိုကအပြာရင့်ရင့်ဖြစ်ဟန်တူသော်လည်း ယခုမှ အရောင်ပြောင်းကာ ဖြူပြာပြာလေးဖြစ်နေလေပြီ။

"အို ... အဲဒါတွေ ဘာလို့ပြန်ပြီးပြနေရတာလဲ"

"ပြရမယ်မညို ... ပြရမယ် ... ကိုမောင်ဟာ မညိုကိုတစ်သက်လုံး မမေ့ခဲ့တဲ့အကြောင်းအရာ၊ တစ်သက်လုံးချစ်နေတဲ့အကြောင်းအရာ၊ မညိုရဲ့လက်ကိုင်ပဝါလေးနဲ့ စာလေးကို အမြတ်တနိုး တရိုတသေ ဒီအချိန်အထိ သိမ်းထားတာကို သက်သေဖြုမှတ်တမ်းတင်နေတာပဲ၊ တကယ်လို့သာ ဦးမောင်မောင်လွင်မဲရှိနေနေ၊ ဒါမှမဟုတ် မသူဇာပဲရှိနေနေ ဒီတစ်သက်မှာ ဒီစကားမျိုးကို မညိုဘယ်တော့မှမကြားရပါဘူး၊ ကိုမောင် စောင့်စည်းသွားမှာပါ ... အခုတော့ ဒီစကားတွေပြောနိုင်ဖို့ အခြေအနေတွေကပေးခဲ့ပြီလေ ..."

ခဏမျှစကားကိုရပ်ပြီး ကိုမောင်သည် မညိုကိုစိုက်ကြည့်ပါလေ၏။

"ကိုမောင့်အဖို့ ကာလဲ့စားချေချင်စိတ်ရှိတယ်မရှိဘူးဆိုတာ ဒီအချိန်အထိ မညိုကိုစွဲလမ်းပြီး လက်ရှိအခြေအနေမှာ သက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ချင်ပါတယ်ဆိုတာနဲ့ မညိုသဘောပေါက်လောက်ပါပြီ မညိုရဲ့သား ညိုညိုကို မြနွာညိုနဲ့ပတ်သက်ပြီး ကိုမောင် လိုက်လျှောတာဟာ မညိုကိုအခွင့်သာတဲ့နေ့ကျရင် ... ကိုမောင်နဲ့လက်ထပ်ပါလို့ ဖွင့်ပြောဖို့လိုက်လျှောတာပါ ... မညိုရဲ့သားမို့ သမီးမြနွာညိုနဲ့လိုက်လျှောထားတာပါ ... ကိုမောင်စဉ်းစားထားပါတယ် မညို၊ ကိုမောင်နဲ့မညိုတို့လူကြီးတွေ အရင်လက်ထပ်ပြီး မညိုရဲ့သား ဘွဲ့ရတဲ့အချိန်မှာ ကလေးတွေကိုလက်ထပ်ပေးကြဖို့လေ ... ”

“အို ... မဖြစ်နိုင်ဘူး ... လုံးဝမဖြစ်နိုင်ဘူး ... ”

အံ့သြစရာကောင်းလောက်အောင်ပင် ဒေါ်ညိုညိုလွင်သည် ခါးခါးသီးသီးငြင်းစကားဆိုရုံမက မဖြစ်နိုင်ဘူးလို့ပြောလိုက်သည့်အသံက တင်းမာမြင့်တက်နေခဲ့သည်။

ဦးမင်းမောင်သည် ဒေါ်ညိုညိုလွင်ကို တအံ့တသြငေးကြည့်နေပါတော့သည်။ ဦးမင်းမောင်သည် သူ၏ရင်ထဲတွင် တက်သက်စွဲလမ်းစွာ မညိုကိုချစ်နေမိသလို၊ မညိုလည်း သူ့အပေါ်တွင် ချစ်နေမည်မှာမလွဲဟု ယုံကြည်ထားမိသည်။





အခုတော့ ...

ဟင်း ... မညိုမှာ လင်ငုတ်တုတ်၊ မိမိမှာလည်း ဇနီးငုတ်တုတ်ရှိနေသေးပါလျှင် လူ့ကျင့်ဝတ်၊ လူ့သိက္ခာနှင့်လူတို့စောင့်စည်းအပ်သော အကျင့်သိက္ခာ စည်းကမ်းအရ မညိုကိုတွေ့ဆုံနိုင် ကြိုးစားခဲ့မည်မဟုတ်။

လက်ရှိအခြေအနေသည် အဘက်ဘက်သင့်လျော်နေသော အချိန်ကာလပဲဖြစ်သည်။ အခြေအနေပေးသည်ဆိုရပါမည်။

“ဦးမောင်မောင်လွင် ဆုံးပါးသွားသည်မှာ (၂)နှစ်ခန့်ရှိပြီ။ မသူဇာဆုံးပါးသွားသည်မှာလည်း (၁)နှစ်ကျော်လေပြီ။ ထို့ထက်ဆိုလျှင် ငယ်ရည်းစားမဆိုထားနှင့်ဦး အခြားသူတစ်ဦးဦးနှင့် အိမ်ထောင်သစ်ပြုသည်ကိုပင် ပတ်ဝန်းကျင်က ခွင့်လွှတ်နိုင်သောအတော်ပါ၏။ ထို့ထက်မှာမူ သူ့သားနှင့်သမီးကလည်း တစ်ဦးကိုတစ်ဦး မေတ္တာသက်ဝင်နေပုံရသည်။

ဒီထက်ပို၍ အဆင်ပြေစရာ ဘာကျန်သေးသနည်း။ ... ဆင်ပြေရမည်ဟုလည်း မညို ချစ်ခဲ့သော ချစ်ခြင်းမေတ္တာ အကိုင်း



www.burmeseclassic.com

အတာအရ ဦးမင်းမောင်ဟာ တထစ်ချ ယုံကြည်ပြီးသားဖြစ်ခဲ့ရသည်။

သို့ပါလျှက် ...

ယခုမညို့သည် ပြင်းပြင်းထန်ထန် ပြတ်ပြတ်တောက်တောက်ဖြင့် လုံးဝမဖြစ်နိုင်ဘူးလို့ ဘာဖြစ်၍များ ငြင်းပယ်ပါသနည်း။

"မဖြစ်နိုင်ဘူး ... လုံးဝမဖြစ်နိုင်ဘူး ဟုတ်လား မညို့ ... ဘာဖြစ်လို့ လုံးဝမဖြစ်နိုင်ဘူးဆိုတာ ကိုမောင်ဘာအချက်နဲ့မှ စဉ်းစားလို့မရဘူး ... လက်ရှိအခြေအနေဟာ အားလုံးဖြစ်နိုင်တာမှ တဖျစ်ဖျစ်မြည်အောင်ကို ဖြစ်နိုင်နေတယ်"

"ဪ ... ဟုတ်ပြီ ... မညို့ရဲ့ လုံးဝမဖြစ်နိုင်ဘူးဆိုတာကို ဒီတစ်ချက်ထဲနဲ့ တွေးလို့ရပါပြီး ... "

ဦးမင်းမောင်က ဒေါ်ညို့ညို့လွင်၏ရှေ့တည့်တည့်တွင် ဒူးဆစ်ကွေး၊ ဒူးထောက်ထိုင်လိုက်သည်။ ခယလို၍ ထိုင်ခြင်းမျိုးတော့မဟုတ်။

လုံးဝမဖြစ်နိုင်ဟု တင်းတင်းမာမာပြောချပြီးသည်





နှင့် ဒေါ်ညို့ညို့လွင်က ဦးမင်းမောင်ကို မော့မကြည့်တော့။

ထို့ကြောင့် အရပ်ရှည်သော ဦးမင်းမောင်က ဒူးဆစ်တွေးထိုင်ချသည်နှင့် ကုလားထိုင်တွင်ထိုင်နေသည့် ဒေါ်ညို့ညို့လွင်အား မျက်နှာချင်းဆိုင် ထိပ်တိုက်မြင်တွေ့ရန်ထိုင်ခြင်းမျိုးဖြစ်ပါလေသည်။

"နယ်ပိုင်ဝန်ထောက်မင်းကတော်ကစပြီး အရေးပိုင်မင်းကတော် နောက်အဆင့်တက်ပြန်တော့ ... အတွင်းဝန်မင်းကတော်ပေါ့ ... ဟုတ်လားမညို့ ... ခေတ်ပြောင်းလာတဲ့အလျှောက် နောက်ဆုံးမညို့ရဲ့လင်တော်မောင် ဦးမောင်မောင်လွင်ဟာ ညွှန်ကြားရေးမှူးချုပ်အထိဖြစ်ခဲ့တော့ မညို့ကလည်း ညွှန်မှူးချုပ်ကတော်ကြီးလေ၊ ဦးမောင်မောင်လွင်သေသွားပေမဲ့ အခုထိ မညို့ရဲ့နာမဝိသေသနက ညွှန်မှူးချုပ်ကတော်ဟောင်းလို့ပဲ တည်နေပါသေးတယ်၊ အဲဒီ အင်မတန်အရသာတွေ့ခဲ့တဲ့ 'ကတော်'ဆိုတဲ့ နာမဝိသေသနကြီးကို မညို့ မပစ်ပယ်နိုင်ဘူးမဟုတ်လား"

ဒေါ်ညို့ညို့လွင်သည် ဒူးထောက်ထိုင်ချပြီး စေ့စေ့

www.burmeseclassic.com



ကြည့်ကာ ဒေါနှင့် မောနှင့် ပြောနေသော ဦးမင်းမောင်ကို ပြန်လည်ကာ ငူငိုင်စွာပင်ကြည့်လိုက်သည်။

ခေါင်းငုံ့သွားခြင်းမရှိ၊ မျက်လုံးခြင်းလွှဲဖယ်သွားခြင်းမရှိ၊ ယင်းသို့ ပြန်ကြည့်ရင်းမှ ဒေါ်ညိုညိုလွင်၏ မျက်ဝန်းအိမ်ဝယ် မျက်ရည်များရစ်ဝဲနေတော့သည်။

"ဟင်း ... မင်းမောင်ကို လက်ထပ်လိုက်ရင် မင်းမောင်က ဝန်ထောက်လည်းမဖြစ်ခဲ့ဘူး၊ အရေးပိုင်လည်းမဖြစ်ခဲ့ဘူး၊ အတွင်းဝန်တွေ ညွှန်မှူးချုပ်တွေလည်း မဖြစ်ခဲ့ဘူး၊ မညို အတွက် မင်းမောင်ကတော်ပဲဖြစ်မယ်၊ ဂုဏ်မရှိဘူး၊ နောက်က နာမဝိသေသနတပ်ဖို့မရှိဘူး၊ ဒါကြောင့်မဟုတ်လားမညို၊ အခု မညိုက လက်ထပ်ဖို့မဖြစ်နိုင်ပါဘူး၊ ကိုမောင်ကို လက်မထပ်နိုင်ပါဘူးလို့ဆိုတာတွေဟာ ဒီအကြောင်းတစ်ချက်တည်းကြောင့်ပဲမဟုတ်လား ... "

"မဟုတ်ဘူး ကိုမောင် ... ကိုမောင်ပြောတာတွေ ဟုတ်ကို မဟုတ်ဘူးသိလား ... "

ဒေါ်ညိုညိုလွင်၏မျက်ဝန်းအိမ်တွင် ရစ်ဝဲခိုနေသော



မျက်ရည်တို့သည် လျှံကျလာပြီ။

ဒေါ်ညိုညိုလွင်၏ နုဖွတ်နေသောပါးပြင်ဆီသို့ မျက်ရည်ပေါက်ကလေးများ တစ်ပေါက်ပြီးတစ်ပေါက် စီးဆင်းလာရာမှ မျက်ရည်လမ်းကြောင်းကလေးပင်ဖြစ်လာခဲ့သည်။

"မညိုဘာကတော်ဘဝကိုမှ မမက်မောရိုးအမှန်ပါကိုမောင်၊ ကိုမောင်ပြောခဲ့သလိုပါပဲ မညိုအနေနဲ့လည်း ဦးမောင်မောင်လွင်နဲ့ မိဘတွေအတင်းပေးစားလို့ လက်ထပ်ခဲ့ပေမဲ့ ငယ်ကချစ် အနှစ်တစ်ရာပါ ... ကိုမောင့်ကိုမမေ့ပါဘူး ... ကိုမောင်ချစ်တာထက် မညိုက ပိုသေးတယ်လို့ ငယ်ငယ်ကပြောခဲ့တဲ့စကားဟာ အခုထက်ထိလည်းမှန်နေဆဲပါကိုမောင်၊ ဒါပေမဲ့ မဖြစ်ဘူး ကိုမောင်၊ ကိုမောင်နဲ့ မညိုတို့ အခုပြန်လည်ဆုံတွေ့ပြီး လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး ... "

"ဘာလို့မဖြစ်နိုင်ရမှာလဲ မညို ... "

ဦးမင်းမောင်သည် ဒေါ်ညိုညိုလွင်၏ပခုံးနှစ်ဖက်ကို ကိုင်ရင်း မချင့်မရဲပြန်လည်မေးခွန်းထုတ်လိုက်ပါ၏။

"တကယ်လို့သာ သားအညိုနဲ့ကိုမောင့်ရဲ့သမီး မြခွာညိုတို့

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာမပါရင် အခုလက်ရှိအခြေအနေမှာ မညိုသိပ်ချစ်တဲ့ ကိုမောင့်ကိုလက်ထပ်ဖို့ အသင့်ပါလို့ မညိုပြောချလိုက်ရုံပဲ ကိုမောင် ... အခုတော့ ကိုမောင်နဲ့မညိုလက်ထပ်တဲ့အထိ ရှေ့ကိုတိုးတာနဲ့ ကလေးတွေဖြစ်တဲ့ သားနဲ့မြခွာညိုက လည်း သူတို့ကို သဘောတူပေးစားဖို့ ပြောလာမှာသေချာ တယ်ကိုမောင် ... ”

“အဲဒါ ဘာခက်ခဲတဲ့ပုစ္ဆာတစ်ပုဒ်လဲမညို ... ”

ဦးမင်းမောင်သည် တရံရောအခါက မညို၏မျက်ရည်တွေနှင့် သူ၏ပါးပြင်မှ သွေးတွေရောစပ်လျှက်ရှိပါသည်ဆိုသည့် မညို၏ ဝိရမစ်လက်ကိုင်ပဝါလေးနှင့်ပင် ယခု ဒေါ်ညိုညိုလွင်၏ မျက်ရည်များကို သုတ်ပေးရပြန်တော့သည်။

“လူကြီးတွေ လက်ထပ်ကြသည့်ပေါ့ မညို ... အာ်ဒီနောက် မညိုရဲ့သား ဘွဲ့ရပြီးရင် သူတို့နှစ်ယောက်ကိုလည်း လက်ထပ်ပေးမယ်လို့ပြောလိုက်ရုံပေါ့ ... ဒါဟာ ဘယ်လိုတွက် တွက် စောညိုလွင်နဲ့ မခွာညိုအတွက် ထွက်လာမယ့်အခြေ မှန်ပဲမဟုတ်လား မညို ... ”





“ဟင့်အင်း ... အဲဒါ အဖြေမှန်မဟုတ်ဘူးကိုမောင် ... သူတို့ နှစ်ယောက်ကို ဘယ်လိုမှ ပေးစားလို့မဖြစ်ဘူး၊ လက်ထပ် ပေးလို့မဖြစ်ဘူး ... ”

“ဘာဖြစ်လို့လဲ မညိုရယ် ... ”

ဒေါ်ညိုညိုလွင်သည် ဦးမင်းမောင်၏မေးစေ့ကို [illegible]တယကိုင်ပြီး သူမမျက်နှာနှင့် တန်းနေအောင်မလိုက်ပါသေး

“နားထောင်ပါ ကိုမောင် ... မညိုရဲ့သား စောညိုလွင်ဟာ ဦးမောင်မောင်လွင်နဲ့ ရတဲ့သားမဟုတ်ဘူး၊ ဦးမောင်မောင် လွင်သွေးလုံးဝမဟုတ်ဘူး ... ”

“ဟင် ... မညို ... ဒါ ... ဒါဆိုရင်”

“ဟုတ်တယ် ကိုမောင် ... စောညိုလွင်ဟာ ကိုမောင်ရဲ့ သားသိလား၊ ဟောဒီဦးမင်းမောင်ကြီးရဲ့သား ... ကျောက် ဆည်မှာ နယ်ပိုင်ဝန်ထောက်ဦးမောင်မောင်လွင်နဲ့ ညှေ့ခံပွဲ ညတလေ ... ”

ဦးမင်းမောင် ချက်ချင်းသဘောပေါက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုညသည် ဦးမင်းမောင်တစ်သက်တွင်မမေ့မရသော ညဆ…ညပဲဖြစ်ပါလေသည်။

ထိုညသည် မညို၏အပျိုစင်ဘဝနှင့် မင်းမောင်၏ လူပျိုစစ်စစ်ဘဝကို စွန့်လွှတ်လိုက်ကြသော အင်မတန်အမှတ်တရ ဖြစ်ရသည့်ညပါလော။

"အို … မညိုရယ် ဝမ်းသာလိုက်တာ … စောညိုလွင်ဟာ ကိုမောင့်သားနော် … ဒါကြောင့် သွေးကစကားပြောထင် ရဲ့ မညို … ဒီကလေးကိုမြင်ကတည်းက ကိုမောင့်ရင်ထဲမှာ အလိုလိုချစ်နေမိတယ် … ဟုတ်တယ် အဆိုအတီးဝါသနာ ပါတာတွေဟာ ကိုမောင့်ဆီက ဗီဇတွေပါသွားတာပဲ …"

"အဲဒါပဲ ကိုမောင် … ဒါကြောင့် သားနဲ့မြခွာညိုကို မညို ဘယ်လိုမှပေးစားလို့မဖြစ်ဘူးလို့ပြောတာ … သူတို့နှ ယောက်ဟာမောင်နှမဖြစ်နေတယ်ကိုမောင်၊ လူမသိသူ မောင်နှမလေ၊ ဖအေတူမအေကွဲမောင်နှမအရင်းနဲ့ ဘာ သလဲ …"

ကလေးဆန်သည်ဟု အပြစ်တင်လိုက တင်ကြ





လက်သည်ဟု ကဲ့ရဲ့လိုကလည်း ကဲ့ရဲ့ပါ။ ဦးမင်းမောင်သည် ခေါ်ညိုညိုလွင်အား တင်းတင်းကျပ်ကျပ်ပင် သူ၏လက်နှစ်ဖက်ဖြင့် ဖက်ပြီး ပါးခြင်းကပ်ထားမိသည်။

အသက်အရွယ်အားဖြင့် သူတို့နှစ်ဦးအား အရွယ်လွန် ပြီဟုဆိုနိုင်ပါသည်။ သို့သော် သူတို့နှစ်ဦး၏မေတ္တာသည် အလွန် အင်း အရှိန်အဟုန်ကောင်းဆဲမှာပင် ဆီးတားရပ်တံခြင်းခံခဲ့ရပါ သည်။

ယခု အဆီးအတားတွေမရှိတော့ပြီမို့ အရှိန်အဟုန် ပြန်လည်စီးဆင်းရသော မေတ္တာရေတံခွန် မေတ္တာရေကြောင်း …ဖြစ်နေလေပြီ။

"မညို … မညို … ဒါဆို ဘာမှ စိတ်ထဲမှာသောကဖြစ်မနေ နဲ့တော့သိလား၊ စောညိုလွင်နဲ့ မြခွာညိုဟာ ဘယ်လိုမှ မောင်နှမ မတော်ဘူး … သွေးတစ်စက်တောင်မစပ်ကြဘူး၊ ဘာလို့လဲဆိုတော့ မြခွာညိုဟာလေ ကိုယ်နဲ့ရတဲ့သမီး တိုယ့်သမီးမဟုတ်ပါဘူးမညို …"

"ဟင် …"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညိုညိုလွင်က တအံ့အသြဖြင့် ဦးမင်းမောင်နှင့် ပါး‌ချင်းကပ်ထားရာမှ ခွာလိုက်သည်။ ပြီး ဦးမင်းမောင်ကိုမယုံသော အကြည့်ဖြင့် စေ့စေ့ကြည့်လေသည်။

"တကယ်ပြောတာလား ကိုမောင် ... မညိုစိတ်ချမ်းသာအောင် ပြောတာမျိုးတော့ မလုပ်နဲ့နော် ... "

"ကျမ်းကျိန်ပြောဆိုလည်း ပြောမယ်မညို၊ တကယ်တမ်း မောင်ညိုလွင်နဲ့ မြခွာညိုဟာ ဖအေတူမအေကွဲမောင်နှမ ဖြစ်နေရိုးမှန်ရင် ကိုမောင်ကိုယ်တိုင်ကလည်း မပေးစားပါဘူး။ ဘယ့်နှယ် ကိုယ်တို့အရွယ်လွန်နေတဲ့ မညိုနဲ့ကိုမောင် ‌ဆက်ထပ်ချင်တဲ့ ကိုယ်ကျိုးတစ်ခုနဲ့ ဘာမှမသိနားမလည်တဲ့ မောင်နှမတော်နေတဲ့ကလေးနှစ်ယောက်ကို ပေးစားမယ်ဆိုရင် ကိုယ်ဟာ တိရစ္ဆာန်တစ်ကောင်နဲ့ ဘာထူးတော့မလဲ ... "

"ဒါဖြင့် ဘယ်လိုဖြစ်ကုန်တာလဲ ကိုမောင် ... "

ဦးမင်းမောင်သည် ဒေါ်ညိုညိုလွင်ကို ရစ်ပတ်ထားရာမှ ရင်ခြင်းခွာလိုက်သည်။ ပြီးကုလားထိုင်ကိုဆွဲယူကာ ဒေါ်ညိုညိုလွင်နှင့်နီးနီးကပ်ကပ်စွာဘေးတိုက်ထားပြီး ထိုင်လိုက်သည်။





"ကိုမောင့်တစ်သက်နဲ့တစ်ကိုယ် ဘဝမှာ မြခွာညိုဟာ ကိုမောင်နဲ့ရတဲ့သမီးမဟုတ်ဘူးလို့ ထုတ်ပြောတာ ခုဟာ ပထမဆုံးပဲ မညို ... ဘာဖြစ်လို့လဲဆိုတော့ ကိုမောင်ကိုယ်တိုင်က မြခွာညိုကို သွေးမစပ်ပေမဲ့ သမီးလေးလိုသိုင် ချစ်နေလို့ပဲ ... မညိုကတိပေးပါ၊ ဒီအကြောင်းကို သမီးမြခွာညိုကိုပဲ ဖြစ်ဖြစ်၊ တခြားတစ်ယောက်ဘယ်သူ့ကိုပဲဖြစ်ဖြစ် ဖွင့်မပြောပါဘူးလို့၊ ဒီစကားပေါက်ကြားရင် မညိုတရားခံပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရင်ထဲမှာ တစ်သက်လုံးမြှုပ်ထားတဲ့ကိစ္စ တစ်ခုကို မညိုတစ်ယောက်တည်းသာ ဖွင့်ပြောပြမိလို့"

"ဘာလဲ ကိုမောင်အခု ကိုမောင်ပြောလိုက်တဲ့စကားတွေဟာ မညိုကိုအထင်သေးအမြင်သေးနဲ့ပြောတာလား"

"မဟုတ်ဘူးမညို ... အစိုးရိမ်လွန်တဲ့စိတ်နဲ့ပြောနေတာ"

"မစိုးရိမ်နဲ့ကိုမောင် ... စိတ်ချ မညိုသေတဲ့အထိ ဒီကိစ္စကို မညိုနှုတ်ဖျားက မထွက်စေရဘူးလို့ ကတိပေးတယ်၊ ကဲပါ၊ ဆက်ပြောပါ ... "

"ကိုမောင်ပြောခဲ့ပြီနော် မိုးကုတ်မှာ ကိုမောင်ကျောက်သွားတူးတဲ့အကြောင်း ... ဒါပေမဲ့ ကိုမောင်နဲ့မသူဇာရဲ့မိဘတွေ



www.burmeseclassic.com

တူးကြတာ တစ်တွင်းစီပါ ... ကိုယ့်တွင်းနဲ့ကိုယ်ပါ။ မသူဇာ တို့အဆင့်ကလည်း အဲဒီတုန်းက လုပ်လုပ်စားစားအဆင့် လောက်ပဲမညို၊ ဒါပေမဲ့ မသူဇာကတော့ သိပ်လှတဲ့မိန်း ကလေးတစ်ယောက်ဆိုပါတော့ ... သားစောညိုလွင်က မညိုနဲ့တူသလို မြခွာညိုကလည်း သူ့အမေမသူဇာနဲ့သွားတူ နေတယ် ... ”

“ထင်သားပဲ ... ဒါကြောင့် မြခွာညိုသိပ်လှတာ”

“မြခွာညိုအဖေရင်းကလည်း လူချောလူလှတစ်ယောက်ပဲ မညို၊ မသူဇာဟာ သူ့မိဘအလုပ်သမားအဆိုင်းထဲက အဲဒီ လူချောလူလှလေးနဲ့ လူငယ်ဘဝချစ်မိကြသတဲ့၊ ချစ်မိကြ တာမှ မဆင်မခြင်ချစ်လိုက်မိကြတာမညို၊ ကိုယ်နဲ့မသူဇာ လက်ထပ်တဲ့အချိန်မှာ မသူဇာရဲ့ဗိုက်ထဲမှာ မြခွာညို ကိုယ်ဝန် နှစ်လရှိနေပြီ ... ”

“နေပါဦး ... အဲဒါကို ကိုမောင်က မသူဇာနဲ့လက်မထပ်ခင် ကတည်းက သိနေတာလား ... ”

“ဒီလိုမညို ... စကားက အူပေါက်စကားဖြစ်နေတယ် ကိုမောင့်အစီအစဉ်အတိုင်း ပြန်ပြောမယ် ... အဲဒီ သူတို့





အလုပ်သမား လူချောလူလှလေးနဲ့ မသူဇာက လူငယ် သဘာဝအတိုင်း လွန်လွန်ကျူးကျူးဖြစ်လို့ မသူဇာမှာ ကိုယ်ဝန်နှစ်လရှိတဲ့အချိန်မှာပဲ သူတို့တွင်းပြိုတယ် ... တွင်း ပြိုတဲ့အချိန်မှာ အဲဒီမသူဇာရဲ့ချစ်သူဟာ တွင်းအောက် ရောက်နေချိန်နဲ့ကြုံပြီး တွင်းပိသေသွားတယ် ... ”

“Superstition လို့ခေါ်တဲ့ အယူသည်းမှုလား၊ ဒါမှမဟုတ် တကယ်ပဲဖြစ်စဉ်တစ်ခုလားတော့မသိဘူး မညို၊ မသူဇာရဲ့ ချစ်သူဟာ တွင်းမှာစတေးသလိုဖြစ်သွားတယ်၊ မညိုကြား ဖူးမှာပေါ့ ရှင်ဘုရင်တွေ ရေကန်တူးရေတွင်းတူး၊ တံတား ဆောက်လို့ မအောင်မြင်ဘူးဆိုရင် ဘာနေ့သား ဘာနေ့ သမီးကို စတေးမှ အောင်မြင်တယ်ဆိုတဲ့ပုံဝတ္ထုဆန်ဆန်တွေ ပေါ့ ... ”

ဒေါ်ညိုညိုလွင်က ဦးခေါင်းညိတ်ပြီး ထောက်ခံ လိုက်ပါသည်။

“အဲဒီသဘောပဲမညို ... မသူဇာရဲ့ချစ်သူ တွင်းပိသေဆုံး သင်္ဂြိုဟ်ပြီးတဲ့နောက် ဒီတွင်းကိုဆက်တူးတာ ငါးရက်အတွင်း မှာပဲ သိန်းကျောက်ကြီးတွေ ထွက်လာတာပဲ၊ မသူဇာကို



www.burmeseclassic.com

တချို့တည်း မိုးကုတ်မြို့ရဲ့သူဌေးစာရင်းဝင်တစ်ဦးဖြစ်သွားတယ် ...”

“ကံကောင်းလိုက်တာနော် ကိုမောင် ...”

“အင်းပေါ့ ... တစ်ဘက်က ကံကောင်းပေမဲ့ တစ်ဘက်က မကောင်းတာရှိနေပြန်ရော၊ မသူဇာအဖို့ တငိုငိုတရယ်ရယ်နဲ့ ဣန္ဒြေပျက်နေတာကို သူ့အမေက မေးတော့ သေသွားတဲ့ ကောင်လေးနဲ့ ကိုယ်ဝန်နှစ်လရှိနေတာကို သိသွားတယ်၊ အဲဒီအချိန်မှာ ကိုမောင် အရင်းပြုတ်လို့ တွင်းပိတ်ပြီး အလုပ်သမားခေါင်းကွဲပြီ၊ နဂိုကတည်းက မသူဇာရဲ့မိဘတွေက ကိုမောင့်ကိုသဘောကျနေတော့ အဲဒီမှာပင် မသူဇာနဲ့ လက်ထပ်ဖို့ စကားကမ်းလှမ်းတာပဲ မညို”

“မသူဇာရဲ့မိဘတွေက မသူဇာမှာ ကိုယ်ဝန်နှစ်လပါလာတဲ့ အကြောင်းကော ကိုမောင့်ကိုဖွင့်ပြောသေးလား”

“ဟင့်အင်း ဘယ်ပြောလိမ့်မလဲ မညို ... ရှင်းရှင်းပြောရရင် သူ့သမီးအရှက်ကို အချိန်မီကာကွယ်တာပဲဟာ”

“ဒီအကြောင်းတွေ ကိုမောင်က ဘယ်လိုသိသလဲ”

“မသူဇာကိုယ်တိုင်က ကိုမောင့်ကို လက်မထပ်ခင် ဖွင့်ပြောတာမညို၊ မသူဇာက ရိုးတယ်၊ မှန်တယ်၊ နောက်တစ်ချိန်ကျမှ ဟိုလူပြော ဒီလူပြောနဲ့ မရှင်းမလင်းတွေဖြစ်မယ့်အစား လက်မထပ်ခင်ကတည်းက ဒီအကြောင်းကိုဖွင့်ပြောမယ်ဆိုပြီး မသူဇာကဖွင့်ပြောတာပဲ ...”

“တူလိုက်တာ မညိုအဖြစ်နဲ့တူလိုက်တာ”

“ဟုတ်လား ... မညိုကရော ဦးမောင်မောင်လွင်ကို လက်မထပ်ခင် ဖွင့်ပြောသေးလား ...”

ဒေါ်ညိုညိုလွင်က ဦးခေါင်းလေးဖြည်းညင်းစွာညိတ်ပြလိုက်သည်။ ဒေါ်ညိုညိုလွင်၏မျက်နှာမှာ ရှက်စိတ်ဖြင့် ပန်းနုရောင်သန်းနေပါ၏။

“မညိုပြောတာက အကြောင်းနှစ်ခုပေါ်မှာမူတည်ပြောတာပါ ... မညိုမှာ ကိုယ်ဝန်ရှိနေပြီဆိုတာနဲ့ ဦးမောင်မောင်လွင်က စိတ်ပျက်သွားရင် ကိုမောင်နဲ့ပြန်တွေ့နိုင်တဲ့အချိန်တွေရနိုင်တယ်မဟုတ်လား ...”

“အို ... မညိုရယ် ... ကိုမောင့်အပေါ် ဒီလောက်အထိ အစွဲအလမ်းထားတယ်ဆိုတော့ ကိုမောင်ဝမ်းသာလိုက်တာ ...”

“နောက်တစ်ကြောင်းကတော့ အသိပေးထားပြီးဖြစ်ပါ







www.burmeseclassic.com

လျှက်နဲ့ ဒီကိစ္စပတ်သက်ပြီး မညိုကို ဦးမောင်မောင်လွင်က အပြစ်မပြောနိုင်အောင်ဘဲ၊ ဒါပေမဲ့ ဦးမောင်မောင်လွင်က နောက်မဆုတ်ဘူး၊ ဖွတ်လက်ထပ်တယ်ကိုမောင်၊ သူ့စိတ်ထဲမှာ မညိုဟာ သူ့ကိုလက်မထပ်ချင်လို့ ကိုယ်ဝန်ရှိတာလို့ ညာပြောတာလို့လည်း ထင်တယ်၊ တကယ်လို့ ရှိချင်လည်း ရှိပါလေ့စေ … မညိုကို သူကမက်မောစွဲလမ်းတယ်ဆိုတဲ့ သဘောနဲ့ လက်ထပ်တာပဲ၊ တကယ်တော့လည်း ဦးမောင်မောင်လွင်ဟာ မညိုကို ချစ်ရှာပါတယ်၊ သေသွားတဲ့အထိ ဦးမောင်မောင်လွင်ဟာ မညိုတို့သားအမိအတွက် လင်ကောင်းတစ်ယောက်၊ ဖအေကောင်းတစ်ယောက်ပါ”

“ဦးမောင်မောင်လွင်အတွက် ကိုမောင်လည်းစိတ်မကောင်းပါဘူးမညို … အဲ … ကိုမောင်နဲ့ မသူဇာကျတော့ တစ်မျိုးပဲ … ဦးမောင်မောင်လွင်နဲ့ ကိုမောင်မတူတာတွေရှိတယ်၊ ကိုမောင်နဲ့မသူဇာလက်ထပ်တဲ့အချိန်တုန်းက လောကကြီးမှာ စိတ်ဓာတ်အကျဆုံးလူတစ်ယောက်ကိုပြပါဆိုရင် … ကိုမောင်ဟာ ပထမဆုံးအပြခံရမယ့်အဆင့်ရောက်နေပြီ မညို၊ စဉ်းစားကြည့်လေ၊ ချစ်သူနဲ့ကွဲခဲ့တယ်၊ ဆီစက်မီးလောင်





တယ်၊ မေမေဆုံးတယ်၊ ဖေဖေစာနီးကြီးဝတ်သွားတယ်၊ ကျောက်တွင်းမှာအရင်းပြုတ်သွားတယ်၊ ဒီလောက်တွယ်တာရမယ့်ဘဝမှာ မသူဇာကို လက်ထပ်လိုက်တာ ဘဝသစ်တစ်ခုဖြစ်လာနိုင်တယ်ဆိုပြီး လက်ထပ်လိုက်တာပဲ”

“မသူဇာဟာ သနားစရာလေးနော်”

“ဒီလောက်လည်းမဟုတ်ဘူးမညို … မသူဇာဟာ မိဘအုပ်ထိန်းမှုညံ့လို့ စိတ်ကစားတဲ့ အပျိုအရွယ်မှာ လူချောလူလှအလုပ်သမားလေးနဲ့ မှားယွင်းသွားတဲ့သဘောပဲရှိတယ်၊ ကိုမောင်နဲ့မညိုလို မူလတန်းကတည်းက သံယောဇဉ်မျိုး ချစ်မေတ္တာမျိုး သူတို့မှာ ထုရယ်ထည်ရယ်ရှိပုံမရဘူး၊ ရည်းစားဖြုန်းခနဲသေပြီး ကိုယ့်မှာဗိုက်ကျန်ခဲ့လို့ အရှက်ကွဲတော့မယ်ဆိုပြီး သောကမျိုးက မသူဇာမှာပိုနေတယ်၊ ကိုမောင့်ကို သူ့ဘဝရဲ့ ကယ်တင်ရှင်၊ အရှက်ကာကွယ်ပေးသူလို့မြင်ပြီး မသူဇာဟာ ကိုမောင့်ကိုတော်တော်ခင်တွယ်ရှာပါတယ် … သူဟာ ဘန္ဓရမှက်ကြောင် ပထမရည်းစားနဲ့မှောက်မှားမိပေမဲ့ ကိုမောင်နဲ့လက်ထပ်ပြီးမှ အချစ်စစ်အချစ်မှန်ကို သူတွေ့တာလို့လည်း ပြောလေ့ရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … သူ့ရဲ့ကောင်းကြီး၊ ဒီမှာလည်း မညိုကိုလက်ထပ်ပါစိုလို့ပြောနေသေးတယ် … သေသွားတဲ့ ဇနီးကိုလည်း တမ်းတမ်းတတဖြစ်နေသေးတယ် … "

မိန်းမဆိုသည်မှာ ကြီးငယ်မဟူ မိန်းမသာဖြစ်တော့သည်။

အခုကိစ္စအဝဝရှင်းသွားပြီ။ စောညိုလွင်နှင့် မြခွာညိုသည်လည်း မောင်နှမမဟုတ်၊ သွေးတစ်စက်မျှမစပ်၊ လူကြီးချစ်သူတွေလက်ထပ်ပြီးလျှင် လူငယ်ချစ်သူတွေကို အချိန်သင့်လက်ထပ်ပေးဖို့ရှိတော့သည်။

ဒီကြားထဲက မညို၏ကိုမောင်သည် သေသွားသော ဇနီး မသူဇာ၏ချစ်မေတ္တာမှတ်ကျောက်အကြောင်းကို ထည့်ပြောလာသောအခါ ဒေါ်ညိုညိုလွင် အနည်းအပါးကျွမြီးတိုပါလေတော့၏။

ဦးမင်းမောင်သည် ဘေးတိုက်ယှဉ်ထိုင်နေသော အနေအထားမှ သူ၏လက်ကြီးတစ်ဖက်ကိုဆန့်ကာ ဒေါ်ညိုညိုလွင်၏ ဟိုဘက်ပခုံးဆီမှ ရင်ဘတ်ဆုပ်ကိုင်ရင်း သူ့ဘက်သို့လူချင်း ဖူးကပ်သည်အထိ ဆွဲယူလိုက်၏။





"သူ့ရဲ့ကောင်းကြီးမဟုတ်ပါဘူး မညိုရယ် … ကိုမောင်ဆိုလိုချင်တာက ချစ်တယ်ကြိုက်တယ်နဲ့ မသူဇာကို လက်ထပ်ခဲ့တာမဟုတ်တဲ့တိုင်အောင် မသူဇာဟာ သေသွားတဲ့အထိ ကိုမောင့်အနေနဲ့ လင်ဝတ္တရားမပျက်တာမို့ မသူဇာဟာ ကိုမောင့်ကို ရာသက်ပန်ကျေးဇူးတင်သွားတဲ့အကြောင်း ပြောပြတာပါ … ဒါလည်း မညိုက ဦးမောင်မောင်လွင်ဟာ သေသွားတဲ့အထိ မညိုတို့သားအမိအပေါ် ခင်မင်တွယ်တာရှာတယ်လို့ပြောလို့ ကိုမောင်က တန်ပြန်ပြောပြတဲ့သဘောပါ … မသူဇာကို တစ်ခါတလေ သတိရပေမယ့် တကယ့်ရာသက်ပန်အသည်းထဲနှလုံးထဲက တမ်းတခဲ့ရတာက မညိုပါ … "

ပခုံးခြင်းကပ်၍ ပါးခြင်းကပ်မိပြန်သည်။ မည်မျှကြာအောင် ပါးခြင်းကပ်ထားသည်မသိ။

သစ်ခွနှင့် သဇင်ခြံထဲမှ ထွက်လာကြသော စောညိုလွင်နှင့် မြခွာညိုတို့ကိုပင် မညိုနှင့် ကိုမောင်တို့ သတိမထားမိကြ။

သားနဲ့မာမီနဲ့ သမီးရဲ့ဖေဖေတို့ပါးခြင်းကပ် ပခုံးခြင်း



www.burmeseclassic.com

www.burmeseclassic.com



ထပ်နေသည်ကို နောက်ကျောဘက်မှတွေ့လိုက်ရသော စောညို လွင်သည် တန့်ခနဲရပ်ကာ မြခွာညိုကိုလှည့်ကြည့်လိုက်သည်။

မြခွာညိုကလည်း ဖေဖေက အန်တီညိုကို တအား ဖက်ထားသည်ကိုကြည့်ရင်း စောညိုလွင်ကိုပြန်ကြည့်ကာ လျှာနီ လေးထုတ်၍ တစ်လစ်လေးလုပ်ပြလိုက်သည်။

စောညိုလွင်က ရှေ့သို့ခြေလှမ်းမတိုးတော့၊ မြခွာညို ၏လက်ကလေးတစ်ဖက်ကိုဆွဲကာ သစ်ခွနှင့်သဇင်ခြံထဲသို့ ပြန်ဆွဲ ခေါ်သွားသည်။

ဆွဲခေါ်သွားရင်းက စောညိုလွင်၏နှုတ်မှ ဂါထာ မန္တန်ရွတ်သလို ရွတ်ဆိုသော စကားလုံးလေးတွေ ထွက်လာပါ၏

"ဝက်သားနဲ့ ပုန်းရည် ... ဝက်သားနဲ့ပုန်းရည်"

မြခွာညိုက ရပ်တန့်လိုက်သည်။

"ဘာတွေရွတ်နေတာလဲ ကိုလွင် ... "

"ဟား ... လောကကြီးမှာ ဘက်အညီဆုံးကို ရွတ်နေတာ မြခွာညို ... ဝက်သားနဲ့ပုန်းရည်ဟာ စားလို့သိပ်ကောင်း သိပ်ပြီးလိုက်ဖက်တာ ... "

"အဲဒါ ဘာဖြစ်လဲ ... "

"ဟိုမှာလေ မာမီနဲ့ အန်ကယ်(လ်)လည်း ဝက်သားနဲ့ ပုန်း ရည်ဖြစ်နေပြီ ... ဒါဆိုတော့ ကိုယ်နဲ့မြခွာညိုအဖို့လည်း ဝက် သားနဲ့ပုန်းရည်ဖြစ်ရမှာသေချာသွားပြီလေ ... ဟုတ်ဘူးလား မြခွာညို ... ခုနက မြခွာညိုပြောထားတဲ့ ဖေဖေသဘော မတူရင်ဆိုတဲ့ ခြွင်းချက်တွေဘာတွေမရှိတော့ဘူးနော်"

ဒီတစ်ခါတော့ ရဲရဲတင်းတင်းပင် စောညိုလွင်သည် ခွာညိုခန္ဓာကိုယ်လေးအားဖက်သိုင်းလိုက်ပါ၏။

ပြီး ... အားရှိပါးရှိပင် မြခွာညို၏တစ်ကိုယ်လုံးကို ချိုင်ထဲသွင်းကာ သူ၏နှုတ်ချွန်ချွန်ထက်ထက်လေးနှင့် မြခွာညို ပါးပြင်ပေါ်တွင် သနပ်ခါးသွေးသလို ရှေ့နောက်ဝဲယာလူးလိမ့်နေ သွားသည်။

ယခုအခါတော့ ...

မြခွာညိုကိုယ်တိုင်ကလည်း ရှန်းဖယ်ခြင်းမပြုဘဲ တော့ နမ်းပါစေလေဆိုပြီး ငြိမ်နေလိုက်တော့သည်။

ထိုစဉ်မှာပင် ...







www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ဆီမှ လှမ်းအော်လိုက်သော ဒေါ်ဒေါ်စု၏ အသံထွက်လာတော့သည်။

"ထမင်းပွဲ အဆင်သင့်ပဲဟေ့ ... ဝက်သားနဲ့ပုန်းရည်ဟင်း လည်း လုံလုံလောက်လောက်ရှိတယ်တဲ့ ... "

လိပ်ပြာလေးတွေသည် ဟိုမှသည်မှဝဲပျံနေခဲ့ကြသည်။ သို့တိုင် လိပ်ပြာလေးတွေဆိုတာ ဆုံရပ်တော့ရှိသည်။

လိပ်ပြာလေးတွေ ဆုံရပ်သည် နှလုံးဝတ်ရည်ပဲဖြစ်ပါလေတော့၏။

နာကြည်းမှု
တက္ကသိုလ်တင်မြင့်



www.burmeseclassic.com